# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# တတိယနေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၅ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၆ | မြဝတီမြို့နယ်၊ ရွှေကုက္ကိုတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC)က ခွင့်ပြုထားသည့် တရုတ် ရင်းနှီးမြှုပ်နှံမှုအခြေအနေကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၄ |
| ၇ | မြန်မာနိုင်ငံအပေါ် အပြည်ပြည်ဆိုင်ရာတရားရုံး၌ ဂမ်ဘီယာနိုင်ငံက တရားလိုပြုလုပ်၍ တရားစွဲဆိုမှု ကို ရင်ဆိုင်ဖြေရှင်းရာတွင် နိုင်ငံခြားရေး ဝန်ကြီးဌာန၊ နိုင်ငံခြားရေးဦးစီးဌာနမှ လုပ်အားအတွက် ကုန်ကျစရိတ်အဖြစ် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေ ေတောင်းခံသည့် လိုငွေကျပ်သန်း ၆၈၀ တောင်းခံရာတွင် ကျွမ်းကျင် ပညာရှင်ရှေ့နေများ ငှားရမ်းခြင်း၊ သီးသန့်တရားသူကြီးငှားရမ်း ခြင်း၊ ဥပဒေအကြံပေးများ ခန့်အပ်ခြင်းများအား တစ်ဦးချင်းစီအလိုက် မည်မျှကုန်ကျသည်ကို အသေးစိတ်ရှင်းလင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် ခရီးစရိတ်ကုန်ငွေနှင့် လေးလံပစ္စည်းသယ်ယူစရိတ် များအတွက် ကျပ် ၃၅၁.၆၀၀ သန်းကိုလည်း စနစ်တကျ အသေးစိတ်စိစစ်ရှင်းလင်းပေးရန် အစီအစဉ်ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့်မေးခွန်း | ၈ |
| ၈ | တန့်ယန်းမြို့နယ်၊ မန်ကတ်ကျေးရွာအုပ်စုအတွင်းရှိ မခီနူရွာ၊ မက်ခံရွာ၊ လွယ်လုံရွာ၊ ဟိုဆော့ရွာ၊ နားဆောင်ကျေးရွာများရှိ တောင်သူများ ဘိုးဘွားလက်ထက်မှစ၍ ခါးမဦးချစိုက်ပျိုးလုပ်ကိုင်လာ သော တောင်ယာ | ၁၄ |

စိုက်ခင်းများ သိမ်းဆည်းခံရမှုအား သက်ဆိုင်ရာမှ မည်သို့ဖြေရှင်းဆောင်ရွက်ပေးနိုင်မည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း

၉ စေတုတ္တရာမြို့နယ်၊ ကံကျေးရွာမှ ချင်းတိုင်းရင်းသား အိမ်ခြေ ၃၂ အိမ်နှင့်နှစ်ရှည်သီးနှံစိုက်ခင်းများ သည် ကပစ(၂၀) တပ်သိမ်းမြေတွင် ပါဝင်ခဲ့သည့်အတွက် မည်ကဲ့သို့တာဝန်ယူဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း ၁၇

၁၀ ဒေသခံပြည်သူများအနေဖြင့် ခေတ်သတ္တုကဏ္ဍ၌အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်ခြင်း အတွက် ခွင့်ပြုမိန့်လျှောက်ထားရာတွင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ လွယ်ကူအဆင်ပြေစေရန်မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း ၂၃

၁၁ ဝန်းသိုမြို့နယ်ရှိ သစ်အရောင်းစက် အမှတ်(၁၂၁) မြေနေရာအားဝန်းသိုမြို့ပိုင်မြေအဖြစ် စွန့်လွှတ် ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း ၂၇

၁၂ သစ်တောဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများအား ဌာန၏ တရားဝင်လူမှုကွန်ရက်စာမျက်နှာ (Facebook Page)မှတစ်ဆင့် တစ်မြို့နယ်ချင်းစီပွင့်လင်းမြင်သာစွာ အသိပေးဖော်ပြသွားရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း ၃၁

၁၃ ပြည်သူ့လွှတ်တော် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီက မြေအောက်ရေစီမံခန့်ခွဲမှုဥပဒေကြမ်းကို တင်သွင်းခြင်း ၃၄

၁၄ ပြည်သူ့လွှတ်တော် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီက တင်သွင်းသည့် မြေအောက်ရေ စီမံခန့်ခွဲမှုဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း ၆၀

၁၅ ဒေါ်အေးမြမြမျိုး၊ ကျောက်တန်းမဲဆန္ဒနယ်က တင်သွင်းသည့်စီးပွားရေးလုပ်ငန်းများ၏ လူမှုအကျိုးပြုလုပ်ငန်း(CSR) အကောင်အထည် ၆၀

ဖော်ရာတွင် တိကျသည့်မူဝါဒချမှတ်ပြီး ဒေသခံပြည်သူပါဝင်နိုင်သော နည်းလမ်းများဖြင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်ရန် အတွက် စီစဉ်ညွှန်ကြားပေးပါရန်နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များကဆွေးနွေးခြင်း

၁၆ ဒေါ်အေးမြမြမျိုး၊ ကျောက်တန်းမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း ၉၃

၁၇ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း ၉၈

# ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် (၁၇) ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# တတိယနေ့ အစီအစဉ်

# (၁၅-၇-၂၀၂၀) (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးစိန်ဗိုလ်၊ မြဝတီ မဲဆန္ဒနယ်၏ **မြဝတီမြို့နယ်၊ ရွှေကုက္ကိုတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) က ခွင့်ပြုထားသည့် တရုတ် ရင်းနှီးမြှုပ်နှံမှုအခြေအနေကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါက်တာဦးမောင်သင်း၊ မိတ္ထီလာ မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံအပေါ် အပြည်ပြည်ဆိုင်ရာတရားရုံး၌ ဂမ်ဘီယာနိုင်ငံက တရားလို ပြုလုပ်၍ တရားစွဲဆိုမှုကို ရင်ဆိုင်ဖြေရှင်းရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၊**

**နိုင်ငံခြားရေးရာဦးစီးဌာနမှ လုပ်အားအတွက် ကုန်ကျစရိတ်အဖြစ် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံသည့် လိုငွေ ကျပ်သန်း ၆၈၀ တောင်းခံရာတွင် ကျွမ်းကျင်ပညာရှင် ရှေ့နေများ ငှားရမ်းခြင်း၊ သီးသန့်တရားသူကြီး ငှားရမ်းခြင်း၊ ဥပဒေအကြံပေးများ ခန့်အပ်ခြင်းများ အား တစ်ဦးချင်းစီအလိုက် မည်မျှကုန်ကျသည်ကို အသေးစိတ်ရှင်းလင်း ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် ခရီးစရိတ်ကုန်ကျငွေနှင့် လေလံပစ္စည်းသယ်ယူ စရိတ်များအတွက် ကျပ် ၃၅၁ ဒသမ ၆၀၀ သန်းကိုလည်း စနစ်တကျ အသေးစိတ်စိစစ် ရှင်းလင်းပေးရန် အစီအစဉ်ရှိ၊ မရှိ** တို့နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးစိုင်းမောင်ပွင့်၊ တန့်ယန်း မဲဆန္ဒနယ်၏ **တန့်ယန်းမြို့နယ်၊ မန်ကတ် ကျေးရွာအုပ်စုအတွင်းရှိ မခီနူရွာ၊ မက်ခံရွာ၊ လွယ်လုံရွာ၊ ဟိုဆော့ရွာ၊ နားဆောင်ကျေးရွာများရှိတောင်သူများဘိုးဘွားလက်ထက်မှစ၍ ဓါးမဦးချ စိုက်ပျိုးလုပ်ကိုင်လာသော တောင်ယာစိုက်ခင်းများ သိမ်းဆည်းခံရမှုအား သက်ဆိုင်ရာမှ မည်သို့ဖြေရှင်းဆောင်ရွက်ပေးနိုင်မည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးကျော်အောင်လွင်၊ စေတုတ္တရာ မဲဆန္ဒနယ်၏ **စေတုတ္တရာမြို့နယ်၊ ကံကျေးရွာမှ ချင်းတိုင်းရင်းသား အိမ်ခြေ (၃၂) အိမ်နှင့် နှစ်ရှည်သီးနှံ စိုက်ခင်းများသည် ကပစ (၂၀) တပ်သိမ်းမြေတွင် ပါဝင်ခဲ့သည့်အတွက် မည်ကဲ့သို့တာဝန်ယူဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါက်တာဦးအောင်နိုင်၊ သပိတ်ကျင်း မဲဆန္ဒနယ်၏ **ဒေသခံပြည်သူများ**

**အနေဖြင့် ခါတ်သတ္တုကဏ္ဍ၌ အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်ခြင်းအတွက် ခွင့်ပြုမိန့်လျှောက်ထားရာတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ လွယ်ကူအဆင်ပြေစေရန် မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးနေစိုးအောင်၊ ဝန်းသို မဲဆန္ဒနယ်၏ **ဝန်းသိုမြို့နယ်ရှိ သစ်အရောင်းစက် အမှတ် (၁၂၁) မြေနေရာအား ဝန်းသိုမြို့ပိုင်မြေအဖြစ် စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးနေထက်ဝင်း၊ ဆင်ပေါင်ဝဲ မဲဆန္ဒနယ်၏ **သစ်တောဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများအား ဌာန၏ တရားဝင်လူမှုကွန်ရက် စာမျက်နှာ (Facebook Page) မှတစ်ဆင့် တစ်မြို့နယ်ချင်းစီ ပွင့်လင်းမြင်သာစွာ အသိပေးဖော်ပြသွားရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီက **“မြေအောက်ရေစီမံခန့်ခွဲမှု ဥပဒေကြမ်း”** ကို တင်သွင်းခြင်း၊

၇။ **“မြေအောက်ရေစီမံခန့်ခွဲမှု ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၈။ ပြည်သူ့လွှတ်တော်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီက တင်သွင်းသည့် **“မြေအောက်ရေစီမံခန့်ခွဲမှု ဥပဒေကြမ်း”** နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၉။ ဒေါ်အေးမြမြမျိုး၊ ကျောက်တန်း မဲဆန္ဒနယ်က တင်သွင်းသည့် **စီးပွားရေးလုပ်ငန်းများ၏ လူမှုအကျိုးပြုလုပ်ငန်း (CSR) အကောင်အထည်ဖော်ရာတွင် တိကျသည့်မူဝါဒချမှတ်ပြီး ဒေသခံပြည်သူပါဝင်နိုင်သော နည်းလမ်းများဖြင့် ပွင့်လင်းမြင်သာစွာဆောင်ရွက်နိုင်ရန်အတွက် စီစဉ်ညွှန်ကြားပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း** အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း-

(က) ဦးတင်ထွန်းနိုင်၊ ဆိပ်ကြီး/ ခနောင်တို မဲဆန္ဒနယ်၊

(ခ) ဦးမောင်မောင်၊ ထီးချိုင့် မဲဆန္ဒနယ်၊

(ဂ) ဦးဝင်းဝင်း၊ မင်းဘူး မဲဆန္ဒနယ်၊

(ဃ) ဦးညွန့်အောင်၊ မုံရွာ မဲဆန္ဒနယ်၊

(င) ဒေါက်တာဒေါ်ခင်စည်သူ၊ လှိုင်ကော် မဲဆန္ဒနယ်၊

(စ) ဦးစိုင်းဝင်းအေး(ခ) ဦးစိုင်းထွန်းအေး၊ မိုင်းရှူး မဲဆန္ဒနယ်၊

(ဆ) ဒေါက်တာဒေါ်ပြုံး၊ အင်းတော် မဲဆန္ဒနယ်၊

(ဇ) ဒေါက်တာဒေါ်အေဇင်လတ်၊ ရွှေဘို မဲဆန္ဒနယ်၊

(ဈ) ဒေါက်တာဒေါ်သက်သက်ခိုင်၊ ဒဂုံ မဲဆန္ဒနယ်၊

(ည) ဦးနေလင်းထွန်း၊ ဘုတ်ပြင်း မဲဆန္ဒနယ်၊

(ဋ) ဦးဦးလှစော၊ မြောက်ဦး မဲဆန္ဒနယ်၊

(ဌ) ဦးတင့်စိုး၊ ဖားကန့် မဲဆန္ဒနယ်၊

(ဍ) ဦးမျိုးဇော်အောင်၊ ကောလင်း မဲဆန္ဒနယ်၊

၁၀။ အဆိုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည် ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

## တတိယနေ့မှတ်တမ်း

**၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၁ ရက်**

**(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၅ ရက်)**

**(ဗုဒ္ဓဟူးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျား။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၀ ဦးရှိသည့်အနက် ၃၉၇ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်း ၉၂.၃၃ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်း နှင့်စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၃)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ ယခုအစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၀ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၉၇ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၁၇ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူကိုယ်စားလှယ်များကတော့-

(၁) သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ် ခွင့် တစ်ရက်၊

(၂) မိုင်းယန်းမဲဆန္ဒနယ်မှ ဦးစိုင်းဆမ် ခွင့် နှစ်ရက်၊

## မူကြမ်း

(၃) ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် တစ်ရက်၊

(၄) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် တစ်ရက်၊

(၅) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် တစ်ရက်၊

(၆) မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် ခွင့် ၁၃ ရက်၊

(၇) မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး ခွင့် တစ်ရက်၊

(၈) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး ခွင့် တစ်ရက်၊

(၉) ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း ခွင့် တစ်ရက်၊

(၁၀) သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး ခွင့် ၂၄ ရက်၊

(၁၁) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက် ခွင့် တစ်ရက်၊

(၁၂) ညောင်ဦးမဲဆန္ဒနယ်မှ ဦးစော ခွင့် တစ်ရက်၊

(၁၃) ပေါက်ခေါင်းမဲဆန္ဒနယ်မှ ဒေါ်နီနီဒွန်း ခွင့် တစ်ရက်၊

(၁၄) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်နိုင်ဝင်း ခွင့် တစ်ရက်၊

(၁၅) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးခင်မောင်ချို ခွင့် တစ်ရက်၊

(၁၆) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးမင်းဦး ခွင့် တစ်ရက်နှင့်

(၁၇) ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်(ခ) ဦးဇေယျာသော် ခွင့်တစ်ရက် တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၁၆ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၁၇ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၃၃ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ်ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၀ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၆ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၇ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၃၃ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို

လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါ့မယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်ကသဘောတူပါ သလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**မြဝတီမြို့နယ်၊ ရွှေကုက္ကိုတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC)က ခွင့်ပြုထားသည့် တရုတ် ရင်းနှီးမြှုပ်နှံမှုအခြေအနေကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မြဝတီမဲဆန္ဒနယ်မှ ဦးစိန်ဗိုလ် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိန်ဗိုလ်(မြဝတီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါခင်ဗျား။ ကျွန်တော် ကတော့ ကရင်ပြည်နယ်၊ မြဝတီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဗိုလ် ဖြစ်ပါ တယ်။ ယနေ့ ကျွန်တော်မေးမယ့်မေးခွန်းကတော့ မြဝတီခရိုင်၊ မြဝတီမြို့နယ်၊ ရွှေကုက္ကိုရွာတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC)က ခွင့်ပြုထားတဲ့ တရုတ်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကိစ္စကို မေးမြန်းမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရွှေကုက္ကိုဟာ မြဝတီမြို့မြောက်ဘက် ၁၅ မိုင်ခန့်အကွာ မြန်မာ-ထိုင်းနယ်စပ်မျဉ်းဖြစ်တဲ့ သောင်ရင်းမြစ်ကမ်းတွင် တည်ရှိသောရွာဖြစ်ပါတယ်။ ရွာဟု ဆိုသော်လည်း နယ်ခြားစောင့်တပ်(BGF)အခြေချသည့်နေရာဖြစ်သည့်အတွက် စနစ်တကျ အကွက်ချ တည်ဆောက်ထားသည်ဖြစ်ရာ မြို့တမျှစည်ကားပါတယ်။ ရွှေကုက္ကိုသို့ မဲဆန္ဒရှင်လူထုနဲ့ တွေ့ဆုံပွဲ များလုပ်ခဲ့သော်လည်း ယခင်က တရုတ်ဆောက်လုပ်ရေး၊ တည်ဆောက်ရေးလုပ်ငန်းများကို မတွေ့ခဲ့ ရပါဘူး။ ၂၀၁၉ ခုနှစ်ရောက်မှ တည်ဆောက်ရေးလုပ်ငန်းများကို တွေ့ရှိရပါတယ်။ Power Point ဖြင့် တင်ပြခွင့်ပြုပါ။ ဒါကတော့ ကျွန်တော်တို့ ရွှေကုက္ကိုမှာ တရုတ်တည်ဆောက်ရေး

လုပ်ငန်းနဲ့ပတ်သက် ပြီးတော့ သတင်းမီဒီယာများကဖော်ပြထားတဲ့ Website များ ဖြစ်ပါတယ်။ အဲဒီမှာဆိုရင် Chinese Crime Networks Partner with Myanmar Arm Group by Jason Tower & Priscilla A.Clapp ရေးသားတဲ့ဆောင်းပါးကို ရောဝတီသတင်းမှာ ဘာသာပြန် ဖော်ပြထားတာကိုလည်း တွေ့ရပါတယ်။ နောက်တစ်ခါ Bertil Lintner ၏ A Chinatown Mysteriously Emerges in backwoods Myanmar ဒါလည်း The Voice သတင်းစာမှာ ဘာသာပြန်ဖော်ပြထားတာ တွေ့ရပါတယ်။ နောက်တစ်ခါ ကရင်ပြည်နယ်ထဲက ရွှေကုက္ကိုအိမ်ရာစီမံကိန်းကို MIC ကခွင့်ပြုတယ်ဆိုတဲ့ အကြောင်းကိုတော့ ဘီဘီစီမြန်မာသတင်းမှာ ဖော်ပြတာကို တွေ့ရပါတယ်။ နောက်တစ်ခါ ရွှေကုက္ကို လျှို့ဝှက်တရုတ်မြို့တော်ဆိုပြီးတော့ မဇ္ဈိမသတင်းဌာနမှာလည်းပဲ ဆောင်းပါးရှင်ဦးဘတင်က ဖော်ပြ ထားတာကိုလည်း ကျွန်တော်တွေ့ရပါတယ်။ ဒါကတော့ မြဝတီခရိုင်၊ မြဝတီမြို့နယ်မြေပုံ ဖြစ်ပါ တယ်။ ဒါက အရှေ့ဘက်မှာ ထိုင်းနိုင်ငံ၊ သောင်ရင်းမြစ်က နယ်ခြားမြစ်အဖြစ် ပိုင်းခြားထားတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါကတော့ မြဝတီမြို့ရဲ့မြောက်ဘက်ပိုင်းပြတဲ့မြေပုံဖြစ်ပါတယ်။ ဒါက မြဝတီကနေပြီးတော့ ရွှေကုက္ကိုကို မြစ်ကြောင်းတစ်လျှောက်သွားနိုင်တယ်။ နောက် အနောက်ဘက် ဆိုလို့ရှိရင် သင်္ကန်းညီနောင်–ဇော့ရှမ်း၊ မဲပလဲ၊ ထီးချားရားကနေပြီးတော့ ကျွန်တော်တို့ ရွှေကုက္ကိုကို သွားနိုင်တဲ့လမ်း ဖြစ်ပါတယ်။ ဒါကတော့ မြဝတီကနေပြီးတော့ ရွှေကုက္ကိုကို သောင်ရင်းမြစ်ကမ်း တစ်လျှောက်မှာရှိတဲ့ ကျေးရွာများရဲ့မြေပုံပဲ ဖြစ်ပါတယ်။ ဒါကတော့ ရွှေကုက္ကိုအတွင်းမှာ အခု ဆောက်လက်စ အဆောက်အဦများ၊ တိုက်တာများ ဖြစ်ပါတယ်။ ဒါကတော့ သဲပုံရွာမှာ လက်မှတ် ရေးထိုးတဲ့အခမ်းအနားပဲ ဖြစ်ပါတယ်။ ဒါကတော့ တရုတ်လုံခြုံရေးတပ်ဖွဲ့တွေ စောင့်ကြပ်နေတာ ဖြစ်ပါတယ်။ ဒါကတော့ အခု ရွှေကုက္ကိုစီမံကိန်းထဲမှာ ပါလား/မပါလားတော့မသိဘူးပေါ့။ ရွှေကုက္ကိုကနေပြီးတော့ သဲပုံ–ထီးချားရားကွန်ကရစ်လမ်းမကြီး ဖောက်လုပ်ပြီးစီးပါပြီ။ ဒါကလည်း ရွှေကုက္ကို–သဲပုံကွန်ကရစ်လမ်းမကြီးပဲ ဖြစ်ပါတယ်။ ဒါကတော့ သဲပုံရွာ ဝမ်ခဟောင်း နဒီလင်းမြိုင် ရွာကို ကျောက်ချောလမ်းဖောက်လုပ်ပြီးစီးနေတာဖြစ်ပါတယ်။ ဒါကတော့ နဒီလင်းမြိုင်ရွာကနေပြီး တော့ မြဝတီမြို့ ရပ်ကွက်(၆)၊ ရပ်ကွက်(၇) ကျောက်ချောလမ်း ဖောက်လုပ်ပြီးစီးနေပါပြီ။ ဒီမှာ ကျွန်တော်တို့ မြဝတီရောက်ဖို့ဆိုရင် မဲပလဲချောင်းကူးတံတားပြီးလို့ရှိရင် မြဝတီကနေ ရွှေကုက္ကိုကို နာရီပိုင်းအတွင်း ကျွန်တော်တို့ ရောက်နိုင်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၃–၆–၂၀၁၉ ရက်နေ့ BBC News Website မှာ ရွှေကုက္ကိုအိမ်ရာစီမံကိန်း ကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC)က ခွင့်ပြုထားကြောင်း ဖော်ပြတာကိုတွေ့ရမှသာ

စီမံကိန်းအကြောင်းကို ကျွန်တော်တို့ စတင်သိရှိရပါတယ်။ (၁၃)ကြိမ်မြောက်လွှတ်တော် ပုံမှန် အစည်းအဝေးအပြီး လူထုတွေ့ဆုံပွဲတွင် တရုတ်တည်ဆောက်ရေးလုပ်ငန်းများနှင့် ၎င်းတို့၏စိုးရိမ်မှု များကို မဲဆန္ဒရှင်ပြည်သူများက တင်ပြလာတာရှိပါတယ်။ မြဝတီမြို့တွင်လည်း တရုတ်နှင့် ပြဿနာ အချို့ရှိတာကို တွေ့ရပါတယ်။ သတင်းမီဒီယာများတွင် ရေးသားဖော်ပြမှုများကတော့ စီမံကိန်း လုပ်ငန်းများဟာ အလွန်ကြီးမားများပြားတာကို တွေ့ရပါတယ်။ သို့ပါ၍ မြဝတီမြို့နယ် ရွှေကုက္ကိုတွင် တရုတ်ရင်းနှီးမြှုပ်နှံမှုကို MIC ကခွင့်ပြုထားမှု အသေးစိတ်အခြေအနေကို ပြည်သူများ သိရှိနိုင်ရန် သက်ဆိုင်ရာမှ ဖြေကြားပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါ တယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဗရတ်ဆင်း(ဒုတိယဝန်ကြီး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗရတ်ဆင်းက ကရင်ပြည်နယ်၊ မြဝတီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဗိုလ် မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်းအပေါ် ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါ သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် Myanmar Yatai International Holding Group Co.,Ltd. ကို ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ ကွင်းအမှတ်-OSS-၆၉(ဃ)၊ ရွှေကုက္ကို မြိုင်အပြင်ကွင်း ဦးပိုင်အမှတ်(၂) ပုလဲပူကျေးရွာအုပ်စုရှိ မြေဧရိယာ ၂၅.၅ ဧကအပေါ်မှာ အဆင့်မြင့်လူနေအိမ်ရာများ ဆောက်လုပ်ခြင်းနှင့် လုပ်ငန်း ဆောင်ရွက်ရန်အတွက် ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့က ခွင့်ပြုမိန့်အမှတ်(၀၉၉/၂၀၁၈)ဖြင့် လုပ်ကိုင်ခွင့်ပြုခဲ့ပါတယ်။ အဲဒီလုပ်ငန်းမှာ အစုရှယ်ယာဝင်များအနေဖြင့် မြန်မာနိုင်ငံမှ ဦးစောမင်းမင်းဦးက ၂၀ ရာခိုင်နှုန်း၊ ကမ္ဘောဒီးယားနိုင်ငံမှ Mr.Tang Kriang Kai က ၆၇.၈၈ ရာခိုင်နှုန်း၊ မလေးရှားနိုင်ငံမှ Mr. Lim Jun Jie က ၈.၁၈ ရာခိုင်နှုန်းနှင့် Mr.Chow Tiam Yu က ၄.၁၄ ရာခိုင်နှုန်း အသီးသီးထည့်ဝင်ထားကြပါတယ်။ ကုမ္ပဏီ၏မတည်ရင်းနှီးငွေရင်းပမာဏကတော့ အမေရိကန်ဒေါ်လာ ၂၂.၅ သန်းဖြစ်ပြီးတော့မှ ရင်းနှီးမြှုပ်နှံမှုသက်တမ်းကာလကတော့ နှစ်ပေါင်း

၃၀ ဖြစ်ပါတယ်။ မတည်ငွေရင်းပမာဏ ကျပ် ၃၅၉၇ သန်းနဲ့ အမေရိကန်ဒေါ်လာ ၆.၀၈ သန်း ထည့်ဝင် ထားပြီးဖြစ်ပါတယ်။ တည်ဆောက်ရေးကာလကတော့ ၂၀၁၈ ခုနှစ် ဇူလိုင်လ ၃၀ ရက်နေ့မှ ၂၀၂၁ ခုနှစ် ဇူလိုင်လ ၃၀ ရက်နေ့အထိ စုစုပေါင်း ၃၆ လ ဖြစ်ပါတယ်။

Myanmar Yatai International Holding Group Co.,Ltd အနေဖြင့် လုပ်ပိုင်ခွင့်ရရှိထားတဲ့ မြေ ၆၂ ကေအနက်မှ မြေ ၂၅.၅ ကေအပေါ်မှာ အဆင့်မြင့်လူနေအိမ်ရာများ ဆောက်လုပ်မယ့် စီမံကိန်းအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့ထံသို့ တင်ပြခဲ့ရာ ကရင်ပြည်နယ် အစိုးရအဖွဲ့က ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် ခွင့်ပြုပေးခဲ့ပါတယ်။ အဲဒီနောက် Myanmar Yatai International Holding Group Co.,Ltd က မြေကေ ၂၅.၅ ကေအပေါ်မှာ အဆင့်မြင့်လူနေ အိမ်ရာများဆောက်လုပ်ခြင်းလုပ်ငန်းအတွက် အဆိုပြုလွှာကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို တင်ပြခဲ့ပါတယ်။ ကော်မရှင်က မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေနဲ့အညီ စိစစ်ပြီးတော့ ကရင်ပြည်နယ်အစိုးရအဖွဲ့ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနတို့ထံမှ သဘောထားမှတ်ချက်များ တောင်းခံရယူခဲ့ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့မှာ လုပ်ငန်း ဆောင်ရွက်ရန် ခွင့်ပြုမိန့်ထုတ်ပေးခဲ့ပါတယ်။ စီမံကိန်းဆောင်ရွက်မှုအခြေအနေနှင့်စပ်လျဉ်းပြီး တော့ ကျွန်တော်တို့စိစစ်နိုင်ဖို့အတွက် ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့မှာ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ကို စေလွှတ်ခဲ့ပါတယ်။ အဲဒီအဖွဲ့မှာ ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ကရင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၊ အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီး ဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ အလုပ်သမား ညွှန်ကြားရေးမှူးဦးစီး ဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနနှင့် ကရင်ပြည်နယ် စည်ပင် သာယာရေးအဖွဲ့မှ တာဝန်ရှိသူများ လိုက်ပါဝင်ပြီးတော့ စိစစ်ခဲ့ပါတယ်။ အဲဒီလို စိစစ်တဲ့ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့အနေနဲ့ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့မှာ ကွင်းဆင်းစစ်ဆေးခဲ့ပြီးတော့ စီမံကိန်းရဲ့ ၃၀ ရာခိုင်နှုန်းကို စတင်တည်ဆောက်လျက်ရှိပြီး ပြည်တွင်းအလုပ်သမား ၃၄ ဦးနှင့် ပြည်ပအလုပ်သမားသုံးဦးခန့်အပ်ထားပြီးကြောင်း တွေ့ရှိခဲ့ရပါတယ်။ ရေဆိုးသန့်စင်မှုစက်ရုံ(Waste Water Treatment Plant)ကို တည်ဆောက်လျက်ရှိပြီး မြစ်ကမ်းထိန်းနံရံများတည်ဆောက်ရန် ဒီဇိုင်းရေးဆွဲကာ မြဝတီခရိုင် အုပ်ချုပ်ရေးမှူးမှတစ်ဆင့် နယ်ခြားကော်မတီအစည်းအဝေးကို

တင်ပြအတည်ပြုချက်ရယူရန် ဆောင်ရွက်လျက်ရှိကြောင်း စိစစ်တွေ့ရှိခဲ့ရပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းမှုနှင့်စပ်လျဉ်းပြီးတော့ Scoping Report for Environmental Impact Assessment–(EIA)ကိုလည်း ရေးဆွဲလျက်ရှိကြောင်း စိစစ်တွေ့ရှိခဲ့ရပါတယ်။ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့က အခွန်ကင်းလွတ်ခွင့်နဲ့တင်သွင်းထားတဲ့ ပစ္စည်းနှင့်စပ်လျဉ်းပြီး အသေးစိတ်စာရင်းထားရှိရန်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေ ၁၉၆၊ ၁၉၇ တို့အရ လုပ်ငန်းဆောင်ရွက်မှုများကို နှစ်စဉ်အစီရင်ခံစာနှင့် သုံးလပတ်အစီရင်ခံစာများ အစီရင်ခံတင်ပြသွားရန်နှင့် လုပ်ငန်းဆောင်ရွက်မှုများကို တည်ဆဲဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားရန် ကုမ္ပဏီကို မှာကြားခဲ့ပါတယ်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က Myanmar Yatai International Holding Group Co.,Ltd ကို Construction၊ Operation and Leasing of High–End Villas လုပ်ငန်း ဆောင်ရွက်ရန်အတွက် ခွင့်ပြုခဲ့တဲ့ ရွှေကုက္ကိုအိမ်ရာစီမံကိန်းဟာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ စိစစ်ခွင့်ပြုခဲ့ခြင်းဖြစ်ပါတယ်။ ထို့ကြောင့် ကုမ္ပဏီအနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၆၅ ပါ ရင်းနှီးမြှုပ်နှံ သူ၏ တာဝန်ဝတ္တရားများအပါအဝင် ဥပဒေအရ လိုက်နာရမည့် စည်းကမ်းချက်များကို ဆောင်ရွက် ရမှာဖြစ်ပြီး လိုက်နာရန် ပျက်ကွက်ခြင်း၊ ချိုးဖောက်ခြင်းနှင့် သွေဖည်ခြင်းတို့ကို စိစစ်တွေ့ရှိရပါက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါ တယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**မြန်မာနိုင်ငံအပေါ် အပြည်ပြည်ဆိုင်ရာတရားရုံး၌ ဂမ်ဘီယာနိုင်ငံက တရားလိုပြုလုပ်၍ တရားစွဲဆိုမှု ကို ရင်ဆိုင်ဖြေရှင်းရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဦးစီးဌာနမှ လုပ်အားအတွက် ကုန်ကျစရိတ်အဖြစ် ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံသည့် လိုငွေကျပ်သန်း ၆၈၀ တောင်းခံရာတွင် ကျွမ်းကျင် ပညာရှင်ရှေ့နေများ ငှားရမ်းခြင်း၊ သီးသန့်တရားသူကြီးငှားရမ်း ခြင်း၊ ဥပဒေအကြံပေးများ ခန့်အပ်ခြင်းများအား တစ်ဦးချင်းစီအလိုက် မည်မျှကုန်ကျသည်ကို အသေးစိတ်ရှင်းလင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် ခရီးစရိတ်ကုန်ငွေနှင့် လေးလံပစ္စည်းသယ်ယူစရိတ် များအတွက် ကျပ် ၃၅၁.၆၀၀ သန်းကိုလည်း စနစ်တကျ အသေးစိတ်စိစစ်ရှင်းလင်းပေးရန် အစီအစဉ်ရှိ/မရှိတို့နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**မူကြမ်း**

**ဒေါက်တာမောင်သင်း(မိတ္ထီလာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးရာဦးစီးဌာနမှ လုပ်အားအတွက် ကုန်ကျငွေအဖြစ် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေကျပ်သန်း ၆၈၀ တောင်းခံရာတွင် ကျွမ်းကျင်ပညာရှင်ရှေ့နေများငှားရမ်းခြင်း၊ သီးသန့်တရားသူကြီးငှားရမ်းခြင်း၊ ဥပဒေအကြံပေးများခန့်အပ်ခြင်းများအား တစ်ဦးချင်းစီအလိုက် မည်မျှကုန်ကျသည်ကို အသေးစိတ်ရှင်းလင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် ခရီးစရိတ်ကုန်ကျငွေနှင့် လေးလံပစ္စည်းသယ်ယူစရိတ်များအတွက် ၃၅၁.၆၀၀ သန်းကိုလည်း အသေးစိတ်ရှင်းလင်းပေးရန်အစီအစဉ်ရှိ/မရှိ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံအပေါ် အပြည်ပြည်ဆိုင်ရာတရားရုံး၌ ဂမ်ဘီယာနိုင်ငံက တရားလိုပြုလုပ်၍ တရားစွဲဆိုမှုကို ရင်ဆိုင်ဖြေရှင်းရာတွင် ကျွမ်းကျင်သည့်ပြင်ပပညာရှင်ရှေ့နေများ ငှားရမ်းခြင်း၊ မြန်မာဘက်မှ သီးသန့်တရားသူကြီးငှားရမ်းခြင်း၊ အကြံပေးပုဂ္ဂိုလ်များခန့်အပ်ခြင်း၊ အမှုကြားနာရင်ဆိုင်ရန်ပြင်ဆင်ခြင်း၊ ကိုယ်စားလှယ်အဖွဲ့ဝင်များဖွဲ့စည်းခြင်း၊ ကျွမ်းကျင်ပညာရှင်များ ငှားရမ်းခြင်းနှင့် အကြံပေး၊ ဥပဒေအကြံဉာဏ်ရယူခြင်း၊ ပြည်တွင်း၊ ပြည်ပညှိနှိုင်းအစည်းအဝေးများ ကျင်းပခြင်းစသည့်ကုန်ကျစရိတ်၊ အသုံးစရိတ်များအတွက် လိုငွေကျပ်သန်း ၆၈၀ အား နိုင်ငံခြားရေး ဝန်ကြီးဌာန ဖြည့်စွက်ခွင့်ပြုငွေဖြင့် တောင်းခံထားခြင်းဖြစ်ကြောင်း တောင်းခံသည့်စာရင်းတွင် ဖော်ပြထားပါသည်။ ထို့အတူ တရားစွဲဆိုမှုကို ရင်ဆိုင်ဖြေရှင်းရန်အတွက် နိုင်ငံတော်အကြီးအကဲများ နှင့် အဆင့်မြင့်ကိုယ်စားလှယ်များ၊ နယ်သာလန်နိုင်ငံ The Hague မြို့သို့ ရွှေ့ပြောင်းကြိုတင်ရောက်ရှိ နေရခြင်း၊ အပြည်ပြည်ဆိုင်ရာတရားရုံးသို့ရောက်ရှိစဉ် ကိုယ်စားလှယ်အဖွဲ့များနှင့်အတူ ပူးပေါင်း ဆောင်ရွက်ကူညီပေးရန် မြန်မာသံရုံး၊ Brussels မြို့မှ သံအမတ်ကြီးနှင့် အရာထမ်းများ၊ နယ်သာလန်နိုင်ငံ The Hague မြို့သို့ ရောက်ရှိရခြင်း၊ ထို့အတူ မြန်မာနိုင်ငံရှိ ဝန်ကြီးဌာနအသီးသီးမှ နိုင်ငံခြားသို့ အစည်းအဝေးတက်ရောက်ခြင်းမရှိသည့် ဝန်ထမ်းများကိုယ်စား သက်ဆိုင်ရာသံရုံးများမှ ကိုယ်စားလှယ်များက သွားရောက်တက်ရောက်ရခြင်းကြောင့် နှစ်စဉ်ပေးချေရသည့် ခရီးစရိတ် ကုန်ကျငွေများနှင့် လေးလံပစ္စည်းသယ်ယူစရိတ် ကုန်ကျငွေနှုန်းထားများ မြင့်မားလာခြင်း၊ သံအမတ်ကြီးများ ပူးတွဲတာဝန်ထမ်းဆောင်ရသောနိုင်ငံများတွင် သံအမတ်ခန့်အပ်လွှာ သွားရောက် ပေးအပ်ရခြင်းများ၊ နိုင်ငံအချင်းချင်း ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရခြင်းများအတွက် ကုန်ကျသည့်

ခရီးစရိတ်ငွေနှင့် လေးလံပစ္စည်းသယ်ယူစရိတ်များအတွက် ကျပ် ၃၅၁.၆၀၀ သန်းကိုလည်း ဖြည့်စွက်တောင်းခံထားကြောင်း ဝန်ကြီးဌာနက တင်ပြထားတဲ့စာရင်းမှာ ဖော်ပြထားပါတယ်။

ယင်းကိစ္စနှင့်ပတ်သက်၍ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဥ္စမနေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းသွားခဲ့ပါတယ်။ ရှင်းလင်းရာတွင် ဝန်ကြီးဌာနအနေနဲ့ ကျွမ်းကျင်ပညာရှင်ရှေ့နေများငှားရမ်းခြင်း၊ သီးသန့်တရားသူကြီးငှားရမ်းခြင်း၊ ဥပဒေအကြံပေးများခန့်အပ်ခြင်းစသည်တို့အား တစ်ဦးချင်းစီအလိုက် မည်မျှကုန်ကျသည်ကို အသေးစိတ်ရှင်းလင်းသွားခြင်းမရှိပါ။ ခရီးစရိတ်ကုန်ကျငွေနှင့် လေးလံပစ္စည်းသယ်ယူစရိတ်ကိုလည်း အသေးစိတ်ရှင်းလင်းသွားခြင်းမရှိခဲ့ပါ။ ထို့ကြောင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးရာဦးစီးဌာနမှ လုပ်အားအတွက်ကုန်ကျငွေတောင်းခံသည့် ကျပ်သန်း ၆၈၀ တောင်းခံရာတွင် ကျွမ်းကျင်ပညာရှင်ရှေ့နေငှားရမ်းခ မည်မျှ၊ သီးသန့်တရားသူကြီးငှားရမ်းခ ဘယ်လောက်၊ ဥပဒေအကြံပေးခန့်အပ်ထားခြင်း တစ်ဦးချင်းစီအတွက် မည်ရွေ့မည်မျှကုန်ကျသည်ကို အသေးစိတ်သိရှိလိုခြင်းနှင့် ခရီးစရိတ်ကုန်ကျငွေနှင့် လေးလံပစ္စည်းသယ်ယူစရိတ်တို့အတွက်လည်း ကျပ် ၃၅၁.၆၀၀ သန်းကိုလည်း ပြည်သူများသို့ အသေးစိတ်ရှင်းပြရန်လိုအပ်သောကြောင့် ဤမေးခွန်းအား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နိုင်ငံခြားရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်တင်(ပြည်ထောင်စုဝန်ကြီး၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံးကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြစေရန် ဦးစွာပထမဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်းရဲ့မေးခွန်းဖြစ်တဲ့ မြန်မာနိုင်ငံအပေါ် အပြည်ပြည်ဆိုင်ရာတရားရုံးမှာ ဂမ်ဘီယာနိုင်ငံက တရားစွဲဆိုမှုကိုဖြေရှင်းရာမှာ နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့လုပ်အားခအတွက် ကုန်ကျစရိတ်အဖြစ် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်ဖြည့်စွက်ခွင့်ပြုငွေအဖြစ် လိုငွေကျပ်သန်း ၆၈၀ တောင်းခံရာမှာ ကျွမ်းကျင်ပညာရှင်ရှေ့နေများငှားရမ်းခြင်း၊ ဥပဒေအကြံပေးများ ခန့်အပ်ခြင်းနှင့် တစ်ဦးချင်းစီအလိုက် မည်မျှကုန်ကျသည်ကို အသေးစိတ်ရှင်းလင်းပေးရန်နှင့် ခရီးစရိတ်ကုန်ကျငွေ

နှင့် လေးလံပစ္စည်းသယ်ယူစရိတ်များအတွက် ကျပ် ၃၅၁.၆၀၀ သန်းကိုလည်း စနစ်တကျအသေးစိတ် စိစစ်ရှင်းလင်းတင်ပြပေးရန် အစီအစဉ်ရှိ/မရှိ သိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းအပေါ် နိုင်ငံခြားရေး ဝန်ကြီးဌာနရဲ့ကိုယ်စား ပြန်လည်ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

ပထမအချက်ဖြစ်တဲ့ ICJ မှာ တရားရင်ဆိုင်ခြင်းကိစ္စဟာ နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံးရဲ့ အကျိုးစီးပွား၊ နိုင်ငံတော်ရဲ့ပုံရိပ်တို့နှင့်သက်ဆိုင်တဲ့အရေးကြီးကိစ္စဖြစ်တဲ့အတွက် တရားရင်ဆိုင်ရာ မှာကုန်ကျရတဲ့ ကျွမ်းကျင်ပညာရှင်ရှေ့နေများငှားရမ်းခြင်း၊ ဥပဒေအကြံပေးများခန့်အပ်ခြင်းစတဲ့ အသုံးစရိတ်တွေဟာ နိုင်ငံတော်ရဲ့ဘဏ္ဍာငွေမှ ကျခံသုံးစွဲခွင့်ရှိတဲ့ကိစ္စဖြစ်ပါတယ်။ ဒါ့အပြင် ဒီအသုံးစရိတ်တွေဟာ နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့သာမန်အသုံးစရိတ်တွေဖြစ်တဲ့အပြင် ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနအောက်မှာ ရှိတဲ့ကော်မတီသုံးရပ်၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယ သမ္မတအဆင့်အထိ တစ်ဆင့်ပြီးတစ်ဆင့် စိစစ်စစ်ဆေးပြီးတော့ အဲဒီကမှတစ်ဆင့် ပြည်ထောင်စု လွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတို့က အသေးစိတ်အဆင့်ဆင့်စိစစ်အတည်ပြုခွင့်ပြု ပေးခဲ့တဲ့အသုံးစရိတ်တွေ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအပေါ် အပြည်ပြည်ဆိုင်ရာတရားရုံးမှာ ဂမ်ဘီယာ နိုင်ငံရဲ့တရားစွဲဆိုမှုကို ဖြေရှင်းရာမှာ နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးရားဦးစီးဌာနများ လုပ်အားခအတွက် ကုန်ကျငွေအဖြစ် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်ဖြည့်စွက်ခွင့်ပြုငွေ ကျပ်သန်း ၆၈၀ တောင်းခံခဲ့တဲ့ကိစ္စနှင့်စပ်လျဉ်း၍ မေလ ၂၇ ရက်နေ့မှာ ကျင်းပခဲ့တဲ့ ဒုတိယအကြိမ် ပြည်ထောင်စု လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဥ္စမနေ့မှာ ယင်းသို့ဖြည့်စွက်တောင်းခံခဲ့ရခြင်း ကိစ္စဟာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ကြောင်းကိုလည်း အသေးစိတ် ရှင်းလင်းတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့သာမန်အသုံးစရိတ်ခေါင်းစဉ်အောက်မှ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွင်း ကျခံသုံးစွဲခဲ့တဲ့အသုံးစရိတ်ဖြစ်တဲ့အတွက် ဌာနရဲ့အတွင်း စာရင်းစစ်အဖွဲ့နဲ့ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၊ စာရင်းစစ်အဖွဲ့တို့မှ ဘဏ္ဍာရေးစည်းမျဉ်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲခြင်းရှိ/မရှိ၊ ရှေ့နေခအသေးစိတ်အပါအဝင် အသုံးစရိတ်များ ဟာ မှန်ကန်မှုရှိ/မရှိတို့ကိုလည်း အစစ်ဆေးခံသွားမှာ ဖြစ်ပါတယ်။

ဒုတိယအချက်ဖြစ်တဲ့ ခရီးစရိတ်ကုန်ကျငွေနှင့် လေးလံပစ္စည်း သယ်ဆောင်မှုစရိတ်စက များအတွက် ကျပ် ၃၅၁.၆၀၀ သန်းကို စနစ်တကျအသေးစိတ်ရှင်းလင်းပေးရန် အစီအစဉ်ရှိ/မရှိ သိလိုခြင်းကိစ္စနှင့်ပတ်သက်ပြီးတော့ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ အဲဒီကိစ္စကတော့ ဒီကုန်ကျ

စရိတ်တွေကတော့ ICJ ကိစ္စနှင့်သက်ဆိုင်ခြင်းမရှိပါဘူး။ နိုင်ငံခြားရေးဝန်ထမ်းများပြောင်းရွှေ့ခြင်း၊ တာဝန်အရခရီးထွက်ခွာခြင်း၊ လေးလံပစ္စည်းများသယ်ယူပို့ဆောင်ခြင်းအပါအဝင် ပို့ဆောင်ရေး ဆိုင်ရာအသုံးစရိတ်တွေနဲ့ သက်ဆိုင်ခြင်းဖြစ်ပါတယ်။ ဒီအသုံးစရိတ်တွေဟာ နိုင်ငံခြားရေးဝန်ကြီး ဌာနရဲ့သာမန်အသုံးစရိတ်ဖြစ်တဲ့အပြင် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနအောက်ရှိ ကော်မတီသုံးရပ်၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယသမ္မတတို့မှ ပထမအဆင့် အဆင့်ဆင့်စိစစ်စစ်ဆေး ပြီး ထိုမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတို့က အသေးစိတ် အဆင့်ဆင့်စိစစ်အတည်ပြုခွင့်ပြုခဲ့ပြီးဖြစ်တဲ့ အသုံးစရိတ်တွေလည်း ဖြစ်ပါတယ်။ နိုင်ငံခြားရေး ဝန်ကြီးဌာနရဲ့သာမန်အသုံးစရိတ်ခေါင်းစဉ်အောက်မှာ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွင်း ကျခံ သုံးစွဲခဲ့တဲ့ အသုံးစရိတ်တွေဖြစ်တဲ့အတွက် ဝန်ကြီးဌာနရဲ့အတွင်းစာရင်းစစ်အဖွဲ့နှင့် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၏စာရင်းစစ်အဖွဲ့မှ ဘဏ္ဍာရေးစည်းမျဉ်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲခြင်းရှိ/မရှိနှင့် အသုံးစရိတ်များ မှန်ကန်မှုရှိ/မရှိကို အသေးစိတ်စစ်ဆေးခံသွားမှာဖြစ်ပါတယ်။ အဆိုပါသုံးစွဲစရိတ်များနှင့်ပတ်သက်ပြီးတော့ လုပ်ထုံးလုပ်နည်း၊ ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်း များနှင့်မညီညွတ်ကြောင်းတွေ့ရှိပါက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးကနေပြီးတော့ ပြည်ထောင်စု လွှတ်တော်သို့ တင်သွင်းမယ့် ၎င်း၏အစီရင်ခံစာမှာ ထည့်သွင်းဖော်ပြသွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ICJ မှာ ရင်ဆိုင်နေရတဲ့အမှုအတွက် မိမိတို့ငှားရမ်းထားတဲ့ နိုင်ငံတကာရှေ့နေကြီးများရဲ့ အခကြေးငွေများ၊ အသုံးစရိတ်များကို အသေးစိတ်ထုတ်ဖော်ပြောကြားခြင်းမပြုရန် ကျင့်ဝတ်ကို လည်း လိုက်နာရန်တာဝန်လည်းရှိပါတယ်။ ICJ မှာ တရားရင်ဆိုင်ရာမှာ ကုန်ကျရတဲ့ အသုံးစရိတ် ရှင်းတမ်း၊ ခရီးစရိတ်ကုန်ကျငွေနှင့် လေးလံပစ္စည်းသယ်ယူစရိတ်များရဲ့အသေးစိတ်ရှင်းတမ်းတွေကို ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းနှင့်အညီ စာရင်းစစ်အဖွဲ့မှာ စစ်ဆေးခံသွားမှာဖြစ်တဲ့ အတွက်ကြောင့်မို့လို့ ပြည်သူ့လွှတ်တော်မှာတော့ သီးခြားရှင်းလင်းတင်ပြရန် အစီအစဉ်မရှိပါ ကြောင်း လေးစားစွာဖြင့် ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါက်တာမောင်သင်း(မိတ္ထီလာမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။ ဖြေကြားပေးသွားတဲ့ဝန်ကြီးကိုလည်း အထူးကျေးဇူးတင်ရှိပါတယ်။ ကျွန်တော် ဝန်ကြီးရဲ့ဖြေကြားချက်အရ မိမိတို့ငှားရမ်းထားတဲ့ နိုင်ငံ တကာရှေ့နေကြီးများ၏ အခကြေးငွေအသုံးစရိတ်များကို အသေးစိတ်ထုတ်ဖော်ခြင်းမပြုရန်

ကျင့်ဝတ်သိက္ခာကိုလိုက်နာရမယ်ဆိုတာကိုလည်း နားလည်ပါတယ်။ ကျွန်တော်တို့နိုင်ငံကို တရားစွဲဆိုခံရလို့ ရှေ့နေကြီးများငှားရမ်းတာ ကျွန်တော်တို့ပြည်သူများက လက်ခံပါတယ်။ ဒါပေမဲ့ ပြည်သူ့ဘဏ္ဍာငွေဖြစ်လို့ ဘာတွေဘယ်လောက်သုံးတယ်ဆိုတာကိုတော့ ကျင့်ဝတ်အရ ပြည်သူတွေ ပွင့်လင်းမြင်သာစွာ သိသင့်သိထိုက်တယ်လို့ မြင်ပါတယ်။ မရှင်းပြနိုင်ဘူးဆိုတာ သဘာဝကျပါရဲ့လား။ နိုင်ငံတကာရှေ့နေနဲ့ စာရင်းစစ်အစီရင်ခံစာမှာမညီရင် ရှင်းပြမယ်လို့ဖြေကြားထားတာကို ကြားသိရပါတယ်။ ညီညွတ်ရင်ကော ပြည်သူတွေမသိသင့်ဘူးလားဆိုတဲ့ မေးခွန်းလေးတွေ မေးစရာဖြစ်လာပါတယ်။ နိုင်ငံတကာရှေ့နေနဲ့ ပြည်သူတစ်ရပ်လုံး ဘယ်ဘက်ကရပ်တည်မှာလဲ။ ဒါကြောင့် ဒီအသုံးစရိတ်ကို ဘယ်လိုနည်းလမ်းနဲ့ ဘယ်အချိန်မှာ ပွင့်လင်းမြင်သာစွာ ပြည်သူတွေကို ရှင်းလင်းနိုင်မည်ကို သိရှိလိုပါသောကြောင့် ဆက်စပ်မေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆက်စပ်မေးခွန်းနဲ့ပတ်သက်ပြီး ဖြေကြားနိုင်က ဖြေကြားပေးပါ။

**ဦးကျော်တင်(ပြည်ထောင်စုဝန်ကြီး၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့အနေနဲ့ကတော့ နိုင်ငံခြားရေးဝန်ကြီးဌာနကသုံးစွဲတဲ့ သာမန်အသုံးစရိတ်တွေဟာဆိုလို့ရှိရင် သာမန်အသုံးစရိတ်တွေကိုသုံးစွဲတဲ့ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း၊ စည်းကမ်းအတိုင်းပဲ ကျွန်တော်တို့အနေနဲ့ အတွင်းစာရင်းစစ်နဲ့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးရဲ့ စာရင်းစစ်အဖွဲ့တို့ကို အသေးစိတ်အစီရင်ခံမှာ ဖြစ်ပါတယ်။ အဲဒီတော့ အဲဒီဟာနဲ့ပတ်သက်ပြီးတော့ ဒီပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးရဲ့တင်ပြတဲ့ အစီရင်ခံစာကို ထုတ်ပြန်ခြင်း၊ မထုတ်ပြန်ခြင်းကတော့ သက်ဆိုင်ရာအဖွဲ့အစည်းရဲ့တာဝန် ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ ဝန်ကြီးဌာနရဲ့ သာမန်ငွေစာရင်း သုံးစွဲမှုလုပ်ထုံးလုပ်နည်း စစ်ဆေးခံယူတဲ့လုပ်ထုံးလုပ်နည်းအတိုင်း လိုက်နာဆောင်ရွက်သွားမှာဆိုတဲ့အကြောင်းကို တင်ပြလိုပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန ပြန်လည်ထွက်ခွာနိုင်ပါပြီ။

[နိုင်ငံခြားရေးဝန်ကြီးဌာနကိုယ်စား အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနမှ လာရောက်ဖြေကြားခြင်း ဖြစ်ပါသည်။]

**တနင့်ယန်းမြို့နယ်၊ မန်ကတ်ကျေးရွာအုပ်စုအတွင်းရှိ မခီနူရွာ၊ မက်ခံရွာ၊ လွယ်လုံရွာ၊ ဟိုဆော့ရွာ၊ နားဆောင်ကျေးရွာများရှိ တောင်သူများဘိုးဘွားလက်ထက်မှစ၍ ဓါးမဦးချစိုက်ပျိုးလုပ်ကိုင်လာသော တောင်ယာစိုက်ခင်းများ သိမ်းဆည်းခံရမှုအား သက်ဆိုင်ရာမှ မည်သို့ဖြေရှင်းဆောင်ရွက်ပေးနိုင်မည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တနင့်ယန်းမဲဆန္ဒနယ်မှ ဦးစိုင်းမောင်ပွင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းမောင်ပွင့်(ခ)စိုင်းအောင်ပွင့်(တနင့်ယန်းမဲဆန္ဒနယ်)**။ ။ ယနေ့အစည်းအဝေးသို့ တက်ရောက်လာသူအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း ကျွန်တော်ကတော့ တနင့်ယန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမောင်ပွင့်(ခ)စိုင်းအောင်ပွင့် ဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ တနင့်ယန်းမြို့နယ်၊ မန်ကတ်ကျေးရွာအုပ်စုအတွင်း မခီနူရွာ၊ မက်ခံရွာ၊ လွယ်လုံရွာ၊ ဟိုဆော့ရွာ၊ နားဆောင်ကျေးရွာများရှိ တောင်သူများဘိုးဘွားလက်ထက်မှစ၍ ဓါးမဦးချစိုက်ပျိုးလုပ်ကိုင်လာသော တောင်ယာစိုက်ခင်းများ သိမ်းဆည်းခံရမှုများအား သက်ဆိုင်ရာမှ မည်သို့ဖြေရှင်းဆောင်ရွက်ပေးနိုင်မည်ကို မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လားရှိုးခရိုင်၊ တနင့်ယန်းမြို့နယ် မန်ကတ်ကျေးရွာအုပ်စုရှိ မခီနူရွာ၊ မက်ခံရွာ၊ လွယ်လုံရွာ၊ ဟိုဆော့ရွာ၊ နားဆောင်ကျေးရွာများရှိ တောင်ယာစိုက်ခင်းများအား ၎င်းတို့ဘိုးဘွားလက်ထက်မှစ၍ ဓါးမဦးချလုပ်ကိုင်လာခဲ့ရာ ၂၀၀၉ ခုနှစ်တွင် အမှတ်(၈)တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်း အတွက် မြေဧက ၃၀၀၀ ကျော် သိမ်းဆည်းခဲ့ပြီး ဒေသခံများစိုက်ပျိုးနေသော လယ်ယာမြေများကို ၂၀၁၈ ခုနှစ် မေလဆန်းတွင် ထပ်မံသိမ်းဆည်းကာ ရွာချင်းဆက်လမ်းကိုင့်၍ နယ်နိမိတ်မှတ်တိုင်များ လာရောက်စိုက်ထူပြီး ရွာသားများလမ်းဘေးဝဲယာတွင် တောင်ယာစိုက်ပျိုးခြင်းများ မပြုလုပ်ရန် အမိန့်စာထုတ်ကြေးလာသဖြင့် ကူညီဆောင်ရွက်ပေးပါရန် ဒေသခံတောင်သူဦးကြီးများကိုယ်စား မခီနူရွာနေ ဦးစိုင်းဆန်ဘနှင့် ဦးစိုင်းအုန်းပါ နှစ်ဦးမှ တင်ပြလျှောက်ထားခဲ့ပါတယ်။ အထက်ပါ ကိစ္စနှင့်ပတ်သက်ပြီး ရည်းညွှန်းချက်ပါ ခရိုင်လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီမှ ပြည်နယ်လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ တောင်ကြီးမြို့သို့ စိစစ်တင်ပြရာမှာ အမှတ်(၈)တပ်မတော်တန်းမြင့် လေ့ကျင့်ရေးကျောင်းမြေအဖြစ် ပြည်ထဲရေးဝန်ကြီးဌာနက အမိန့်ပြန်တမ်းထုတ်ပြန်သတ်မှတ် ထားသည့် မြေဧရိယာ ၃၁၄၄ ဧကကိုသာ နယ်နိမိတ်သတ်မှတ်အသုံးပြုသင့်ကြောင်း နယ်နိမိတ် မှတ်တိုင် မှားယွင်းစိုက်ထူထားသောနေရာများအား ပြန်လည်တိုင်းထွာသင့်ကြောင်းနှင့် ပိုလျှံသည့် မြေဧရိယာ ၄၀၀ ဧကအား လက်ရှိလုပ်ကိုင်နေသူများအား စိစစ်ခွဲဝေချထားပေးသင့်ကြောင်း

အကြံပြုတင်ပြခဲ့ပါတယ်။ စိစစ်အကြံပြုတင်ပြခဲ့တဲ့ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့မှစ၍ ယခု ၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်တောင် ရောက်လာခဲ့ပါပြီ။ မိုးတွင်းစိုက်ပျိုးရာသီ ကျော်လွန်ခဲ့ပြီဖြစ်သဖြင့် တောင်ယာစိုက်ပျိုးရေးကိုသာ အားထားလုပ်ကိုင်ရသည့် တောင်သူများ စိုက်ပျိုးမြေအခက်အခဲနှင့် ကြုံတွေ့နေရပါတယ်ခင်ဗျား။ သို့ဖြစ်ပါ၍ ဘိုးဘွား လက်ထက်မှစ၍ ခါးမဦးချလုပ်ကိုင်လာသော တောင်ယာစိုက်ခင်းများ၊ သိမ်းဆည်းခံရမှုများကြောင့် အခက်အခဲနှင့် တွေ့ကြုံနေရသော တောင်သူများအတွက် သက်ဆိုင်ရာမှ မည်ကဲ့သို့ ဖြေရှင်း ဆောင်ရွက်ပေးနိုင်မည်ကိုသိရှိလိုကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ် ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကာကွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်မြင့်နွယ်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ မင်္ဂလာ အပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်ဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ တန့်ယန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမောင်ပွင့်မေးမြန်းသည့် ကြယ်ပွင့်ပြ မေးခွန်းနှင့်ပတ်သက်ပြီး ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ အမှတ်(၈)တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်းအား ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးခရိုင်၊ တန့်ယန်းမြို့နယ်၊ မန်ကတ်ကျေးရွာအုပ်စု၊ မန်ကတ်ကျေးရွာ၏ အနောက်မြောက်ဘက်၊ ကွင်းအမှတ်(ကွင်းပြင်ပ)ရှိ မြေလွတ်၊ မြေလပ်များကို တပ်ပိုင်မြေအဖြစ် သိမ်းဆည်းခဲ့ပြီး ပြည်ထဲရေး ဝန်ကြီးဌာန၏ ၁၀-၆-၂၀၀၉ ရက်စွဲပါ စာအမှတ်၊ ၃၀၀/၁-၅/ဦး ၁ ဖြင့် မြေသိမ်းဆည်းရေးအမိန့်များ ရရှိခဲ့ပြီးဖြစ်ကြောင်း၊ တပ်မြေအဖြစ်သိမ်းဆည်းစဉ် မြေလွတ်၊ မြေလပ်များသာဖြစ်ပြီး ဦးပိုင် အမည်ပေါက်တောင်ယာများ၊ နှစ်ရှည်သီးနှံပင်၊ နှစ်တိုသီးနှံပင်များ စိုက်ပျိုးထားခြင်း၊ ယာယီတဲ၊ အိမ်၊ ပျဉ်ထောင်အိမ်များမပါရှိကြောင်းနှင့် အများပြည်သူ အသုံးပြုလျက်ရှိသည့် သုသာန်မြေများမပါရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။

မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ တန့်ယန်းမြို့၏ ကွင်းဆင်းစိစစ် ရေးအဖွဲ့မှ ၉-၁၁-၂၀၁၉ ရက်စွဲပါမြေပြင်ကွင်းဆင်းစိစစ်တင်ပြချက်အရ ယခင်စိုက်ထူထားသည့်

နယ်နိမိတ်မှတ်တိုင်များအား ရွှေ့ပြောင်း၍ မူလအမိန့်ကြော်ငြာစာပါညွှန်းရပ်များအတိုင်း ပြန်လည်စိုက်ထူထားသည့်အတွက် စိစစ်တွေ့ရှိချက်မြေဧရိယာသည် ပိုသုံးမြေမရှိဘဲ အမိန့်ကြော်ငြာစာပါ ဧကအတိုင်းသာရှိကြောင်း၊ ကျေးရွာငါးရွာမှ တိုင်ကြားသူတောင်သူ ၃၉ ဦး၏ တိုင်ကြားသည့်ယာမြေနှင့်လက်ဖက်ခြံမြေ ၆၆.၂၅ ဧကအနက် တပ်ပိုင်မြေအတွင်း ၃၁၀ ဧကသာ ပါဝင်လျက်ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ တိုင်ကြားသူဦးစိုင်းဆမ်ဘနှင့် ဦးစိုင်းအုန်းတို့နှစ်ဦး၏ ထွက်ဆိုချက်များအရ ယခင်ကျောင်းအုပ်ကြီး ဗိုလ်မှူးကြီးလှမောင်တင်မှ ရွာသူရွာသားများအား အခက်အခဲတွေ့နိုင်သည့်အတွက် လူမှုရေးအရ တပ်ပိုင်မြေအတွင်း အခမဲ့စိုက်ပျိုးခွင့်ပေးထား၍ တစ်ရွာလုံးစိုက်ပျိုးခဲ့ကြကြောင်း၊ တပ်ပိုင်မြေတွင် ၂၀၁၈ ခုနှစ်အထိ အခမဲ့စိုက်ပျိုးခွင့်ရရှိခဲ့ပြီး ၂၀၁၉ ခုနှစ်မှစတင်၍ စိုက်ပျိုးခွင့်မရတော့ကြောင်း၊ ကျောင်းမှတာဝန်ရှိသူများခွင့်ပြုပါက မိသားစုစီးပွားရေးအခက်အခဲအရ တပ်ပိုင်မြေတွင် ယခင်စိုက်ပျိုးရန်သတ်မှတ်ပေးထားသောနေရာများတွင် ပြန်လည်စိုက်ပျိုးလုပ်ကိုင်လိုပါကြောင်း၊ မြေနေရာအသစ်များတွင် တိုးချဲ့စိုက်ပျိုးခြင်းများမပြုလုပ်ဘဲ ကျောင်းမှသတ်မှတ်ပေးထားသောဧရိယာတွင် ပြန်လည်စိုက်ပျိုးလုပ်ကိုင်လိုပါကြောင်း ထွက်ဆိုခဲ့သည်ကို စိစစ်တွေ့ရှိရပါတယ်။

တပ်ပိုင်မြေအဖြစ် သိမ်းဆည်းထားသည့် မြေများတွင် အရပ်သားများအား သီးစားချထားခြင်း၊ အကျိုးတူဆောင်ရွက်ခြင်းများမရှိပါကြောင်းနှင့် တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်းဖြစ်သည့်အတွက် တပ်ပိုင်မြေအတွင်း လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များ လက်တွေ့ဆောင်ရွက်လျက်ရှိသည့်အတွက် အမှန်တကယ်လိုအပ်သောနေရာများဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်၊ တန့်ယန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမောင်ပွင့်၏ ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်း၍ အမှတ်(၈)တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်း၏ တပ်ပိုင်မြေသည် သိမ်းဆည်းစဉ်မှာပင် မြေလွတ်၊ မြေလပ်များသာဖြစ်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၏ တပ်မြေသိမ်းဆည်းရေးအမိန့်များရရှိပြီးဖြစ်ခြင်း၊ လေ့ကျင့်ရေးသင်တန်းကျောင်းဖြစ်သည့်အတွက် လေ့ကျင့်ရေးဆိုင်ရာများ ဆောင်ရွက်ရန် အမှန်တကယ်လိုအပ်သောမြေများဖြစ်ခြင်း၊ တိုင်ကြားသူများအနေဖြင့် ယခင်အခမဲ့ စိုက်ပျိုးလုပ်ကိုင်ခွင့်ရရှိခဲ့ရာမှ ယခုလက်ရှိအချိန်တွင် တပ်ပိုင်မြေအတွင်း ဝင်ရောက်စိုက်ပျိုးလုပ်ကိုင်ခွင့်မရရှိတော့သဖြင့် ပိုင်ဆိုင်မှုအထောက်အထားမရှိဘဲ ရယူလိုမှုဖြင့် တင်ပြတိုင်ကြားခြင်းသာဖြစ်ခြင်းတို့ကြောင့် တပ်ပိုင်မြေအတွင်း ပါဝင်နေသောမြေများအား ပြန်လည်စွန့်လွှတ်ပေးနိုင်ခြင်းမရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးစိုင်းမောင်ပွင့်(ခ)စိုင်းအောင်ပွင့်(တန့်ယန်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တစ်စပ်တည်း မေးခွန်းဖြစ်ပါတယ်။ မေးခွင့်ပြုပါခင်ဗျား။ Power Point ဖြင့် မေးမြန်းခွင့် ပြုပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ သိမ်းဆည်းထားတဲ့မြေဟာ ဒီကျေးရွာချင်းဆက် လမ်း နီညိုရောင်နဲ့ပြထားတယ်ခင်ဗျ။ အဲဒီကျေးရွာချင်းဆက်လမ်းမှာပါတတ်တဲ့အတွက် ပြန်လည်မစွန့်လွှတ်နိုင်တောင်မှ ရွာသားတွေသွားရေးလာရေးအဆင်ပြေနိုင်ဖို့ မည်ကဲ့သို့ စီစဉ်ပေး နိုင်မည်ကို သိရှိလိုပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကာကွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဗိုလ်ချုပ်မြင့်နွယ်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ ဖြေကြားချက်ထဲမှာလည်း ပါပြီးဖြစ်ပါတယ်ခင်ဗျား။ စပြီးတော့ မြေကို သိမ်းဆည်းစဉ်ကလည်း တပ်ပိုင်မြေကို စတင်သိမ်းဆည်းတဲ့မူဝါဒတွေ မြေလွတ်၊ မြေလပ်များကိုသာ သိမ်းဆည်းပါတယ်။ အဲဒီမှာထဲလည်း တောင်ယာဦးပိုင်အမည်ပေါက်၊ တောင်ယာနှစ်ရှည်သီးနှံတွေစိုက်ပျိုးထားခြင်း၊ ယာယီတဲအိမ်များမပါရှိကြောင်းနှင့် အများသူသုံးတဲ့သုဿာန်တွေမပါရှိကြောင်း တင်ပြထား ပါတယ်။ ရွာချင်းဆက်လမ်းနှင့်ပတ်သက်လည်း ၉-၁၁-၂၀၁၉ ရက်နေ့မှာ သက်ဆိုင်ရာ မြေစာရင်းစစ်ဆေးရေး အဖွဲ့က ဝင်ရောက်စစ်ဆေးပြီးဖြစ်ပါတယ်။ စိစစ်တဲ့ဟာလည်း ဖြေကြားပြီးဖြစ်ပါတယ်။ အဲဒီမှာ ပိုသုံးမြေမရှိဘဲနဲ့ အမိန့်ကြော်ငြာစာပါအတိုင်းပါ ပါဝင် ဆောင်ရွက်မှုဖြစ်တဲ့ အတွက်ကြောင့် ကျွန်တော်တို့အနေနဲ့တော့ ဆက်လက်ဖြေရှင်း ဆောင်ရွက် ပေးနိုင်ခြင်းမရှိကြောင်း ပြန်လည် ဖြေရှင်းတင်ပြအပ်ပါတယ်။

**စေတုတ္တရာမြို့နယ်၊ ကံကျေးရွာမှ ချင်းတိုင်းရင်းသား အိမ်ခြေ ၃၂ အိမ်နှင့် နှစ်ရှည်သီးနှံစိုက်ခင်းများ သည် ကပစ(၂၀) တပ်သိမ်းမြေတွင် ပါဝင်ခဲ့သည့်အတွက် မည်ကဲ့သို့တာဝန်ယူဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်အောင်လွင်(စေတုတ္တရာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမဲဆန္ဒနယ်၊ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်ပါ။ ကျွန်တော့်အနေနဲ့ ကပစ(၂၀) တပ်သိမ်းမြေမှာ

**မူကြမ်း**

ပါဝင်ခဲ့သဖြင့် ရွာလုံးကျွတ်ပြောင်းရွှေ့ခဲ့ရကာ ကျေးရွာတစ်ရွာလုံးပျက်သွားခဲ့တဲ့ ကံကျေးရွာနဲ့ ပတ်သက်ပြီးတော့ မေးခွန်းမေးမြန်းသွားမှာပါ။ ကံကျေးရွာဟာ မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စေတုတ္တရာမြို့နယ် မထိမ်းကျေးရွာအုပ်စုမှာပါဝင်တဲ့ စေတုတ္တရာမြို့ရဲ့အနောက်ဘက် ကိုးမိုင်ခန့် အကွာ ရခိုင်ရိုးမတောင်တန်းပေါ်မှာရှိတဲ့ ချင်းတိုင်းရင်းသားကျေးရွာလေးပါ။ နယ်ချဲ့ကိုလိုနီခေတ်တည်းက တရားဝင်ကျေးရွာအုပ်စုအဖြစ်ရှိခဲ့ပြီးတော့ ကံကျေးရွာအုပ်စုမှာ ကံရွာ၊ သနောက်ရွာ၊ ကြိုးတွင်းရွာလို့ ရွာသုံးရွာပါဝင်ခဲ့ပါတယ်။ အင်္ဂလိပ်ခေတ်တည်းက လွတ်လပ်ရေးရပြီးခေတ်အထိ ကံရွာသူကြီး ဦးနီကအုပ်ချုပ်ခဲ့ပြီးတော့ သူကြီးဦးအောင်လှ၊ သူကြီးဦးဘိုလေးတို့ အဆက်ဆက် အုပ်ချုပ်ခဲ့ပါတယ်။ ၁၉၆၀–၁၉၇၀ ခုနှစ်ဝန်းကျင်မှာတော့ ကွန်မြူနစ်သောင်းကျန်းသူတွေကြောင့် ရွာပျက်သွားခဲ့ရပါတယ်။ ၁၉၈၂ ခုနှစ်မှာတော့ စေတုတ္တရာမြို့နယ် ပါတီကောင်စီတာဝန်ရှိသူတွေက ကံကျေးရွာကို ပြန်လည်တည်ပေးခဲ့ကာ မထိမ်းကျေးရွာအုပ်စုမှာ ထည့်သွင်းခဲ့ပါတယ်။ ကော်ဖီစိုက်ခင်း၊ ကဗွလာစိုက်ခင်း၊ ငရုပ်ကောင်းစိုက်ခင်း၊ ရှောက်၊ သံပုရာ၊ နာနတ်၊ ပိန္နဲစိုက်ခင်းများ ပါတီကောင်စီက နေပြီးတော့ ပံ့ပိုးစိုက်ပျိုးပေးခဲ့ပါတယ်။ ကံကျေးရွာဟာ ကြိုးဝိုင်းအတွင်းမှာ လုံးဝမပါဘဲနဲ့ ဆီမီး ကြိုးဝိုင်းရဲ့မြောက်ဘက်နဲ့ ပလောင်းကြိုးဝိုင်းရဲ့တောင်ဘက်မှာ တည်ရှိပါတယ်။ ၁၉၈၅ ခုနှစ်က စပြီးတော့ ကိုယ်ထူကိုယ်ထမူလတန်းကျောင်းကို ဆရာငှားရမ်းဖွင့်လှစ်ခဲ့တယ်။ ၂၀၀၄ ခုနှစ်မှာ ကံကျေးရွာအခြေခံပညာမူလတန်းကျောင်းဆိုင်းဘုတ်ရှင်သေဆုံးခဲ့ပြီးတော့ ၂၀၀၄ ခုနှစ်မှ ရွာပျက်သွားတဲ့ ၂၀၁၂ ခုနှစ်အထိ ကျောင်းအုပ်ဆရာမ ဒေါ်မူယာဝင်းနဲ့ လက်ထောက်ဆရာမ ဒေါ်ယဉ်ယဉ်မြင့် နောက်မှာ ဒေါ်သန္တာမြင့်တို့ တာဝန်ထမ်းဆောင်ခဲ့ကြပါတယ်။ ကံကျေးရွာ ဘုန်းတော်ကြီးကျောင်းမှ ဆရာတော်မှာ ဦးသဒ္ဓမ္မဖြစ်ပြီးတော့ ကပစ(၂၀) တပ်မိသားစုများမှ ဘုရားထီးတင်ခြင်း၊ ကထိန် သင်္ကန်းကပ်လှူခြင်းများကိုလည်း ပြုလုပ်ခဲ့ကြပါတယ်။ ကပစ(၂၀) စတင်တည်ဆောက်ဖို့ ကံကျေးရွာသားများဟာ ရဟတ်ယာဉ်ကွင်းဖောက်လုပ်ရန် လုပ်အားပေးခြင်း၊ ရှင်းလင်းဆောင် ဆောက်လုပ်ရန် လုပ်အားပေးခြင်း၊ သဲ၊ ကျောက်၊ သက္ကယ်များအခမဲ့ပို့ပေးခြင်းစသဖြင့် တာဝန်ကျေပွန်ခဲ့ကြပါတယ်။ ၂၀၀၈ ခုနှစ်မှာတော့ ကပစ(၂၀) တပ်သိမ်းဧရိယာ ၆၀၀၀ ကေနှင့် မလွတ်လို့ ကံကျေးရွာကို အတင်းပြောင်းရွှေ့စေခဲ့တဲ့အတွက် ရှစ်မိုင်ခန့်ဝေးတဲ့ ခိုဝင်ကျေးရွာအနောက် တောင်ဘက်၊ ဒဟတ်ကုန်းကို ပြောင်းရွှေ့ခဲ့ကြရပါတယ်။ ဆန်စပါးတွေ၊ အိမ်ထောင်ပရိဘောဂတွေ၊ အိုးခွက်ပန်းကန်တွေ၊ အိမ်ကိုပါဖျက်ပြီးတော့ လူများဟာ လူတန်းတွေနဲ့၊ ခေါင်းရွက်များနဲ့၊ ထောင်ပို များနဲ့သယ်ယူပြီးတော့ ခက်ခဲစွာပြောင်းရွှေ့ကြရပါတယ်။ ဒဟတ်ကုန်းနေရာကို မိမိတို့ဖာသာ ရွေးချယ်၊ မိမိတို့ဖာသာနေရာရှင်းလင်းကာ တဲထိုးပြီးတော့ ဆင်းရဲပင်ပန်းစွာနေခဲ့ကြရပါတယ်။

ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်းနဲ့ မသယ်နိုင်တဲ့အိမ်များကတော့ တောမီးလောင်ကျွမ်း ပျက်စီးဆုံးရှုံးခဲ့ကြရပါတယ်။ ပံ့ပိုးမှုအနေနဲ့တော့ ပြောင်းရွှေ့ပြီးတစ်လ၊ နှစ်လအကြာမှာ ရွာအဝင်လမ်း တစ်ခုတည်းသောရွာလယ်နဲ့ စာသင်ကျောင်းဝိုင်းနေရာကို စက်ကြီးနဲ့ အကြမ်းထိုးပေးတာပဲရှိခဲ့ဖူး ပါတယ်။ ရွာသစ်မှာ နှစ်နှစ်၊ သုံးနှစ် ပင်ပန်းဆင်းရဲစွာနေထိုင်ရင်းနဲ့ လုပ်ကိုင်စားသောက်စရာမြေကမရှိ အဘက်ဘက်က ခက်ခဲဆင်းရဲလှတဲ့အတွက် ရွာပျက်သွားပြီးတော့ နီးစပ်ရာကျေးရွာများကို တကွဲတပြား ရွှေ့ပြောင်းသွားကြရပါတော့တယ်။ ဒါကြောင့် ကံကျေးရွာဟာ သစ်တောကြိုးဝိုင်းထဲမှာ ပါဝင်ခဲ့ခြင်း မရှိပါ။ စေတုတ္တရာမြို့နယ် ပါတီကောင်စီက ရွာတည်ထားခဲ့တဲ့၊ နှစ်ရှည်သီးနှံခင်းများပံ့ပိုးပေးခဲ့တဲ့ အခြေခံပညာမူလတန်းကျောင်းရှိခဲ့တဲ့ ရွားပုန်းမဟုတ်ခဲ့တဲ့ရွာပါ။ ၂၀၀၈ ခုနှစ် ပြောင်းရွှေ့ချိန်မှ ယနေ့ အထိ အဆောက်အအုံအတွက်ဖြစ်စေ၊ သီးနှံစိုက်ခင်းများအတွက်ဖြစ်စေ မည်သည့်ပြောင်းရွှေ့စရိတ်၊ မည်သည့်နစ်နာကြေး၊ ဂရုဏာကြေးအစားထိုးမြေယာမှ မရခဲ့ဖူးပါ။ စေတုတ္တရာမြို့နယ်၊ လယ်ယာမြေ နှင့်အခြားမြေများ သိမ်းဆည်းခံရမှုပြန်လည်စိစစ်ရေးကော်မတီရဲ့ ၃-၉-၂၀၁၈ ရက်နေ့ ဆုံးဖြတ်အကြံပြု တင်ပြချက်အရ နစ်နာကြေး၊ လျော်ကြေး၊ အစားထိုးမြေယာလုံးဝမရရှိခဲ့တဲ့အတွက် ပြောင်းရွှေ့စရိတ် တစ်အိမ်ထောင်လျှင် ၁၅ သိန်းနှုန်း ဂရုဏာကြေးအဖြစ်ပေးသင့်ကြောင်း ဆုံးဖြတ်ခဲ့တာကိုလည်း တွေ့ရှိခဲ့ရပါတယ်။ ဒါကြောင့် တိုင်းရင်းသားပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ် စောင့်ရှောက်ပေးနေတဲ့ ပြည်သူချစ်တဲ့တပ်မတော်အနေနဲ့ ကံကျေးရွာသားများအပေါ်မှာ စာနာ ထောက်ထားသောအားဖြင့် ကျေးရွာပျက်သွားကာ ယခုတိုင်အခက်အခဲများကြုံတွေ့နေကြရတဲ့၊ ရိုးသားလှတဲ့ ချင်းတိုင်းရင်းသား ကံကျေးရွာသူကျေးရွာသားများအတွက် ဥပဒေနှင့်အညီ ပြောင်းရွှေ့ စရိတ်၊ ဂရုဏာကြေး၊ နစ်နာကြေးထောက်ပံ့ပေးပါရန် ကျေးရွာသူကျေးရွာသားများကိုယ်စား လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါစေ။

**ဥက္ကဋ္ဌ**။ ။ ကာကွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်မြင့်နွယ်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ မကွေးတိုင်း ဒေသကြီး၊ စေတုတ္တရာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီး ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးတင်ပြပါ မြေနေရာဟာဆိုရင် အမှတ်(၂၀) ကာကွယ်ရေး

ပစ္စည်းစက်ရုံ၏ တပ်ပိုင်မြေအဖြစ် ပြည်ထဲရေးဝန်ကြီးဌာန၏ ၃-၁၂-၂၀၀၈ ရက်စွဲပါ စာအမှတ်၊ ၃၀၀/၁-၅/ဦး ၁ ဖြင့်လည်းကောင်း၊ ၂၄-၈-၂၀၀၉ ရက်စွဲပါ စာအမှတ်၊ ၃၀၀/၂-၅/ဦး ၁ ဖြင့် လည်းကောင်း၊ ၁၈-၁၀-၂၀၁၀ ရက်စွဲပါ စာအမှတ်၊ ၃၀၀/၁-၅/ဦး ၁ ဖြင့်လည်းကောင်း၊ ၂၀-၁၀-၂၀၁၀ ရက်စွဲပါ စာအမှတ်၊ ၃၀၀/၁-၄/ဦး ၁ ဖြင့်လည်းကောင်း တပ်မြေသိမ်းဆည်းရေး အမိန့်များရရှိပြီး ဖြစ်ကြောင်းနှင့် တပ်ပိုင်မြေသိမ်းဆည်းရာတွင်ပါဝင်သော ဦးပိုင်ပေါက်မြေ ၂၃၀.၄၁ ဧကသည် မြေလျော်ကြေးငွေများ သက်ဆိုင်ရာတောင်သူများသို့ တိုက်ရိုက်ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း စိစစ် တွေ့ရှိရပါတယ်။

လွှတ်တော်ကိုယ်စားလှယ်တင်ပြသော မြေနေရာသည် ကာကွယ်ရေးဝန်ကြီးဌာနပိုင်အဖြစ် ပြည်ထဲရေးဝန်ကြီးဌာန၏ မြေပေးမိန့် ထုတ်ပြန်သိမ်းဆည်းခဲ့သော ကြိုးပြင်ကာကွယ်တော အတွင်းရှိ မြေ ၄၇ ဧက နေရာဖြစ်ပြီး ကြိုးပြင်ကာကွယ်တောအတွင်းရှိ ကျူးကျော်နေသော ကံကျေးရွာ (ဒေသအခေါ်)ဖြစ်ကြောင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနတွင် မှတ်တမ်းမဝင်သော ကျေးရွာ(ရွာကျူး) ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ တပ်ပိုင်မြေသိမ်းဆည်းရာတွင် တပ်ပိုင်မြေနှင့် လွတ်ကင်းမှုမရှိသော ကံကျေးရွာ(ရွာကျူး)မြေနေရာအား ၂၂-၅-၂၀၀၇ ရက်နေ့တွင် စေတုတ္တရာ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖ များပါဝင်သောအဖွဲ့ဖြင့် ညှိနှိုင်းအစည်းအဝေးပြုလုပ်၍ မထိမ်းကျေးရွာနှင့် ခိုဝင်ကျေးရွာအကြားရှိ ဂုံးညှင်းချောင်ဒေသ(ကျောက်ခမောက်ဘုန်းတော်ကြီးကျောင်းအနီးသို့) စနစ်တကျ ပြောင်းရွှေ့နေရာ ချထားပေးခဲ့သော်လည်း ၎င်းတို့အနေဖြင့် စတင် ပြောင်းရွှေ့နေရာချထားပေးသည့်အချိန်တွင်သာ နေထိုင်သူများရှိခဲ့ပြီး ယခုအချိန်တွင် အဆိုပါမြေနေရာ ၌ နေထိုင်ခြင်းမရှိဘဲ မထိမ်း-ခိုဝင်-ရွာသစ်-လယ်ပြင်စုစသည့် ကျေးရွာများတွင် နေထိုင်လျက် ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ စေတုတ္တရာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျောင်အောင်လွင်၏ ကြယ်ပွင့်ပြမေးခွန်းပါ မြေနေရာနှင့်စပ်လျဉ်း၍ စိစစ်ချက်အရ အဆိုပါမြေနေရာသည် သစ်တောရေးရာ ဝန်ကြီးဌာနမှ ပယ်ဖျက်ပြီး သစ်တောမြေ၊ ကြိုးပြင်ကာကွယ်တောတို့အား မြေသိမ်းအက်ဥပဒေများ နှင့်အညီ တရားဝင်လွှဲပြောင်းရယူသိမ်းဆည်းခဲ့ခြင်း၊ ပြည်ထဲရေးဝန်ကြီးဌာန၏ မြေပေးမိန့်များရရှိပြီး တပ်ပိုင်မြေဖြစ်ခြင်း၊ တပ်မြေသိမ်းဆည်းရာတွင်ပါဝင်သော ဦးပိုင်ပေါက်မြေများအတွက်လည်း လျော်ကြေးငွေများ ပေးလျော်ခဲ့ပြီးဖြစ်ခြင်း၊ ကြယ်ပွင့်ပြမေးခွန်းပါ မြေနေရာသည် ကြိုးပြင်ကာကွယ် တောဧရိယာအတွင်း ပြည်ထဲရေးဝန်ကြီးဌာန၌ မှတ်တမ်းတင်ထားရှိခြင်းမရှိသော ကံကျေးရွာဟောင်း (ရွာကျူး)နေရာဖြစ်ပြီး တပ်ပိုင်မြေဧရိယာနှင့် လွတ်ကင်းသည့်မြေနေရာသို့ စနစ်တကျပြောင်းရွှေ့

နေရာချထားပေးခဲ့ပြီးဖြစ်ခြင်းတို့ကြောင့် နစ်နာကြေး၊ လျော်ကြေး၊ အစားထိုးမြေယာများ ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်းနှင့် သိမ်းဆည်းစဉ်က နှစ်ရှည်သီးနှံစိုက်ခင်းစာရင်းများ တင်ပြခဲ့မှုမရှိခြင်းတို့ကြောင့် နှစ်ရှည်သီးနှံစိုက်ခင်းများအတွက် လျော်ကြေးငွေများ ထပ်မံပေးလျော်နိုင်ခြင်း မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးကျော်အောင်လွင်(စေတုတ္တရာမဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့။ တစ်ဆက်တစ်စပ်တည်း မေးခွန်း မေးမြန်းခွင့်ပြုပါခင်ဗျား။ ကျွန်တော်တို့ ကံကျေးရွာအုပ်စု ဒီတပ်သိမ်းမြေမှာပါဝင်တဲ့ကိစ္စနဲ့ ပတ်သက်ပြီးတော့ သက်ဆိုင်ရာ ကျေးရွာသူကျေးရွာသားများ တရားဝင်တင်ပြလာတဲ့အတွက် စေတုတ္တရာမြို့နယ်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုပြန်လည်စိစစ်ရေးကော်မတီက နေပြီးတော့ ၃-၉-၂၀၁၈ ရက်နေ့မှာ အစည်းအဝေးပြီးတော့ကား ဆုံးဖြတ်ချက်ပြုခဲ့ပါတယ်။ အဲဒီထဲက အပိုင်းလေးကို ကျွန်တော့်အနေနဲ့ ဒါ အကြံပြုတင်ပြချက်ကလေးကို ဖတ်ကြားတင်ပြပါရစေ။ မထိမ်းကျေးရာအုပ်စု ကံကျေးရွာသည် ကပစ(၂၀) တပ်ပိုင်မြေအဖြစ် သိမ်းဆည်းခဲ့၍ ရှစ်မိုင်ခန့် ကွာဝေးတဲ့ ကျောက်ခမောက်ဘုရား၏ အနောက်ဘက် ဒဟက်ကုန်းသို့ ပြောင်းရွှေ့စေခဲ့သည့်အတွက် သိမ်းဆည်းစဉ်က အိမ်များ၊ နှစ်ရှည်သီးနှံများ၊ ရာသီသီးနှံများ နစ်နာကြေး၊ လျော်ကြေးမြေအစားပေး ခြင်းများ မရရှိခဲ့ခြင်း ကျေးရွာပြောင်းရွှေ့စဉ်က ဘုန်းကြီးကျောင်း၊ စာသင်ကျောင်းများ မီးလောင်ကာ ပျက်စီးဆုံးရှုံးခဲ့ရကြောင်းနှင့် ပြောင်းရွှေ့ခဲ့ရတဲ့ ကံကျေးရွာ အိမ်ထောင်စု ၃၆ စုမှာ ဒဟက်ကုန်း နေရာတွင် နေထိုင်မရ၍ ၎င်းတို့အစီအစဉ်အရ သင့်ရာနေရာများသို့ ရွှေ့ပြောင်းခဲ့ကြပြီးဖြစ်ပါသည်။ ပြောင်းရွှေ့ခဲ့ရသည့်အတွက် တည်ဆဲဥပဒေနှင့်အညီ ပြောင်းရွှေ့စရိတ် ထိုက်သင့်သည့်ဂရုဏာကြေး မြေအစားပေးခြင်းများ မရပါလို့လည်း ဆိုထားပြီးတော့ကား အဲဒီနစ်နာမှုတွေအတွက် ထိုက်သင့်တဲ့ ပြောင်းရွှေ့စရိတ် တစ်အိမ်ထောင်လျှင် ၁၅ သိန်းနှုန်းဖြင့် ဂရုဏာကြေးပေးသင့်ကြောင်းလည်း အကြံပြု တင်ပြထားတာကို တွေ့ရှိရပါတယ်။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၆ မှာ နိုင်ငံတော်သည် နိုင်ငံသားများ၏ တရားဝင်ရရှိပိုင်ဆိုင်ထားတဲ့ ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်း များနှင့်စပ်လျဉ်းပြီးတော့ ဥပဒေအရ ကာကွယ်ပေးရမယ်လို့ ဆိုထားတာနှင့်အညီ ဥပဒေနှင့်အညီ မည်ကဲ့သို့ ကူညီပံ့ပိုးဆောင်ရွက်ပေးမယ်ဆိုတာကို တစ်ဆက်တစ်စပ်တည်း မေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကာကွယ်ရေးဝန်ကြီးဌာနက ဖြေကြားနိုင်က ဖြေကြားပေးပါ။

**ဗိုလ်ချုပ်မြင့်နွယ်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ ကိုယ်စားလှယ်တော်ကြီး မေးတဲ့မေးခွန်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့က ဒီ ကပစ(၂၀) တပ်သိမ်းမြေမှာ ပါဝင်ခဲ့တဲ့ ကျေးရွာ ကံကျေးရွာနဲ့ပတ်သက်ပြီးတော့ ဒါ ကျွန်တော်အပြည့်အစုံဖြေကြားပြီး ဖြစ်ပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ ဒီဒေသမှာဆိုရင် အလားတူပေါ့ ဒီအမှတ် (၂၀) ကာကွယ်ရေးပစ္စည်းစက်ရုံနဲ့ ပတ်သက်ပြီးတော့ တိုင်ကြားစာရှိခဲ့ပါတယ်။ ဒါကတော့ မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ်၊ မထိမ်းကျေးရွာအုပ်စုမှာရှိတဲ့ ကျေးရွာများအနေနဲ့ တောင်သူ ၃၅ ဦးကိုယ်စား ဦးအေးမောင်၊ ဦးသိန်း၊ ဒေါ်မော်၊ ဒေါ်အေးတို့ကနေပြီတော့ ဒီလိုပဲ အမှတ်(၂၀) ကာကွယ်ရေးပစ္စည်းစက်ရုံတွင် မြေ သိမ်းဆည်းရာ နစ်နာကြေး၊ လျော်ကြေးနဲ့မြေယာအစားထိုးခြင်းမရှိဘဲ ပြောင်းရွှေ့ခဲ့ရပါသဖြင့် ဥပဒေနှင့်အညီ ဆောင်ရွက်ပေးနိုင်ပါရန် အသနားခံတင်ပြအပ်ပါတယ် ဆိုပြီးတော့ ကျွန်တော်တို့က နေပြီးတော့ ဆောင်ရွက်ပေးခဲ့တာလေးကို တင်ပြလိုပါတယ်။ အမှတ်(၂၀) ကာကွယ်ရေး ပစ္စည်းစက်ရုံနှင့်ပတ်သက်ပြီးတော့ သိမ်းဆည်းတဲ့အခါမှာပါဝင်တဲ့ လယ်ယာခြံမြေတွေ၊ နောက်မြေယာ လျော်ကြေးငွေတွေ၊ နစ်နာကြေးတွေကိုတော့ ဥပဒေနှင့်အညီ စုစုပေါင်း ပေးလျော်ပြီးခဲ့ပြီးဖြစ်ပါတယ်။ ပါဝင်တဲ့လယ်ယာ၊ ဥယျာဉ်ခြံမြေ ၂၃၀.၄၁ ဧက မြေယာလျော်ကြေးငွေတွေကို ကျွန်တော်တို့ နစ်နာကြေးငွေကို ပေးခဲ့ပြီးဖြစ်ပါတယ်။ နောက် ကျန်တဲ့အသနားခံစာပါ ကြိုးပြင်ကာကွယ်တောမှာပါတဲ့ ဧက ၅၃၇၀ ပါတဲ့ ဦးပိုင်ပေါက် လယ်ယာမြေများမှာ သူတို့က ကြိုးပြင်ကာကွယ်တောလည်းဖြစ်တယ်။ နောက် ဦးပိုင်ပေါက် လယ်ယာမြေများလည်းပါဝင်ခြင်းမရှိတဲ့အတွက်ကြောင့် ကျွန်တော်တို့က နောက်တစ်ခါ မထိမ်းကျေးရွာအုပ်စုမှာ ရွာပုန်းတွေဖြစ်တယ်လို့ သတ်မှတ်ထားတဲ့အတွက်ကြောင့် ကျွန်တော်တို့က ဒါကို ပေးလျော်ခြင်းမရှိပါဘူး။ ဒါအတွက်လည်း ၂၂-၅-၂၀၀၇ ခုနှစ်မှာတော့ စေတုတ္တရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဌာနအနေနဲ့ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများနဲ့ အစည်းအဝေးပြုလုပ်ပြီးတော့ သဘောတူညှိနှိုင်းဆုံးဖြတ်ချက်အရ ကံကျေးရွာကို တပ်ဧရိယာပြင်ပ၊ မထိမ်းကျေးရွာနဲ့ ကျောက်ခမောက်ဘုန်းကြီးတို့ကို ပြောင်းရွှေ့ခဲ့ပြီးဖြစ်တယ်လို့ ဖြေကြား ပြီးဖြစ်ပါတယ်။ အဲဒီတော့ သက်ဆိုင်ရာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီကလည်း လုပ်ထုံး လုပ်နည်းနှင့်အညီ သူတို့ ဆောင်ရွက်ပေးပါတယ်။ ကျွန်တော်တို့ တပ်ပိုင်းဆိုင်ရာကလည်း လယ်မြေနဲ့ ဦးပိုင်ပေါက်မြေတွေအတွက်ကို နစ်နာကြေး၊ လျော်ကြေးပေးပြီးဖြစ်ပါတယ်။ ကြိုးပြင်ကာကွယ်တော အတွက်လည်း ကျွန်တော်တို့မှာ ပြုလုပ်ရန်အခွင့်အလမ်းမရှိပါဘူး။ ဒါပေမယ့် တပ်မတော်အနေနဲ့ ကျွန်တော်တို့ရဲ့ ပိုင်နက်ထဲမှာ ဒီကျေးရွာတွေ ရွှေ့ပြောင်းဖို့ လိုအပ်လာလို့ရှိရင်တော့ ငွေရေး ကြေးရေးကတော့ ကျွန်တော်တို့မှာ ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါဘူး။

သက်ဆိုင်ရာ တပ်က လူအင်အား၊ ယာဉ်ယန္တရားအင်အားများနဲ့ ရွှေ့ပြောင်းပေးရာမှာ ကူညီဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**ဒေသခံပြည်သူများအနေဖြင့် ဓာတ်သတ္တုကဏ္ဍ၌အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်ခြင်းအတွက် ခွင့်ပြုမိန့်လျှောက်ထားရာတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ လွယ်ကူအဆင်ပြေစေရန် မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သပိတ်ကျင်းမဲဆန္ဒနယ်မှ ဒေါက်တာအောင်နိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာအောင်နိုင်(သပိတ်ကျင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်နိုင် ဖြစ်ပါတယ်။ ဒီနေ့အစည်းအဝေးမှာ ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရ ဓာတ်သတ္တုတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍနဲ့ ပတ်သက်ပြီးတော့မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ ကျေးဇူးပြု၍ Power Point ဖြင့် တင်ပြခွင့်ပြုပါရန် လေးစားစွာတောင်းခံအပ်ပါတယ်ခင်ဗျား။ ဓာတ်သတ္တုကဏ္ဍ၌အသေးစားနှင့် လက်လုပ်လက်စားထုတ်လုပ်ခြင်းအတွက် ဒေသခံပြည်သူများအနေဖြင့် ခွင့်ပြုမိန့်လျှောက်ထားရာတွင် ကြန့်ကြာမှုမရှိဘဲ လွယ်ကူအဆင်ပြေစွာဆောင်ရွက်နိုင်ရန် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလို၍မေးမြန်းထားတဲ့ မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့သတ္တုတွင်းဥပဒေကို တပ်မတော်အစိုးရလက်ထက် ၁၉၉၄ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်မှာ မြန်မာ့သတ္တုတွင်းဥပဒေကိုပြင်ဆင်တဲ့ဥပဒေဟူ၍ ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါတယ်။ ၂၀၁၈ ခုနှစ်မှာ မြန်မာ့သတ္တုတွင်းနည်းဥပဒေကိုထုတ်ပြန်ခဲ့ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်တဲ့ဥပဒေပုဒ်မ ၁၀ မှာ ဓာတ်သတ္တုအသေးစားနှင့် လက်လုပ်လက်စားလုပ်ကိုင်ခွင့်လျှောက်ထားမှုများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားသော သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် လုပ်ကွက်စိစစ်ချထားရေးအဖွဲ့သည် လျှောက်ထားချက်ကိုစိစစ်ပြီး ဝန်ကြီးဌာနနှင့်ညှိနှိုင်းသဘောထားရယူ၍ ခွင့်ပြုမိန့်ကို ထုတ်ပေးနိုင်သည်လို့ ပြဋ္ဌာန်းထားပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါပြဋ္ဌာန်းချက်အရ ဒေသခံ

ပြည်သူများအနေဖြင့် ခတ်သတ္တုအသေးစားနှင့်လက်လုပ်လက်စားလုပ်ကိုင်ခွင့်ကို လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ခွင့်ရရှိပါက ဒေသဖွံ့ဖြိုးတိုးတက်ခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းပေါများခြင်း၊ တရားမဝင်ခတ်သတ္တုတူးဖော်မှုများလျော့နည်းပပျောက်သွားနိုင်ခြင်း၊ ဒေသခံပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်များအတွက် ခတ်သတ္တုအခွန်အခများ ရရှိလာနိုင်ခြင်းစတဲ့ အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းလာမှာ အမှန်ဖြစ်ပါတယ်။

မြန်မာ့သတ္တုတွင်းဥပဒေကိုပြင်ဆင်တဲ့ဥပဒေကို ကြည့်မည်ဆိုရင် ခတ်သတ္တုကဏ္ဍမှာ ဗဟိုချုပ်ကိုင်မှုလျှော့ချထားတာကို တွေ့ရမှာဖြစ်သော်လည်း ဆက်စပ်နေတဲ့အခြားကဏ္ဍများတွင်လည်း ဖြေလျှော့ပေးနိုင်မှသာ ဒေသအတွက်ကောင်းကျိုးရရှိလာနိုင်မှာ ဖြစ်ပါတယ်။ ဥပမာအားဖြင့် ခတ်သတ္တုတူးဖော်ထုတ်လုပ်ရန် မြေအသုံးပြုခွင့်လျှောက်ထားရာတွင် လျှောက်ထားသောမြေသည် သစ်တောကြိုးဝိုင်းဧရိယာတွင်ကျရောက်နေပါက ပြည်ထောင်စုဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူရာတွင် ကြန့်ကြာမှုရှိနေခြင်းများ ကြုံတွေ့ရပါတယ်။ သစ်တောမြေမှလွတ်ကင်းသည့်တိုင် မြေလွတ်၊ မြေလတ်နှင့် မြေရိုင်းအတွင်း ကျရောက်နေခြင်းကြောင့် မြေလွတ်၊ မြေလတ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီသို့ မြေအသုံးပြုခွင့်လျှောက်ထားရပြီး ခွင့်ပြုချက်ရရှိမှသာ ဆောင်ရွက်ခွင့်ရှိ၍ ကြန့်ကြာမှုများထပ်မံကြုံတွေ့ရပါတယ်။ အသေးစားနှင့် လက်လုပ်လက်စားလုပ်ကိုင်ခွင့်လျှောက်လွှာများကို ၂၀၁၉ ခုနှစ် နှစ်ဆန်းပိုင်းမှစတင်လက်ခံခဲ့ရာ ကျွန်တော်ဒီမေးခွန်းကိုတင်လိုက်တဲ့ ပြီးခဲ့တဲ့ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလအထိဆိုရင် ကျွန်တော်တို့တစ်ကွက်မှ ခွင့်ပြုမိန့်မရရှိသေးဘူးဆိုတာတွေ့ရပါတယ်။ သပိတ်ကျင်းမြို့နယ်အတွင်း အသေးစားလုပ်ကွက် ၂၈ ကွက်၊ လက်လုပ်လက်စားလုပ်ကွက် ၂၄ ကွက် လျှောက်ထားပြီးဖြစ်တယ်လို့ သိရပါတယ်။ လက်ရှိအချိန်ထိ အသေးစားလုပ်ကွက်နှစ်ကွက်နှင့် လက်လုပ်လက်စားလုပ်ကွက်လေးကွက်သာ ခွင့်ပြုမိန့်ရရှိနေပါသေးတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အနေဖြင့် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်လျက်ရှိရာ Ease of doing business စီးပွားရေးလုပ်ငန်းများလွယ်ကူစွာ လုပ်ကိုင်နိုင်မှုအညွှန်းကိန်းများရမှတ်မြင့်မားရေးအတွက် ကြိုးစားဆောင်ရွက်နေတာကို တွေ့ရပါတယ်။ တိုင်းဒေသကြီးနဲ့ပြည်နယ်အဆင့် စီမံခန့်ခွဲခွင့်ရှိသော အသေးစားနှင့်လက်လုပ်လက်စား လျာထားဧရိယာများသည် ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ထုတ်ပြန်ထားခြင်းဖြစ်သောကြောင့် အဆိုပါလျာထားဧရိယာများအတွင်း လျှောက်ထားလာသောလုပ်ကွက်များအား သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ပြည်နယ်လုပ်ကွက် စိစစ်ချထားရေးအဖွဲ့တွင်ပါဝင်သော သစ်တောဦးစီးဌာန၊ ပတ်ဝန်းကျင်

ထိန်းသိမ်းရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းဦးစီးဌာနတို့မှ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ပြီးတိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုမိန့်ထုတ်ပေးနိုင်ပါက လွယ်ကူလျင်မြန်သောလုပ်ငန်းဆောင်ရွက်မှုဖြစ်ပြီး အထက်တွင်ဖော်ပြခဲ့သော ကောင်းကျိုးများကိုရရှိလာနိုင်မှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဓာတ်သတ္တုကဏ္ဍ၌ အသေးစားနှင့်လက်လုပ်လက်စား ထုတ်လုပ်ခြင်းအတွက် ဒေသခံပြည်သူများအနေဖြင့် ခွင့်ပြုမိန့်လျှောက်ထားရာတွင် ကြန့်ကြာမှုမရှိဘဲ လွယ်ကူအဆင်ပြေစွာဆောင်ရွက်နိုင်ရန် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် မည်သို့စီမံဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါသည်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာရဲမြင့်ဆွေ(ဒုတိယဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ မင်္ဂလာနံနက်ခင်းပါလို့ ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်တို့ မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်နိုင် မေးမြန်းတဲ့မေးခွန်းနဲ့ပတ်သက်ပြီး ကျွန်တော် ဒေါက်တာရဲမြင့်ဆွေ ဒုတိယဝန်ကြီးမှ ဖြေကြားသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။

ကျွန်တော်တို့ ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်တဲ့ဥပဒေ(၂၀၁၅)အရ ဇယား ၂ (ဃ) မှာပြဋ္ဌာန်းချက်အတိုင်း ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကဆောင်ရွက်ခွင့်ရှိသည့် သတ္တုအသေးစားနှင့် လက်လုပ်လက်စားလုပ်ငန်းတွေကို ကျွန်တော်တို့ခွင့်ပြုမိန့်လျှောက်ထားတဲ့နေရာမှာ ကြန့်ကြာမှုမရှိစေဘဲ လွယ်ကူအဆင်ပြေစွာဆောင်ရွက်နိုင်ရန် မြန်မာ့သတ္တုတွင်းဥပဒေပုဒ်မ ၆ ပုဒ်မခွဲ (က) အရ ကျွန်တော်တို့ဝန်ကြီးဌာနက ၁၃-၂-၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာနှင့် တိုင်းဒေသကြီး/ပြည်နယ်သယံဇာတဝန်ကြီးက ဥက္ကဋ္ဌအဖြစ်ပါဝင်တဲ့ တိုင်းဒေသကြီး/ပြည်နယ်လုပ်ကွက်စိစစ်ချထားရေးအဖွဲ့ကိုလည်း ဖွဲ့စည်းဆောင်ရွက် ပေးခဲ့ပါတယ်။

၂၀၁၅ မြန်မာ့သစ်တောဥပဒေကို ပြင်ဆင်တဲ့ဥပဒေ ပုဒ်မ ၁၀ မှာလည်း အသေးစားထုတ်လုပ်ခြင်း သို့မဟုတ် လက်လုပ်လက်စားထုတ်လုပ်ခြင်းများအတွက် ခွင့်ပြုမိန့် ထုတ်ပေးရန် ပုဒ်မ ၆ အရ လျှောက်ထားချက်တွေကို စိစစ်ပြီးဝန်ကြီးဌာနနှင့် ညှိနှိုင်းသဘောတူညီချက်ရယူ၍ ခွင့်ပြုမိန့် ထုတ်ပေးနိုင်သည်ဟုလည်း ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ ဒီခွင့်ပြုမိန့်တွေ လျှောက်ထားတဲ့နေရာမှာ ကြန့်ကြာမှုမရှိစေဘဲ အလွယ်တကူအဆင်ပြေစွာ ဆောင်ရွက်နိုင်ရန်အတွက် မြန်မာ့သစ်တောတွင်း နည်းဥပဒေ ၂၁၄ နည်းဥပဒေခွဲ(က)နဲ့အညီ ဘူမိဗေဒအချက်အလက်တွေအပေါ်မူတည်ပြီးတော့မှ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ဓာတ်သတ္တု အကြီးစား၊ အလတ်စား၊ အသေးစားနဲ့ လက်လုပ် လက်စားဧရိယာတွေကို ညှိနှိုင်းသတ်မှတ်ပေးခဲ့ပြီးတော့မှ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးကို မြေပုံနဲ့တကွ ပေးပို့အကြောင်းကြားခဲ့ပါတယ်။ တိုင်းဒေသကြီး/ပြည်နယ် လုပ်ကွက်စိစစ်ချထားရေး အဖွဲ့ကလည်း ခွင့်ပြုမိန့်ပေးပြီးတဲ့ အသေးစား၊ လက်လုပ်လက်စားလုပ်ကွက်များရဲ့ မြေပုံအညွှန်းတွေ ကိုဖော်ပြပြီး တစ်လလျှင်တစ်ကြိမ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ပေးပို့ရန် ၁၉-၄-၂၀၁၉ ရက်နေ့က တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးအားလုံးကိုလည်း အကြောင်းကြားထားပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီ Power Point မှာတင်ပြထားတာကတော့ လက်ရှိတိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှာ လုပ်ကွက်စိစစ်ချထားရေးအဖွဲ့က ခွင့်ပြုမိန့်ထုတ်ပေး ထားတဲ့ အသေးစားနဲ့လက်လုပ်လက်စားစာရင်း ဖြစ်ပါတယ်။ အကယ်၍ ကျွန်တော်တို့လျှောက်ထား လုပ်ကွက်တွေက သစ်တောနယ်မြေအတွင်း ကျရောက်နေမယ်ဆိုလို့ရှိရင်တော့ တိုင်းဒေသကြီး/ ပြည်နယ် သစ်တောဦးစီးဌာနတွေက Power Point မှာ ဖော်ပြထားတဲ့အချက်အလက်တွေကို ကွင်းဆင်းစစ်ဆေးစေပြီးတော့မှ ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ ၁၂ (က) အရ ဝန်ကြီးဌာန၏ သဘောတူညီချက်ကို ရယူရမှာဖြစ်ပါတယ်။ စစ်ဆေးရမယ့်အချက်တွေကတော့ ကြိုးဝိုင်း/ကြိုးပြင် သဘာဝနယ်မြေအတွင်း ပါဝင်ကျရောက်နေမှုအခြေအနေတွေ၊ သစ်တောသစ်ပင်ပေါက်ရောက်မှု အခြေအနေတွေ၊ စိုက်ခင်း၊ သစ်ထုတ်ရေးဧရိယာများအတွင်း ပါဝင်ကျရောက်မှုအခြေအနေတွေ၊ ရေဝေရေလဲဧရိယာအတွင်း ပါဝင်ကျရောက်နေမှုအခြေအနေတွေ၊ အခြားမြေအသုံးချမှုအခြေအနေ တွေနဲ့ သစ်တောသစ်ပင်တွေ ထိခိုက်နိုင်မှုအခြေအနေတွေနဲ့ လုပ်ငန်းဆောင်ရွက်မှုနည်းစနစ် စတာ တွေကိုစိစစ်ပေးရတာ ဖြစ်ပါတယ်။

ဓာတ်သတ္တုအသေးစားနဲ့ လက်လုပ်လက်စားတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းခွင့်ပြုမိန့် တင်ပြလာလို့ရှိရင်တော့ သစ်တောသစ်ပင်အစားထိုးစိုက်ပျိုးပေးမယ့် လုပ်ငန်းစီမံချက်တွေရေးဆွဲ တင်ပြစေပြီး မြေငှားရမ်းခကိုလည်းသက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်သစ်တောဦးစီးဌာန၊

ညွှန်ကြားရေးမှူးရုံးတွေမှာ တစ်နှစ်သက်တမ်းနဲ့စာချုပ်ချုပ်ဆိုဆောင်ရွက်ပေးစေပြီး လုပ်ငန်းကို စတင်ဆောင်ရွက်ခွင့်ပြုပါတယ်။ ဓာတ်သတ္တုအသေးစားထုတ်လုပ်ခြင်းလုပ်ငန်းတွေဟာ စီမံကိန်း ကာလအားဖြင့်တိုတောင်းခြင်း၊ လုပ်ငန်းရှင်များအတွက် ရနိုင်မယ့်အကျိုးအမြတ်တွေနဲ့ နှိုင်းယှဉ်လျှင် ရင်းနှီးမြှုပ်နှံမှုစရိတ်များပြားခြင်း၊ စက်အင်အားအသုံးပြုနိုင်မှုနည်းပါးခြင်းတွေကြောင့် လက်ရှိ လူမှုစီးပွားရေးအခြေအနေတွေအရ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ရေးအစီရင်ခံစာအဖြစ် သီးသန့် ဆောင်ရွက်စေခြင်းမပြုတော့ဘဲ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(EMP)ကိုသာ လေ့လာပြီးရေးဆွဲ တင်ပြလိုက်နာဆောင်ရွက်စေခဲ့ပါတယ်။ အလားတူ လက်လုပ်လက်စားထုတ်လုပ်ခြင်းလုပ်ငန်း တွေဟာလည်း ဧရိယာပမာဏသေးငယ်ခြင်း၊ ခွင့်ပြုကာလတစ်နှစ်သာရှိခြင်း၊ တစ်နိုင် တစ်ပိုင်လုပ်ငန်းဖြစ်ခြင်း၊ ဆင်းရဲနွမ်းပါးတဲ့ဒေသခံများအတွက်ဝင်ငွေရရှိစေတဲ့ အသက်မွေးဝမ်းကျောင်း လုပ်ငန်းတစ်ခုဖြစ်ခြင်း၊ ရင်းနှီးမြှုပ်နှံနိုင်မှုငွေပမာဏနည်းပါးခြင်း၊ EMP၊ IEE များရေးဆွဲရန် အခက်အခဲရှိခြင်းတို့ကြောင့် လက်တွေ့ကျပြီးတော့မှ လွယ်ကူစွာဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ အချိန်နဲ့တစ်ပြေးညီ လုပ်ကိုင်ခွင့်ပြုနိုင်ရန်ရည်ရွယ်ပြီးတော့မှ လက်လုပ်လက်စားလုပ်ငန်းတွေကိုလည်း သတ်မှတ်စည်းကမ်း၊ လမ်းညွှန်ချက်တွေထုတ်ပြန်ပြီး ကတိကဝတ်နဲ့သာ လိုက်နာဆောင်ရွက်စေလျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများအရ ဆောင်ရွက်ရမယ့်လုပ်ငန်းစဉ်ကို ဖြေလျှော့တဲ့အနေနဲ့ သတ်မှတ်ပေးထားတဲ့ အသေးစားလက်လုပ်လက်စားဧရိယာအတွင်း လုပ်ကိုင်ခွင့်စိစစ်ဆောင်ရွက်မှုတွေကို ကြန့်ကြာမှု မရှိစေရေးအတွက် ပြည်ထောင်စုဝန်ကြီးဌာနသို့ သဘောထားမှတ်ချက်တောင်းခံခြင်းမပြုစေတော့ဘဲ တိုင်းဒေသကြီး/ပြည်နယ် လုပ်ကွက်စိစစ်ချထားရေးအဖွဲ့များက သက်ဆိုင်ရာဌာနများနဲ့ ပေါင်းစပ်ညှိနှိုင်းတာဝန်ယူစိစစ်ပြီးတော့မှ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့ရဲ့ သဘောတူညီချက်နဲ့ခွင့်ပြုရန် တိုင်းဒေသကြီး/ပြည်နယ်များသို့လည်း ကျွန်တော်တို့အကြောင်းကြား ထားပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဝန်းသိုမြို့နယ်ရှိ သစ်အရောင်းစက် အမှတ်(၁၂၁) မြေနေရာအား ဝန်းသိုမြို့ပိုင်မြေအဖြစ် စွန့်လွှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဝန်းသိုမဲဆန္ဒနယ်မှ ဦးနေစိုးအောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးနေစိုးအောင်(ဝန်းသိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသို

မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေစိုးအောင်ဖြစ်ပါတယ်။ ယနေ့ကျွန်တော် မေးမြန်းသွားမည့်မေးခွန်းကတော့ မြန်မာ့သစ်လုပ်ငန်းသစ်အရောင်းစက် အမှတ်(၁၂၁) ပိုင်မြေအား ဝန်းသိုမြို့ပိုင်မြေအဖြစ် ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ်ရှိ/မရှိ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမြန်းခဲ့တဲ့သစ်အရောင်းစက် အမှတ်(၁၂၁)ဟာ ယခင်ကကျွန်းလှမြို့နယ်၊ ချက်တင်း ကျေးရွာမှာလုပ်ကိုင်နေတာ ဖြစ်ပါတယ်။ ၁၈-၄-၂၀၀၂ ရက်စွဲဖြင့် မြန်မာ့သစ်လုပ်ငန်းအရောင်းစက် ဌာနကို လက်ထောက်အထွေထွေမန်နေဂျာက ဝန်းသိုမြို့နယ်မှာ ပြောင်းရွှေ့လုပ်ကိုင်လိုကြောင်း မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကို တင်ပြခဲ့တာဖြစ်ပါတယ်။ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကန့်ကွက်ရန်မရှိကြောင်းနှင့် ၉-၅-၂၀၀၂ ရက်နေ့မှာ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကို လမ်းညွှန်မှုခံယူကြောင်းစာထွက်ခဲ့ပါတယ်။ အဲဒီအချိန် ကတည်းကစပြီးတော့ ဒီအဆိုပါသစ်ရောင်းစက်ကို စတင်လည်ပတ်ပြီး လုပ်ငန်းဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ မြေစာရင်းဌာန မြေပုံထုတ်ပေးဖို့ အနေဖြင့်ကတော့ ၁၀-၅-၂၀၀၂ ရက်နေ့မှာ ၅.၃ ဧက တစ်ကြိမ်၊ ၁၉-၃-၂၀၀၃ ရက်နေ့တွင် ၄.၈၆ ဧကဖြင့်တစ်ကြိမ်၊ ၂၅-၆-၂၀၀၇ ရက်နေ့တွင် ၄.၀၆ ဧက ဖြင့်တစ်ကြိမ် စုစုပေါင်းသုံးကြိမ်မြေစာရင်းမြေပုံထုတ်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ယခုနောက်ဆုံးအနေနဲ့ ကတော့ ၁၃-၇-၂၀၁၅ ရက်နေ့မှာ တိုင်းမြေစာရင်းက ၄.၀၆ ဧကကို မြေပုံရေးကူးခွင့် ခွင့်ပြုထားပြီး ဖြစ်ပါတယ်။ ဒီနေရာမှာပြောစရာရှိတာကတော့ ပထမအကြိမ် ထုတ်ပေးခဲ့တုန်းက ၅.၃ ဧကဖြစ်ပြီး နောက်ဆုံးထုတ်ပေးခဲ့တာက ၄.၀၆ ဧကဖြစ်ပါတယ်။ အနည်းငယ်ကွာခြားနေပါတယ်။ ဒီလိုကွာခြား နေတာ ဘာဖြစ်လို့လဲဆိုတော့ ယခင်စည်ပင်သာယာရေးကော်မတီကပိုင်တဲ့ အမှိုက်ကျင်းမြေနေရာ နှင့် သားသတ်မြေနေရာ အဖြစ်သတ်မှတ်ထားတဲ့ ၁.၂ ဧကအား စည်ပင်သာယာရေးကော်မတီမှ ပြန်လည် တောင်းယူခဲ့တဲ့ အတွက် လျော့နည်းသွားရခြင်းဖြစ်ပါတယ်။ သို့သော်လည်းပဲ လက်တွေ့မှာတော့ စည်ပင်သာယာရေးကော်မတီက လက်ခံရရှိခဲ့တာကတော့ တစ်ဧကတောင် မပြည့်ခဲ့ပါဘူး။ ဒါ့အပြင် ဒီအရောင်းသစ်စက် အမှတ်(၁၂၁)ဟာ ၂၀၁၆ ခုနှစ်ကနေစပြီးတော့ လုပ်ငန်းဆောင်ရွက်ရန် ကုန်ကြမ်းမရရှိတော့တဲ့အတွက် လုပ်ငန်းလည်ပတ်ဆောင်ရွက်နိုင်ခြင်းမရှိတာ ယနေ့အချိန်ထိပဲဖြစ် ပါတယ်။

အဆိုပါသစ်စက်အနေနဲ့လည်း လည်ပတ်နိုင်ခြင်းမရှိတော့တဲ့ဌာနကို ပြန်လည်အပ်နှံထားပြီး ဖြစ်တယ်လို့လည်းသိခဲ့ရပါတယ်။ ဒီမြေနေရာဟာ ယခင်တုန်းကတော့ မြို့အစွန်လူနေရပ်ကွက်နှင့် ဝေးတဲ့နေရာဖြစ်ပေမဲ့ ယခုအခုမှာဆိုလို့ရှိရင် မြို့နှင့်တစ်ဆက်တစ်စပ်တည်းဖြစ်နေပါပြီ။ ဒီမြေ

နေရာဟာ အင်မတန်မှကျယ်ဝန်းပြီးတော့ မြို့နှင့်တစ်ဆက်တစ်စပ်တည်းဖြစ်နေတဲ့အတွက် အများပြည်သူအတွက် လိုအပ်တဲ့အဆောက်အအုံတွေ၊ မြေနေရာလိုအပ်နေတဲ့ဌာနဆိုင်ရာတွေအတွက် အင်မတန်မှအသုံးဝင်လာမှာဖြစ်ပါတယ်။ ဒီလိုအင်မတန်မှ အသုံးဝင်လာတဲ့မြေတွေအတွက် မြေယာစီမံခန့်ခွဲမှုကိစ္စလည်း ရှင်းလင်းစေရန်အတွက် မြို့ပိုင်မြေအဖြစ်သတ်မှတ်ပေးဖို့ လိုအပ်နေတာဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက် မြန်မာ့သစ်လုပ်ငန်း သစ်အရောင်းစက် အမှတ်(၁၂၁) ပိုင်မြေအားဝန်းသိုမြို့ပိုင်မြေအဖြစ် ပြန်လည်စွန့်လွှတ်ပေးရန်အစီအစဉ်ရှိ/မရှိ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာရဲမြင့်ဆွေ(ဒုတိယဝန်ကြီး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေစိုးအောင် မေးမြန်းတဲ့မေးခွန်းနှင့်ပတ်သက်ပြီး ကျွန်တော် ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါရန်တင်ပြအပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဝန်းသိုမြို့နယ်ရှိ မြေဧရိယာ ၄.၁၆ ဧက ကျယ်ဝန်းတဲ့ အမှတ်(၁၂၁) သစ်စက်မြေနေရာပေါ်မှာ ပင်မစက်ရုံအပါအဝင် Power Point မှာ တင်ပြထားတဲ့အတိုင်း အဆောက်အဦ (ပုံသေပိုင်စာရင်းဝင်)(Fixed Assets) စုစုပေါင်းငါးလုံးတည်ဆောက်ထားပြီး မြေလွတ်ဧရိယာနှစ်ဧကပေါ်မှာလည်း ပျဉ်းကတိုး၊ ဝါးမျိုးစုံစုစုပေါင်း အပင် ၂၅၀ ပင် စိုက်ပျိုးထားရှိပါတယ်။ အဲဒီသစ်စက်မှာ လက်ရှိဆောင်ရွက်လျက်ရှိတဲ့ လုပ်ငန်းတွေကတော့ သစ်တောဦးစီးဌာနက ဖမ်းဆီးသစ် သစ်လုံး၊ ခွဲသားတွေ လွှဲအပ်လာတဲ့အခါမှာ လပ်ပုံထိုင်ခြင်း၊ ဝန်းသိုမြို့နယ်အတွင်းမှာ နေထိုင်တဲ့ မြန်မာ့သစ်လုပ်ငန်းအငြိမ်းစား ၂၉ ဦးအတွက် ပင်စင်လစာငွေထုတ်ပေးခြင်းနဲ့ စာရင်းဇယားများပြုစုခြင်း၊ ပျဉ်းကတိုး၊ ဝါးစိုက်ခင်းရှင်သန်ကြီးထွားဖို့ ရေလောင်းပေါင်းသင်လုပ်ငန်းတွေကို ဆောင်ရွက်ခြင်း စတာတွေကိုဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာလည်း ဝန်းသိုဝင်းထဲမှာ ဖမ်းဆီးသစ်ကျွန်း၊ သစ်မာ၊ သစ်လုံး၊ ခွဲသား စုစုပေါင်း ၁၂၈.၆၇၄၆ တန်ကိုလည်းလေလံစနစ်ဖြင့် ရောင်းချပေးတဲ့နေရာမှာ ပြည်တွင်းဝင်ငွေကျပ် ၂၇၈.၇၉၄ သန်း ရရှိခဲ့

ပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော် ကိုယ်စားလှယ်ကြီးမေးမြန်းချက်ပါ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့နယ်မှာရှိတဲ့သစ်အရောင်းစက် အမှတ်(၁၂၁) မြေနေရာမှာ လက်ရှိလုပ်ငန်းဆောင်ရွက်နေတဲ့အတွက် နိုင်ငံပိုင်စက်ရုံ၊ အဆောက်အဦ၊ ရုံး၊ ဝန်ထမ်းအိမ်ရာနှင့် စိုက်ခင်းဧရိယာများနဲ့ လွတ်ကင်းတဲ့ပင်မစက်ရုံ အနောက်ဘက်ခြမ်းမှာရှိတဲ့ ဧရိယာ ၁.၀၁ ဧကကို လုပ်ထုံးလုပ်နည်းနှင့်အညီ ပြန်လည်စွန့်လွှတ်ပေးနိုင်မှာဖြစ်ပါကြောင်းနှင့် အဆိုပါဧရိယာအားရယူမည်ဆိုပါက သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးနေစိုးအောင်(ဝန်းသိုမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကိုဆက်စပ်မေးခွန်းမေးခွင့်ပြုပါခင်ဗျား။ မေးခွန်းဖြေကြားပေးတဲ့ ဒုတိယဝန်ကြီးကိုလည်းကျေးဇူးတင်ပါတယ်။ အခုကျွန်တော်က ဒီမြေကိုအဓိကစွန့်လွှတ်ပေးဖို့တောင်းဆိုရခြင်း၏ရည်ရွယ်ချက်က အများပြည်သူနဲ့ဆိုင်တဲ့နေရာတွေလုပ်ဖို့။ ဥပမာ–ပန်းခြံတို့၊ ကားဝင်းတို့တည်ဆောက်ဖို့ နောက်တခြားမြေနေရာလိုအပ်နေတဲ့ ဌာနဆိုင်ရာတွေအတွက်ကိုအသုံးပြုဖို့အတွက် စွန့်လွှတ်ပေးဖို့တောင်းဆိုတာဖြစ်ပါတယ်။ အခုဒုတိယဝန်ကြီးဖြေသွားတာက အနောက်ဘက်ခြမ်းကို စွန့်လွှတ်ပေးမယ်ဆိုတော့ တကယ်တမ်းကျတော့ အနောက်ဘက်ခြမ်းမှာဘာမှမရှိတော့ပါဘူး။ အဲဒီဘက်ကိုဝင်ဖို့ လမ်းလည်းမရှိပါဘူး။ အဲဒီနေရာကိုစွန့်လွှတ်ပေးမယ်ဆိုရင် ကျွန်တော်တို့က မစွန့်လွှတ်တာတောင်ကောင်းပါသေးတယ်လို့ပြောရမလိုဖြစ်နေပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့တစ်ဆက်တစ်စပ်တည်း မေးမြန်းလိုတာကတော့ ဒီစွန့်လွှတ်ပေးမယ့်တစ်ဧကကျော်ကို မျက်နှာစာဖက်အခြမ်းမှာစွန့်လွှတ်ပေးဖို့ အစီအစဉ်ရှိ/မရှိ၊ နောက်ဒီနေရာမှာ ရှင်းလင်းအောင်ပြောရမယ်ဆိုလို့ရှိရင် အဲဒီအမှတ်(၁၂၁) သစ်အရောင်းစက်နဲ့ကပ်လျက်မှာ စည်ပင်သာယာရေးကော်မတီပိုင်မြေပေါ်မှာဆောင်ရွက်နေတဲ့ ကျွဲ၊ နွားပွဲဈေးဆောင်ရွက်နေတာ ရှိပါတယ်။ အဲဒီမြေနဲ့ကပ်လျက်မျက်နှာစာဘက်အခြမ်းမှာ စွန့်လွှတ်ပေးနိုင်ခြင်းရှိ/မရှိဆိုတာလေး ဆက်စပ်မေးခွန်းအနေနဲ့ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာရဲမြင့်ဆွေ(ဒုတိယဝန်ကြီး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ဒီဆက်စပ်မေးခွန်းနဲ့ပတ်သက်ပြီးကတော့ လက်တလောဆုံးဖြတ်ဖြေကြားနိုင်ရန် အခက်အခဲရှိ

ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့မှမြေဧရိယာ၊ စွန့်လွှတ်မယ့်ဧရိယာကို ပြန်လည်ညှိနှိုင်း သတ်မှတ်ဖို့ကတော့ ဝန်ကြီးဌာနမှာပြန်လည်စိစစ်ပြီးတော့မှ ကိုယ်စားလှယ်တော်ကြီးကိုသီးခြား ပြန်လည်ရှင်းလင်းတင်ပြပါမယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**သစ်တောဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများအား ဌာန၏ တရားဝင်လူမှုကွန်ရက်စာမျက်နှာ (Facebook Page)မှတစ်ဆင့် တစ်မြို့နယ်ချင်းစီ ပွင့်လင်းမြင်သာစွာ အသိပေးဖော်ပြသွားရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးနေထက်ဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးနေထက်ဝင်း(ဆင်ပေါင်ဝဲမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးနေထက်ဝင်း ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော်မေးမြန်းမယ့်မေးခွန်း ကတော့ သစ်တောဦးစီးဌာနရဲ့ လုပ်ငန်းဆောင်ရွက်မှုများအား ဌာနရဲ့တရားဝင်လူမှုကွန်ရက် စာမျက်နှာ(Facebook Page)ကတစ်ဆင့် တစ်မြို့နယ်ချင်းစီအလိုက် ပွင့်လင်းမြင်သာစွာ ဖော်ပြ ပေးသွားရန်အစီအစဉ်ရှိ/မရှိ သိရှိလိုပါ၍ မေးမြန်းသွားမှာပဲဖြစ်ပါတယ်။ သစ်တောဦးစီးဌာနရဲ့ တရားဝင်လူမှုကွန်ရက်စာမျက်နှာမှာ ဌာနရဲ့မူဝါဒများ၊ ရည်ရွယ်ချက်များ၊ သတင်းအချက်အလက် များ၊ လုပ်ငန်းဆောင်ရွက်မှုများနှင့် သစ်ဖမ်းဆီးရရှိမှုများကို ပြည်သူလူထုသိရှိနိုင်စေရန် ဖော်ပြ ပေးနေတာကို လေ့လာတွေ့ရှိရပါတယ်။ သို့ပေမဲ့ မြို့နယ်တစ်မြို့နယ်ချင်းစီအလိုက် သီးခြားစီခွဲခြား ဖော်ပြစေလိုသော စိတ်စေတနာဖြင့် ယခုမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။

သစ်တောဦးစီးဌာနရဲ့ တရားဝင်လူမှုကွန်ရက်စာမျက်နှာ(Facebook Page)တွေကို မြို့နယ် တစ်မြို့နယ်ချင်းစီအလိုက် သီးခြားစီခွဲခြားဆောင်ရွက်စေပြီး ဌာနရဲ့လုပ်ငန်းဆောင်ရွက်ချက်တွေကို ပြည်သူများသို့ အသိပေးသွားမယ်ဆိုပါက နိုင်ငံတော်ကစီမံချမှတ်ဆောင်ရွက်နေသော မြန်မာနိုင်ငံ သစ်တောများ ပြန်လည်ထူထောင်ရေးစီမံကိန်းကို ဆောင်ရွက်လျက်ရှိရာ မိမိမြို့နယ်အတွင်း သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် စိုက်ပျိုးသောစိုက်ခင်းများ၊ အသုံးပြုဘဏ္ဍာရန်ပုံငွေ၊ အောင်မြင် ဖြစ်ထွန်းမှုရှိ/မရှိစတာတွေကို အများပြည်သူတို့ အလွယ်တကူလေ့လာသိရှိနိုင်ခြင်း၊ အောင်မြင် ဖြစ်ထွန်းသည့်စိုက်ခင်းများကို အတုယူစိုက်ပျိုးလုပ်ကိုင်လာနိုင်ခြင်း၊ သစ်ဖမ်းဆီးရရှိမှုအခြေအနေ များကို တစ်မြို့နယ်ချင်းစီအလိုက် ထင်ရှားကွဲပြားစွာသိရှိနိုင်ခြင်း၊ သတင်းပေးတိုင်ကြားမှုများ

ပိုမိုများပြားလာနိုင်ခြင်း၊ မြို့နယ်အတွင်း သစ်ခိုးထုတ်မှုများရှိသော်လည်း ဖမ်းဆီးမှုနည်းပါးပါက သက်ဆိုင်ရာမြို့နယ်သစ်တောဦးစီးဌာန၏ စွမ်းဆောင်ရည်ကို အကဲဖြတ်သုံးသပ်နိုင်ခြင်း၊ လူထုသို့ ဖြန့်ဝေသောပျိုးပင်များ နှစ်စဉ်ဖြန့်ဝေနိုင်မှုအခြေအနေများကိုလည်း ပြည်သူများကောင်းစွာသိရှိနိုင်ခြင်း၊ ပိုမိုစနစ်ကျစွာဆောင်ရွက်နိုင်စေလိုခြင်း၊ အခမဲ့ဖြန့်ဝေတဲ့ပျိုးပင်များကို အခကြေးငွေရယူဆောင်ရွက်မှုများမဖြစ်စေလိုခြင်း၊ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော ဖွဲ့စည်းမှုအခြေအနေများကို ပြည်သူများအား တင်ပြပေးခြင်းအားဖြင့် စိုက်ပျိုးမြေချဲ့ထွင်မှုများ၊ မြေအသုံးချမှုပုံစံမှားယွင်းမှုများ၊ ပုံစံခွန်မှားယွင်းထုတ်ပေးမှုများ စသည့်မလိုလားအပ်သည့်ကိစ္စရပ်များ လျော့နည်းသွားစေနိုင်ခြင်း စတဲ့အကျိုးကျေးဇူးတွေကို ရရှိခံစားနိုင်မှာဖြစ်ပါတယ်။ သို့ပါ၍ သစ်တောဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ သတင်းအချက်အလက်များကို ဌာနရဲ့တရားဝင်လူမှုကွန်ရက်စာမျက်နှာ (Facebook Page)တွင် ဖော်ပြပေးနေရုံသာမက တစ်မြို့နယ်ချင်းစီအလိုက် သီးခြားစီခွဲခြားဆောင်ရွက်ပြီး ပြည်သူလူထုအား ပွင့်လင်းမြင်သာစွာ ချပြဆောင်ရွက်သွားစေလိုတဲ့အတွက် ယခုလိုမေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာရဲမြင့်ဆွေ(ဒုတိယဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေထက်ဝင်းမေးမြန်းတဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနအနေနဲ့ Forest Resource Assessment(FRA 2015)အရ မြန်မာနိုင်ငံရဲ့ လက်ရှိသစ်တောဖုံးလွှမ်းမှုဟာ ၄၂.၉၂ ရာခိုင်နှုန်းသာရှိပြီးတော့မှ ၎င်းအောက်ကို လျော့ကျသွားမှုမရှိစေရန်အတွက် မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်း(MRRP)ကို ၂၀၁၇–၂၀၁၈ ခုနှစ်ကနေပြီးတော့မှ ၂၀၂၆–၂၀၂၇ ခုနှစ်အထိ ရေးဆွဲပြီးတော့မှ ၁၀ နှစ်စီမံကိန်းအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါစီမံကိန်းအရ နှစ်စဉ်မိုးရာသီတွင် စိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်းတွေကို

ဆောင်ရွက်လျက်ရှိရာမှာ ၂၀၁၈-၂၀၁၉ ခုနှစ်နှင့် ၂၀၁၉-၂၀၂၀ ခုနှစ် ဇွန်လအထိ စိုက်ခင်းတည်ထောင်ပြီးစီးမှုတွေကို Power Point မှာတင်ပြပါအတိုင်း စိုက်ပျိုးပြီးဖြစ်ပါတယ်။

ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှုစီမံချက်(Green Environment Campaign)အရ မိုးရာသီတွင် ပြည်သူလူထုပူးပေါင်းပါဝင်မှုနဲ့ ပျိုးပင်များအခမဲ့ဖြန့်ဝေခြင်းနှင့် စိုက်ပျိုးခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ပျိုးပင်များဖြန့်ဝေခြင်းကို ပြည်သူများသိရှိပြီး ရယူနိုင်ရေးအတွက်လည်း မြို့နယ်သစ်တောဦးစီးဌာနတွေက နည်းလမ်းမျိုးစုံနဲ့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၉ ခုနှစ် မိုးရာသီမှာ ပျိုးပင်ပေါင်း ၆၅ သန်းကျော်စိုက်ပျိုးခဲ့ပြီး ၎င်းအနက် ၂၉ သန်းကျော်ကို ပြည်သူလူထုသို့ အခမဲ့ဖြန့်ဝေခြင်းနှင့်စိုက်ပျိုးခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၂၀ ပြည့်နှစ် မိုးရာသီမှာလည်း ပျိုးပင်စုစုပေါင်း ၆၅.၁၇ သန်းစိုက်ပျိုးရန်လျာထားထားပြီး ၂၀၂၀ ပြည့်နှစ် ဇွန်လကုန်အထိ ပျိုးပင်စုစုပေါင်း ၁၂ သန်းကျော် ကျွန်တော်တို့ စိုက်ပျိုးခဲ့ပြီးဖြစ်ပါတယ်။ လုပ်ငန်းဆောင်ရွက်ရမယ့်အစီအစဉ်တွေကိုလည်း MRTV Channel တွေမှာ အများပြည်သူသိရှိနိုင်ဖို့ ထုတ်လွှင့်ပြသခဲ့ပါတယ်။

သစ်တောဦးစီးဌာနရဲ့ လုပ်ငန်းဆောင်ရွက်မှုတွေကို မြို့နယ်တစ်မြို့နယ်ချင်းအလိုက် လူမှုကွန်ရက်စာမျက်နှာ(Facebook Page)တွေမှာ ပြည်သူလူထုထံသို့ ပွင့်လင်းမြင်သာစွာ အသိပေးသွားနိုင်ဖို့ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်သစ်တောဦးစီးဌာန များကိုလည်း ညွှန်ကြားထားပြီးဖြစ်ပါတယ်။ မိုးရာသီသစ်ပင်စိုက်ပျိုးခြင်းနှင့် ပျိုးပင်ဖြန့်ဝေခြင်းတွေကိုလည်း သက်ဆိုင်ရာမြို့နယ်အလိုက် လူမှုကွန်ရက်စာမျက်နှာကို Power Point မှာဖော်ပြထားတဲ့အတိုင်း ဖော်ပြပေးလျက်ရှိပါတယ်။ ဒါ့အပြင် တရားမဝင်သစ်နှင့် တောရိုင်းတိရစ္ဆာန် အစိတ်အပိုင်းများ ခိုးယူထုတ်လုပ်မှု လျော့နည်းပပျောက်ရေးမှာ ဒေသခံပြည်သူလူထုတွေ လျှို့ဝှက်သတင်းပေးပြီး ပူးပေါင်းဆောင်ရွက်နိုင်ဖို့ ၂၀၁၇ ခုနှစ် စက်တင်ဘာလကနေစပြီးတော့မှ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်များမှာ လူထုအခြေပြုစောင့်ကြည့်သတင်းပို့စနစ် (CMRS)ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာမှာ သက်ဆိုင်ရာမြို့နယ်တွေအလိုက် ဆက်သွယ်ရမယ့် Hot Line ဖုန်းနံပါတ်တွေကိုလည်း လူမှုကွန်ရက်စာမျက်နှာတွေ၊ သတင်းမီဒီယာတွေမှာ ကြေညာထားပေးပါတယ်။ ဒါ့အပြင် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ဖမ်းဆီးရရှိမှုတွေကိုလည်း သစ်တောဦးစီးဌာန Website နဲ့ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၏ Facebook Page တွေမှာ ၂၀၁၃ ခုနှစ်ကစတင်ပြီး အချိန်နဲ့တစ်ပြေးညီ ပြည်သူလူထုသို့ ပွင့်လင်းမြင်သာစွာ အသိပေးဆောင်ရွက်လျက်ရှိပါတယ်။

**မူကြမ်း**

သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းချက်နဲ့စပ်လျဉ်းပြီးတော့မှ သစ်တောဦးစီးဌာနရဲ့ လုပ်ငန်းဆောင်ရွက်ချက်တွေကို မြို့နယ်တစ်မြို့နယ်ချင်းအလိုက် လူမှုကွန်ရက်စာမျက်နှာ(Facebook Page)တွေမှာ ပွင့်လင်းမြင်သာစွာအသိပေးနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါကြောင်း၊ တရားမဝင်သစ်နှင့် တောရိုင်းတိရစ္ဆာန်အစိတ်အပိုင်းများ ခိုးယူထုတ်ယူတာတွေကို လျှို့ဝှက်သတင်းပေး ဆက်သွယ်ဆောင်ရွက်နိုင်မယ့် မြို့နယ်အလိုက် Hot Line ဖုန်းနံပါတ်တွေကိုလည်း လူမှုကွန်ရက်စာမျက်နှာတွေနဲ့ သတင်းမီဒီယာတွေမှာကြေညာခြင်း၊ တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းတွေ ဖမ်းဆီးရမိမှုတွေကိုလည်း Facebook Page တွေနဲ့ Website တွေမှာ ပြည်သူလူထုသို့ ပွင့်လင်းမြင်သာစွာ အသိပေးခြင်းများ ဆောင်ရွက်ထားရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ၃၀ မိနစ်ခန့် ခေတ္တရပ်နားမှာဖြစ်ပါတယ်။

**အချိန်၊ ၁၁:၂၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၃၀ မိနစ်ခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၁:၅၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီက မြေအောက်ရေစီမံခန့်ခွဲမှုဥပဒေကြမ်းကို တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ သယံဇာတနှင့်

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီက မြေအောက်ရေစီမံခန့်ခွဲမှုဥပဒေကြမ်းကို တင်သွင်းခဲ့ပါတယ်။ ဥပဒေကြမ်းတင်သွင်းဖို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးအေးနိုင်(အတွင်းရေးမှူး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဒုတိယဝန်ကြီးများနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံးကို မင်္ဂလာပါလို့ ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၏ အတွင်းရေးမှူး ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင် ဖြစ်ပါတယ်။ မြေအောက်ရေစီမံခန့်ခွဲမှုဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်သို့ တင်သွင်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းရေးဆွဲတင်သွင်းရခြင်းရဲ့ရည်ရွယ်ချက်များ တင်ပြရလျှင် (က) အမျိုးသားအဆင့်ရေအရင်းအမြစ်ဆိုင်ရာမူဝါဒများအား အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ (ခ) မြေအောက်ရေကို သက်ရှိလောကအတွက်အရေးကြီးသော သဘာဝအရင်းအမြစ်တစ်ခုအဖြစ် နားလည်တန်ဖိုးထားတတ်စေရန်၊ (ဂ) မြေအောက်ရေကို သဘာဝပတ်ဝန်းကျင်မထိုက်ခိုက်စေဘဲ စနစ်တကျထုတ်ယူသုံးစွဲခွင့်ပြုရေးအတွက် ကြီးကြပ်ဆောင်ရွက်ရန်နှင့် အတွေ့အကြုံများ ဖြန့်ဖြူးရန်၊ (ဃ) မြေအောက်ရေကို သဘာဝပတ်ဝန်းကျင်ကိုမထိခိုက်စေဘဲ စနစ်တကျထုတ်ယူသုံးစွဲခြင်းဖြင့် လူတို့၏လုပ်ရပ်များကြောင့် မြေအောက်ရေလျော့နည်းဆုံးရှုံးရာမှ သောက်သုံးရေရှားပါးမှုအန္တရာယ်ကြိုတင်ကာကွယ်ရန်၊ (င) မြေအောက်ရေ၏ ရေရှည်ထုတ်ယူသုံးစွဲသွားနိုင်မှု အရည်အသွေးနှင့် ရေ၏သဘာဝစနစ် တည်တံ့စေရေးတို့ကို ထိန်းသိမ်းကာကွယ်ရန်၊ (စ) ကျန်းမာရေးနှင့်ညီညွတ်သော သန့်ရှင်းသည့်သောက်ရေ၊ သုံးရေကို ပြည်သူများထုတ်ယူသုံးစွဲနိုင်စေရန်၊ (ဆ) မြေအောက်ရေကြီးကြပ်ထိန်းသိမ်းရေးလုပ်ငန်းကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ကျွမ်းကျင်သူပညာရှင်များနှင့် လိုအပ်သလို ပူးပေါင်းညှိနှိုင်းဆောင်ရွက်နိုင်ရန်၊ (ဇ) မြေအောက်ရေကြီးကြပ်ထိန်းသိမ်းခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းနှင့် နိုင်ငံအချင်းချင်း ပူးပေါင်း ဆောင်ရွက်နိုင်ရန်တို့ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျိုးကြောင်းဖော်ပြချက်အနေဖြင့် တင်ပြရလျှင် (၁) မြန်မာနိုင်ငံတွင် မြေအောက်ရေဥပဒေ(Ground water Act)တစ်ရပ်ကို ရန်ကုန်မြို့ပြအတွင်းတူးဖော်နေသော စက်ရေတွင်းများကြီးကြပ်ရန် ၁၉၃၀ ခုနှစ်က ရေးဆွဲအတည်ပြုခဲ့ပါတယ်။ အဆိုပါဥပဒေကို ထိုအချိန်မှစတင်ကျင့်သုံးခဲ့ပြီး ၁၉၉၀ ခုနှစ်နောက်ပိုင်းတွင် ဥပဒေအသက်မဝင်တော့သကဲ့သို့ဖြစ်ခဲ့ရ ပါတယ်။ ထိုစဉ်က ရန်ကုန်မြို့တွင် စက်ရေတွင်းပေါင်း ၃၀၀၀ ခန့်အထိ အိုးအိမ်ဦးစီးဌာနမှ ကိုင်တွယ်ထိန်းသိမ်းခဲ့ပြီး ယခုတွင်းပေါင်း ၃၀၀၀၀ ကျော်ရှိလာသည့်အချိန်တွင် စနစ်တကျ ထိန်းသိမ်းမှုမရှိတော့ပါ။ တစ်နိုင်ငံလုံးအနေဖြင့် ၁၉၉၃ ခုနှစ် ဌာနဆိုင်ရာမှတ်တမ်းများအရ စက်ရေတွင်းပေါင်းနှစ်သိန်းကျော်ရှိခဲ့ပြီး ယခုထို့ထက်များစွာပိုလာပြီဖြစ်၍ တစ်နိုင်ငံလုံးလွှမ်းခြုံသော ဥပဒေတစ်ရပ်လိုအပ်လာခြင်း၊ (၂) ယခုအခါ တစ်နိုင်ငံလုံးအနေဖြင့်တူးဖော်သုံးစွဲနေသော စက်ရေတွင်းများအား ထိန်းချုပ်နိုင်မှုမရှိတော့ခြင်း၊ မြေအောက်ရေထုတ်လုပ်မှုကြောင့် ဆက်လက် ဖြစ်ပေါ်လာနိုင်သော ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများ၊ သဘာဝဘေးအန္တရာယ်များအတွက် ပူပန်မှု များရှိနေခြင်းတို့ကြောင့် မြေအောက်ရေဆိုင်ရာဥပဒေတစ်ရပ်လိုအပ်လာပါသည်။

(၃) သို့ကြောင့် ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာကော်မတီသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အိုးအိမ်ဦးစီးဌာနက စတင်ရေးဆွဲခဲ့သော မူကြမ်းအပေါ်အခြေခံကာ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြင်ပပညာရှင်များ၊ ကော်မတီတွင်း အစည်းအဝေးစုစုပေါင်း ၂၄ ကြိမ် ညှိနှိုင်းဆွေးနွေးခဲ့ပြီးတော့ ယခုမြေအောက်ရေစီမံခန့်ခွဲမှု ဥပဒေကြမ်းကိုရေးဆွဲခဲ့ပါသည်။ ထို့နောက် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီနှင့် သုံးကြိမ်၊ ဒုတိယသမ္မတ(၂) ဦးဟင်နရီဗန်ထီးယူ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးအုန်းဝင်းနှင့် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးအပါအဝင် အမျိုးသားရေအရင်းအမြစ်အကြံပေးအဖွဲ့နှင့် ပြည်သူ့လွှတ်တော် သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့နှင့် တစ်ကြိမ်ဆွေးနွေး ခဲ့ပြီးတော့ ဤဥပဒေကြမ်းကို တင်ပြနိုင်ခဲ့ခြင်းဖြစ်ပါတယ်။ (၄) အဆိုပါ ဥပဒေကြမ်းတွင် ၁၉၈၀ ခုနှစ် ရေမူဝါဒများကတည်းက သတ်မှတ်ခဲ့သည့်အတိုင်း အဝီစိတွင်းအစား စက်ရေတွင်း အဖြစ်ပြောင်းလဲသုံးနှုန်းခဲ့ပြီးတော့ ပြည်တွင်း/ပြည်ပပညာရှင်များစွာ၏ အကြံပြုချက်များကိုလည်း အလေးထားရေးဆွဲခဲ့ပါသည်။ ယခုဥပဒေကြမ်းသည် ပြည်သူလူထု၏နေ့စဉ်အသုံးပြုနေရသော မြေအောက်ရေထုတ်ယူသုံးစွဲမှုအပေါ် ကန့်သတ်ချုပ်ချယ်ရန်ရည်ရွယ်ခြင်းမရှိဘဲ မြေအောက်ရေကို သားစဉ်မြေးဆက်ကောင်းစွာသုံးစွဲနိုင်ရန် စနစ်တကျစဉ်းစားရေးဆွဲခဲ့ခြင်းဖြစ်ပါတယ်။

**မူကြမ်း**

(၅) ဥပဒေပါအချက်အလက်အချို့ကို ကောက်နုတ်တင်ပြရမယ်ဆိုရင် မြေအောက်ရေသုံးစွဲသူများ၏ တာဝန်နှင့်အခွင့်အရေးများ၊ လိုက်နာရမည့်စည်းကမ်းများ၊ စက်ရေတွင်းတူးဖော်ခွင့်ရှိသူများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ ဌာနဆိုင်ရာနှင့် စက်ရုံ/အလုပ်ရုံစသည်တို့၏ စနစ်တကျပူးပေါင်းဆောင်ရွက်ခြင်းများပါသကဲ့သို့ ကျွမ်းကျင်ပညာရှင်များဖြင့် မြေအောက်ရေဆိုင်ရာ Database ထူထောင်ခြင်း၊ ရေဆိုးရေညစ်များအား သန့်စင်စေခြင်း၊ မြေအောက်ရေအရည်အသွေးနှင့် ပတ်ဝန်းကျင်သန့်စင်စေရေး စောင့်ကြည့်စစ်ဆေးခြင်း၊ ရာသီဥတုပြောင်းလဲခြင်းနှင့် လိုက်လျောညီထွေဖြစ်စေရန် အစီအမံများချမှတ်ခြင်းစသည်တို့ပါဝင်ပါသည်။ (၆) သို့ဖြစ်ပါ၍ နိုင်ငံအတွက်အရေးတကြီးလိုအပ်လျက်ရှိသော မြေအောက်ရေစီမံခန့်ခွဲမှုဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်ကြီးက စိစစ်ပြင်ဆင်အတည်ပြုပေးနိုင်ရန် လေးစားစွာတင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

## မြေအောက်ရေစီမံခန့်ခွဲမှုဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ မြေအောက်ရေစီမံခန့်ခွဲမှုဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းထွန်းအေး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဝင်ဝန်ကြီးများအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင်တစ်ဦးဖြစ်ပြီး ရှမ်းပြည်နယ်၊ မိုင်းရှူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းအေး ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့တာဝန်ပေးချက်အရ မြေအောက်ရေစီမံခန့်ခွဲမှုဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့လေ့လာတွေ့ရှိချက်အစီရင်ခံစာကို တင်ပြသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီကတင်သွင်းတဲ့ မြေအောက်ရေစီမံခန့်ခွဲမှုဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင်ဆွေးနွေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်ရုံးရဲ့ ၂၃-၁၂-၂၀၁၉ ရက်စွဲပါ စာအမှတ်၊ ၆/ ၁၂/ ၁၀ (၃၇၉)/ ပထစ- ၂၀၁၉ နဲ့ ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ အနေနဲ့ မြေအောက်ရေစီမံခန့်ခွဲမှုဥပဒေကြမ်းကို အောက်ဖော်ပြပါရည်ရွယ်ချက်များအပေါ် အခြေခံ ပြီးတော့ ရေးဆွဲလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ အဲ့ဒါတွေကတော့ မြေအောက်ရေကို သက်ရှိလောကအတွက် အရေးကြီးတဲ့ သဘာဝအရင်းအမြစ်တစ်ခုအဖြစ် နားလည်တန်ဖိုးထားတတ် စေရန်၊ သဘာဝပတ်ဝန်းကျင်မထိခိုက်စေဘဲ စနစ်တကျ ထုတ်ယူသုံးစွဲခြင်းပြုရေးအတွက် ကြိုးကြပ် ဆောင်ရွက်ဖို့နှင့် အသိပညာဖြန့်ဖြူးရန်၊ သဘာဝပတ်ဝန်းကျင်ကိုမထိခိုက်စေဘဲ စနစ်တကျ ထုတ်ယူသုံးစွဲခြင်းဖြင့် လူတို့ရဲ့လုပ်ဆောင်ချက်များကြောင့် မြေအောက်ရေလျော့နည်းဆုံးရှုံးရာမှ သောက်သုံးရေရှားပါးမှုအန္တရာယ်ကို ကြိုတင်ကာကွယ်ရန်၊ မြေအောက်ရေရဲ့ ရေရှည်ထုတ်ယူသုံးစွဲ သွားနိုင်မှု၊ အရည်အသွေးနှင့် ရေရဲ့သဘာဝစနစ်တည်တံ့စေရေးတို့ကို ထိန်းသိမ်းကာကွယ်ရန်၊ ကျန်းမာရေးနှင့်ညီညွတ်သော သန့်ရှင်းတဲ့ သောက်ရေ၊ သုံးရေတွေကို ပြည်သူများထုတ်ယူသုံးစွဲ နိုင်စေရန်၊ မြေအောက်ရေစီမံခန့်ခွဲမှုလုပ်ငန်းတွေကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ကျွမ်းကျင်သူပညာရှင်များနှင့် လိုအပ်သလို ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ရန်နှင့် မြေအောက်ရေစီမံခန့်ခွဲမှုလုပ်ငန်းနှင့်စပ်လျဉ်းပြီး အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် နိုင်ငံအချင်းချင်းပူးပေါင်းဆောင်ရွက်နိုင်ရန် ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဟာ မြေအောက်ရေစီမံခန့်ခွဲမှုဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ၈-၇-၂၀၂၀ ရက်(ဗုဒ္ဓဟူးနေ့)နှင့် ၁၀-၇-၂၀၂၀ ရက်(သောကြာနေ့)တို့မှာ ပြည်သူ့ လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၊ အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမျိုးသားအဆင့် ရေအရင်းအမြစ် ကော်မတီနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ Video Conferencing စနစ်ဖြင့် ညှိနှိုင်းအစည်းအဝေးတွေကို ကျင်းပပြုလုပ်ခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာမှာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များကိုလည်း လွှတ်တော်ကိုယ်စားလှယ်များထံသို့ ဝေငှထားပြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မြေအောက်ရေစီမံခန့်ခွဲမှုဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရစိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ လေးစားစွာဖြင့် အစီရင်ခံတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်

# ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ၁၅/ပသ-ဥပဒေကြမ်း/၂၀၂၀-၉၈

ရက်စွဲ ၊၂၀၂ ၀ ပြည့်နှစ်၊ ဇူလိုင် လ ၁၃ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **မြေအောက်ရေစီမံခန့်ခွဲမှု ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာတင်ပြခြင်း**

ရည် ညွှန်း ချက်။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၃-၁၂-၂၀၁၉ ရက်စွဲပါ စာအမှတ်၊ ၆/ ၁၂/ ၁၀ (၃၇၉)/ ပထစ- ၂၀၁၉

၁။ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီကတင်သွင်းသော မြေအောက်ရေစီမံခန့်ခွဲမှုဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီသည် မြေအောက်ရေစီမံခန့်ခွဲမှုဥပဒေကြမ်းကို အောက်ဖော်ပြပါ ရည်ရွယ်ချက်များအပေါ် အခြေခံ၍ ရေးဆွဲလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) မြေအောက်ရေကို သက်ရှိလောကအတွက် အရေးကြီးသော သဘာဝအရင်းအမြစ် တစ်ခုအဖြစ် နားလည်တန်ဖိုးထားတတ်စေရန်၊

(ခ) မြေအောက်ရေကို သဘာဝပတ်ဝန်းကျင်မထိခိုက်စေဘဲ စနစ်တကျထုတ်ယူ သုံးစွဲခြင်းပြုရေးအတွက် ကြီးကြပ်ဆောင်ရွက်ရန်နှင့် အသိပညာဖြန့်ဖြူးရန်၊

**မူကြမ်း**

(ဂ) မြေအောက်ရေကို သဘာဝပတ်ဝန်းကျင်ကိုမထိခိုက်စေဘဲ စနစ်တကျထုတ်ယူသုံးစွဲခြင်းဖြင့် လူတို့၏လုပ်ရပ်များကြောင့် မြေအောက်ရေလျော့နည်းဆုံးရှုံးရာမှ သောက်သုံးရေရှားပါးမှုအန္တရာယ်မှ ကြိုတင်ကာကွယ်ရန်၊

(ဃ) မြေအောက်ရေ၏ ရေရှည်ထုတ်ယူသုံးစွဲသွားနိုင်မှု၊ အရည်အသွေးနှင့် ရေ၏သဘာဝစနစ်တည်တံ့စေရေးတို့ကို ထိန်းသိမ်းကာကွယ်ရန်၊

(င) ကျန်းမာရေးနှင့်ညီညွတ်သော သန့်ရှင်းသည့် သောက်ရေ၊ သုံးရေကို ပြည်သူများထုတ်ယူသုံးစွဲနိုင်စေရန်၊

(စ) မြေအောက်ရေစီမံခန့်ခွဲမှုလုပ်ငန်းကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကျွမ်းကျင်သူပညာရှင်များနှင့် လိုအပ်သလို ပူးပေါင်းညှိနှိုင်းဆောင်ရွက်နိုင်ရန်၊

(ဆ) မြေအောက်ရေစီမံခန့်ခွဲမှုလုပ်ငန်းနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် မြေအောက်ရေစီမံခန့်ခွဲမှုဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၈-၇-၂၀၂၀ ရက်(ဗုဒ္ဓဟူးနေ့)နှင့် ၁၀-၇-၂၀၂၀ ရက်(သောကြာနေ့)တို့တွင် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၊ အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ Video Conferencing စနစ်ဖြင့် ညှိနှိုင်းအစည်းအဝေးများကျင်းပပြုလုပ်ခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာတွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မြေအောက်ရေစီမံခန့်ခွဲမှုဥပဒေကြမ်းတွင် အခန်း(၁၀)ခန်းနှင့် အပိုဒ်ပေါင်း ၄၂ ပိုဒ်ပါရှိပါသည်။

(ခ) ဥပဒေခေါင်းစဉ်းကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

မြေအောက်ရေစီမံခန့်ခွဲမှုဥပဒေ

(၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်      ။)

၁၃၈၂ ခုနှစ်၊           လ၊           ရက်

(၂၀၂၀ ပြည့်နှစ်၊           လ၊           ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

(ဂ) အခန်း (၁) အပိုဒ် ၂ အပိုဒ်ခွဲ(က)ရှိ ဤစကားရပ်တွင် ဆိုသည့်စကားရပ်ကို ယင်းစကားရပ်တွင် ဟုပြင်ဆင်ပါသည်။

(ဃ) အပိုဒ် ၂ အပိုဒ်ခွဲ(ခ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ) မြေအောက်ရေထုတ်ယူသုံးစွဲခြင်းဆိုသည်မှာ မြေအောက်ရေကို စက်အင်အားအသုံးပြု၍သော်လည်းကောင်း၊ သဘာဝအလျောက် ရေလျှံထွက်ခြင်းဖြင့်သော်လည်းကောင်း၊ တစ်နည်းနည်းဖြင့်သော်လည်းကောင်း ထုတ်ယူသုံးစွဲခြင်းကို ဆိုသည်။

(င) အပိုဒ် ၂ အပိုဒ်ခွဲ(ဂ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဂ) မြေအောက်ရေစီမံခန့်ခွဲမှုဆိုသည်မှာ မြေအောက်ရေအောင်းလွှာဇုန် စီမံခန့်ခွဲခြင်း (Groundwater zone management)၊ မြေအောက် ရေထုတ်ယူသုံးစွဲခြင်း၊ ထိန်းသိမ်းခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် သုတေသနပြုခြင်း လုပ်ငန်းစဉ်အဆင့်ဆင့်အား စီမံခန့်ခွဲမှုကိုဆိုသည်။

(စ) အပိုဒ် ၂ အပိုဒ်ခွဲ(င)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(င) စက်ရေတွင်းဆိုသည်မှာ မြေအောက်ရေကို ပိုက်ချ၍ထုတ်ယူသော အဝီစိတွင်းကိုဆိုသည်။ ယင်းစကားရပ်တွင် အပေါ်ဆုံးရေအောင်းလွှာအတွင်း တည်ရှိသောရေကိုထုတ်ယူသည့် တွင်းတိမ်များမပါဝင်။

(ဆ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၂ အပိုဒ်ခွဲ(စ)ကို ပယ်ဖျက်ပါသည်။

(ဇ) အပိုဒ် ၂ အပိုဒ်ခွဲ(ဆ)ကို အပိုဒ်ခွဲ(စ)အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ တူးဖော်ရရှိနိုင်သော ဧရိယာကိုဆိုလိုသည် ဆိုသည့်စကားရပ်ကို တူးဖော်ရရှိနိုင်သော ဧရိယာကိုဆိုသည်။ ဟုပြင်ဆင်ပါသည်။

**မူကြမ်း**

(ဈ) အပိုဒ် ၂ အပိုဒ်ခွဲ(ဆ)နှင့်(ဇ)တို့အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည် –

(ဆ) မြေအောက်ရေအောင်းလွှာဇုန်ဆိုသည်မှာ မြေအောက်ရေ ခိုအောင်းရာ သဲလွှာ သို့မဟုတ် စရစ်ဖြုန်းကျောက်လွှာတို့ အနက်ပေအလိုက် ပျံ့နှံ့တည်ရှိသည့် တဆက်တစပ်တည်း နယ်မြေဒေသ (Groundwater Basin) ကို ဆိုသည်။

(ဇ) မြေအောက်တမံဆိုသည်မှာ ရွေ့လျားစီးဆင်းနေသည့် မြေအောက်ရေအား ရယူအသုံးပြုနိုင်ရန် မြေမျက်နှာပြင်အောက်တွင် တည်ဆောက်သော တမံ (Subsurface Dam) ကို ဆိုသည်။

(ည) အပိုဒ် ၂ အပိုဒ်ခွဲ(ဇ)ကို အပိုဒ်ခွဲ(ဈ)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်–

(ဈ) ဗဟိုကော်မတီ ဆိုသည်မှာ ဤဥပဒေအရ အစိုးရအဖွဲ့က ဖွဲ့စည်းသော မြေအောက်ရေ ကြီးကြပ်ထိန်းသိမ်းရေးဗဟိုကော်မတီကို ဆိုသည်။

(ဋ) အပိုဒ် ၂ အပိုဒ်ခွဲ(ဈ)ကို အပိုဒ်ခွဲ(ည)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်–

(ည) လုပ်ငန်းအဖွဲ့ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေနှင့် မြို့နယ် မြေအောက်ရေကြီးကြပ်ထိန်းသိမ်းရေး လုပ်ငန်းအဖွဲ့ကို ဆိုသည်။

(ဌ) အပိုဒ် ၂ အပိုဒ်ခွဲ(ဋ)ကို အပိုဒ်ခွဲ(ဌ)အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ စည်းကမ်းသတ်မှတ်ချက်ဖြင့် ဆိုသည့်စကားရပ်ကို ပယ်ဖျက်ပါသည်။

(ဍ) အပိုဒ် ၂ အပိုဒ်ခွဲ(ဌ)ကို အပိုဒ်ခွဲ(ဍ)အဖြစ် အောက်ပါအတိုင်းပြင်ဆင်ပါသည်–

"(ဍ) လုပ်ငန်းလိုင်စင် ဆိုသည်မှာ မြေအောက်ရေ ထုတ်ယူရေးအတွက် ပုဂ္ဂလိကအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေလုပ်ငန်းအဖွဲ့က ထုတ်ပေးသော စက်ရေတွင်း တူးဖော်ခြင်း ဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းလိုင်စင်ကို ဆိုသည်။

(ဎ) အပိုဒ် ၂ အပိုဒ်ခွဲ(ဍ)ကို အပိုဒ်ခွဲ(ဎ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ စည်းကမ်းသတ်မှတ်ချက်ဖြင့် ခွင့်ပြုသည့်အမိန့်ကို ဆိုသည်။ ဆိုသည့်စကားရပ်ကို

သက်ဆိုင်ရာလုပ်ငန်းအဖွဲ့က ထုတ်ပေးသော ခွင့်ပြုသည့်အမိန့်ကိုဆိုသည်။ ဟု ပြင်ဆင်ပါသည်။

(ဏ) အပိုဒ် ၂ အပိုဒ်ခွဲ(ဎ)ကို အပိုဒ်ခွဲ(ဏ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ စက်ရေတွင်းမှ ထုတ်ယူသုံးစွဲခြင်းကို ဆိုသည့်စကားရပ်ကို စက်ရေတွင်းမှ ရေကို အိမ်သုံးအတွက် ဟုပြင်ဆင်ပါသည်။

(တ) အပိုဒ် ၂ အပိုဒ်ခွဲ(ဏ)ကို အပိုဒ်ခွဲ(တ)အဖြစ် အောက်ပါအတိုင်းပြင်ဆင်ပါသည်-

(တ) လုပ်ငန်းသုံး ဆိုသည်မှာ စက်ရေတွင်းမှ ရေကို လုပ်ငန်းသုံးအတွက် ထုတ်ယူသုံးစွဲခြင်းကို ဆိုသည်။

(ထ) အပိုဒ် ၂ အပိုဒ်ခွဲ(ဒ)ကို အပိုဒ်ခွဲ(ဓ)အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ပြည်ထောင်စု အစိုးရအဖွဲ့၏ ဆိုသည့်စကားရပ်ကို အစိုးရအဖွဲ့၏ ဟုပြင်ဆင်ပါသည်။

(ဒ) အခန်း(၂) အပိုဒ် ၃ အပိုဒ်ခွဲ(က)အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက် ပါသည်-

(က) အမျိုးသားအဆင့်ရေမူဝါဒများအား အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(ဓ) အပိုဒ် ၃ အပိုဒ်ခွဲ(ဂ)ကို အပိုဒ်ခွဲ(ဃ)အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ မြေအောက် ရေကို သဘာဝပတ်ဝန်းကျင်ကိုမထိခိုက်စေဘဲ ဆိုသည့်စကားရပ်ကို မြေအောက် ရေကို သဘာဝပတ်ဝန်းကျင်မထိခိုက်စေဘဲ ဟုပြင်ဆင်ပါသည်။

(န) အခန်း(၃) ခေါင်းစဉ်ကို ဗဟိုကော်မတီနှင့် လုပ်ငန်းအဖွဲ့အဆင့်ဆင့်ဖွဲ့စည်းခြင်းနှင့် တာဝန်နှင့်လုပ်ပိုင်ခွင့်များ ဟုပြင်ဆင်ပါသည်။

(ပ) အပိုဒ် ၄ အပိုဒ်ခွဲ(က) ခြေဆင်းကို ဗဟိုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် ဟုပြင်ဆင်ပါသည်။

(ဖ) အပိုဒ် ၄ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၂)နှင့်(၃)တို့ကို အပိုဒ်ခွဲငယ်(၃)နှင့်(၄)တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က)(၃) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

(၄) ဒုတိယဝန်ကြီး — အဖွဲ့ဝင်

စိုက်ပျိုးရေး၊

မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(ဗ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၄ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၄)ကို ပယ်ဖျက်ပါသည်။

(ဘ) အပိုဒ် ၄ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၅) (၆) နှင့် (၇) တို့ကို အပိုဒ်ခွဲငယ်(၂) (၅) နှင့် (၆) တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က)(၂) ဒုတိယဝန်ကြီး ဒုတိယဥက္ကဋ္ဌ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(၅) ဒုတိယဝန်ကြီး အဖွဲ့ဝင်

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(၆) ဒုတိယဝန်ကြီး အဖွဲ့ဝင်

ဆောက်လုပ်ရေးဝန်ကြီးဌာန

(မ) အပိုဒ် ၄ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၁၂)အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(က)(၁၂) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(ယ) အပိုဒ် ၄ အပိုဒ်ခွဲ(ခ)ရှိ လိုအပ်သလို ဆိုသည့်စကားရပ်ကို လိုအပ်ပါက ဟုပြင်ဆင်ပါသည်။

(ရ) အပိုဒ် ၅ ခြေဆင်းရှိ လုပ်ငန်းတာဝန်များမှာ ဆိုသည့်စကားရပ်ကို တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ ဟုပြင်ဆင်ပါသည်။

(လ) အပိုဒ် ၅ အပိုဒ်ခွဲ(ခ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ) မြေအောက်ရေနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များ စုဆောင်းခြင်းဆိုင်ရာဗဟိုဌာန (Database Centre)တစ်ခုထူထောင်ပြီး အချက်အလက်များ စုဆောင်းခြင်း၊ မှတ်တမ်းပြုခြင်း၊ စူးစမ်းလေ့လာခြင်း၊ သုတေသနပြုခြင်းတို့နှင့်စပ်လျဉ်း၍ ဦးစီးဌာန၏ဆောင်ရွက်ချက်ကို ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်း၊ မြေအောက်ရေကိုအသုံးချရာတွင် စောင့်ကြည့်ကွပ်ကဲရေး

စနစ်ထားရှိခြင်း၊ ဦးစီးဌာနမှတစ်ဆင့် လုပ်ငန်းအဖွဲ့အဆင့်ဆင့်အား သတင်းအချက်အလက်များ ဖြန့်ဝေခြင်း၊

(ဝ) အပိုဒ် ၅ အပိုဒ်ခွဲ(ဃ) (င) နှင့် (စ) တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဃ) နည်းပညာငွေကြေးနှင့် ကျွမ်းကျင်မှုဆိုင်ရာ အကူအညီများ လိုအပ်ပါက အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့ အစည်းများ၊ ပြည်တွင်း၊ ပြည်ပ မြေအောက်ရေ ကျွမ်းကျင်ပညာရှင်များနှင့် အဖွဲ့အစည်းများထံမှ အကူအညီရယူခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(င) မြေအောက်ရေကို ရှာဖွေခြင်း၊ ထုတ်ယူသုံးစွဲခြင်းနှင့် ကြီးကြပ်ခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ငန်းအဖွဲ့များနှင့် ပြည်ထောင်စုနယ်မြေလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(စ) သက်ဆိုင်ရာ လုပ်ငန်းတာဝန်များကို အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် သင့်လျော်သောလုပ်ငန်းတာဝန်များကို ဦးစီးဌာနအား လွှဲအပ်တာဝန်ပေးခြင်း၊

(သ) အပိုဒ် ၅ အပိုဒ်ခွဲ(ဆ)နှင့်(ဇ)တို့အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(ဆ) လုပ်ငန်းလိုင်စင်ကြေးအပါအဝင် အခြားသော အခကြေးငွေများကို သတ်မှတ်ခြင်း၊

(ဇ) သုံးစွဲခွင့်ပြုမိန့်အတွက် ကာလအတိုင်းအတာနှင့် ထုတ်ယူသုံးစွဲရမည့် ခွင့်ပြုရေပမာဏ သတ်မှတ်ခြင်း၊

(ဟ) အပိုဒ် ၅ အပိုဒ်ခွဲ(ဆ)ကို အပိုဒ်ခွဲ(ဈ)အဖြစ် အစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သော အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊ ဟုပြင်ဆင် ပါသည်။

(ဠ) အပိုဒ် ၅ အပိုဒ်ခွဲ(ည)အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(ည) သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ ပါဝင်သော ဗဟိုကော်မတီ၏ အကြံပေးအဖွဲ့ကို ဖွဲ့စည်းခြင်း။

**မူကြမ်း**

(အ) အပိုဒ် ၆ ခြေဆင်း အပိုဒ်ခွဲ (က) (ခ) နှင့် (ဂ) ခြေဆင်းတို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်–

၆။ ဗဟိုကော်မတီသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေလုပ်ငန်းအဖွဲ့ကိုအောက်ပါအတိုင်းဖွဲ့စည်းရမည် –

(က) နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ သို့မဟုတ် ဝန်ကြီးချုပ် ဥက္ကဋ္ဌ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့

(ခ) နေပြည်တော်ကောင်စီဝင် သို့မဟုတ် တိုင်းဒေသကြီး ဒုတိယ သို့မဟုတ် ပြည်နယ်၏ သက်ဆိုင်ရာဝန်ကြီးတစ်ဦး ဥက္ကဋ္ဌ

(ဂ) ဒုတိယညွှန်ကြားရေးမှူးအဆင့်အောက် မနိမ့်သောပုဂ္ဂိုလ် အဖွဲ့ဝင် တစ်ဦးစီ

( – ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၆ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ်(၁)ကို ပယ်ဖျက်ပါသည်။

( – ) အပိုဒ် ၆ အပိုဒ်ခွဲ(ဃ)နှင့်(င)တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်–

| | |
|---|---|
| (ဃ) အတွင်းရေးမှူး၊ နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ | အတွင်းရေးမှူး |
| (င) ညွှန်ကြားရေးမှူး၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေး ဦးစီးဌာန (ခြွင်းချက်။ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေး ဦးစီးဌာနမရှိသည့် နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးများကို ထည့်သွင်းဖွဲ့စည်းရန်။) | တွဲဖက်အတွင်းရေးမှူး |

( – ) အပိုဒ် ၇ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်–

မူကြမ်း

၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေလုပ်ငန်းအဖွဲ့၏တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) မြေအောက်ရေနှင့်စပ်လျဉ်းသည့် အချက်အလက်များ စုဆောင်းခြင်း၊ မှတ်တမ်းပြုခြင်း၊ သုတေသနပြုခြင်းတို့နှင့်စပ်လျဉ်း၍ ဦးစီးဌာန၏ ဆောင်ရွက်ချက်ကိုကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်း၊ မြေအောက် ရေကို အသုံးချရာတွင် စောင့်ကြည့်ကွပ်ကဲရေးစနစ် ထားရှိခြင်း၊

(ခ) မြေအောက်ရေကို ထုတ်ယူသုံးစွဲခြင်းပြုရာတွင် မြေအောက်ရေ၏ သဘာဝစနစ်ကို ထိခိုက်ပျက်စီးစေနိုင်ခြင်း ရှိ မရှိ၊ လူနှင့် ပတ်ဝန်းကျင် မထိခိုက်စေရန် သတ်မှတ်သည့် စံချိန်စံညွှန်းများနှင့်အညီ လိုက်နာ ဆောင်ရွက်ခြင်းရှိ/မရှိ စိစစ်ကြီးကြပ်ခြင်းနှင့် အသိပညာဖြန့်ဖြူးခြင်း၊

(ဂ) မြေအောက်ရေကို ထုတ်ယူသုံးစွဲခြင်းနှင့် မြေအောက်ရေ ကြီးကြပ်ခြင်း ဆိုင်ရာ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက် နိုင်ရေးအတွက် လိုအပ်သော လုပ်ငန်းအဖွဲ့အဆင့်ဆင့် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(ဃ) လုပ်ငန်းတာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက် နိုင်ရန် သင့်လျော်သော လုပ်ငန်းတာဝန်များကို ခရိုင်နှင့် မြို့နယ် လုပ်ငန်းအဖွဲ့များအား လွှဲအပ်တာဝန်ပေးအပ်ခြင်း၊

(င) ဗဟိုကော်မတီအဖွဲ့က အခါအားလျော်စွာပေးအပ်သော အခြား လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

(စ) လုပ်ငန်းလိုင်စင် သို့မဟုတ် လုပ်ငန်းသုံးအတွက် တူးဖော်ခွင့်ပြုမိန့် သို့မဟုတ် သုံးစွဲခွင့်ပြုမိန့်ထုတ်ပေးရန် လျှောက်ထားချက်ကိုခွင့်ပြုခြင်း၊ ပြင်ဆင်ဆောင်ရွက်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်း

(ဆ) လုပ်ငန်းသုံးတူးဖော်ခွင့်ပြုမိန့် သက်တမ်းတိုး လျှောက်ထားချက်ကို ခွင့်ပြုခြင်း၊ ပြင်ဆင်ဆောင်ရွက်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဇ) တူးဖော်ထားသော စက်ရေတွင်းများကို ဝင်ရောက်စစ်ဆေးခြင်း၊

(ဈ) အယူခံဝင်မှုများကို စိစစ်ဆုံးဖြတ်ခြင်း။

**မူကြမ်း**

( - ) အပိုဒ် ၆ ခြေဆင်းနှင့် အပိုဒ်ခွဲ(က)တို့ကို အပိုဒ် ၈ ခြေဆင်းနှင့် အပိုဒ်ခွဲ(က)တို့ အဖြစ် အောက်ပါအတိုင်းပြင်ဆင်ပါသည်-

၈။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေလုပ်ငန်းအဖွဲ့သည် မြို့နယ်လုပ်ငန်းအဖွဲ့များကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(က) အုပ်ချုပ်ရေးမှူး၊ ဥက္ကဋ္ဌ
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

( - ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၆ အပိုဒ်ခွဲ(ခ)ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၆ အပိုဒ်ခွဲ(ဂ) (ဃ) နှင့် (င) တို့ကို အပိုဒ် ၈ အပိုဒ်ခွဲ(ခ) (ဂ) နှင့် (ဃ)တို့ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ) တာဝန်ခံ၊ အဖွဲ့ဝင်
မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(ဂ) တာဝန်ခံ၊ အဖွဲ့ဝင်
မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန

(ဃ) တာဝန်ခံ၊ အဖွဲ့ဝင်
မြို့နယ်သစ်တောဦးစီးဌာန

( - ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၆ အပိုဒ်ခွဲ (စ) (ဆ)နှင့် (ဇ) တို့ ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၆ အပိုဒ်ခွဲ(ဈ) (ည) နှင့် (ဋ) တို့ကို အပိုဒ် ၈ အပိုဒ်ခွဲ(င) (စ) နှင့် (ဆ)တို့ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(င) တာဝန်ခံ အဖွဲ့ဝင်
မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန

(စ) တာဝန်ခံ အဖွဲ့ဝင်
မြို့နယ်မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

(ဆ) အမှုဆောင်အရာရှိ အတွင်းရေးမှူး
မြို့နယ်စည်ပင်သာယာရေးအဖွဲ့

( – ) အပိုဒ် ၉ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်–

၉။ မြို့နယ်လုပ်ငန်းအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် –

(က) မြေအောက်ရေနှင့်စပ်လျဉ်းသည့် အချက်အလက်များစုဆောင်းခြင်း၊ မှတ်တမ်းပြုခြင်း၊ သုတေသနပြုခြင်းတို့နှင့်စပ်လျဉ်း၍ ဦးစီးဌာန၏ လမ်းညွှန်ချက်အတိုင်း ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်း၊ မြေအောက်ရေကို အသုံးချရာတွင် အချိန်နှင့်တပြေးညီ စောင့်ကြည့်ကွပ်ကဲရေးစနစ် ထားရှိခြင်း၊

(ခ) မြေအောက်ရေကို ထုတ်ယူသုံးစွဲခြင်းပြုရာတွင် မြေအောက်ရေ၏ သဘာဝစနစ်ကို ထိခိုက်ပျက်စီးစေနိုင်ခြင်းရှိ/မရှိ၊ လူနှင့် ပတ်ဝန်းကျင် မထိခိုက်စေရန် သတ်မှတ်သည့် စံချိန်စံညွှန်းများနှင့်အညီ လိုက်နာ ဆောင်ရွက်ခြင်းရှိ/မရှိ စိစစ်ကြီးကြပ်ခြင်းနှင့် အသိပညာဖြန့်ဖြူးခြင်း၊

(ဂ) ဗဟိုကော်မတီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ငန်းအဖွဲ့နှင့် ပြည်ထောင်စုနယ်မြေလုပ်ငန်းအဖွဲ့က အခါအားလျော်စွာ ပေးအပ်သော အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

(ဃ) အိမ်သုံးအတွက် တူးဖော်ခွင့်ပြုမိန့် သို့မဟုတ် သုံးစွဲခွင့်ပြုမိန့် ထုတ်ပေးရန် လျှောက်ထားချက်ကို ခွင့်ပြုခြင်း၊ ပြင်ဆင်ဆောင်ရွက် စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(င) အိမ်သုံးတူးဖော်ခွင့်ပြုမိန့် သက်တမ်းတိုး လျှောက်ထားချက်ကို ခွင့်ပြုခြင်း၊ ပြင်ဆင်ဆောင်ရွက်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(စ) တူးဖော်ထားသော စက်ရေတွင်းများကို ဝင်ရောက် စစ်ဆေးခြင်း။

( – ) အဆိုပြုပြင်ဆင်ချက် အပိုဒ် ၈ ကို ပယ်ဖျက်ပါသည်။

( – ) အခန်း (၄) အပိုဒ် ၉ ကို အပိုဒ် ၁၀ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်–

၁၀။(က) မြေအောက်ရေကို အိမ်သုံးအတွက် စက်ရေတွင်းတူးဖော်လိုသူသည် တူးဖော်ခွင့်ပြုမိန့် ရရှိရေးအတွက် သက်ဆိုင်ရာ မြို့နယ်လုပ်ငန်း အဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

**မူကြမ်း**

(ခ) တူးဖော်ခွင့်ပြုမိန့်အရ တူးဖော်သော စက်ရေတွင်းမှ ထွက်ရှိသည့် မြေအောက်ရေကို အိမ်သုံးအတွက် ထုတ်ယူသုံးစွဲလိုသူသည် သုံးစွဲခွင့်ပြုမိန့်ရရှိရန် သက်ဆိုင်ရာမြို့နယ်လုပ်ငန်းအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

( – ) အပိုဒ် ၁၁၊ အပိုဒ် ၁၂ နှင့် အပိုဒ် ၁၃ တို့အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်–

၁၁။ မြို့နယ်လုပ်ငန်းအဖွဲ့သည်–

(က) ပုဒ်မ ၁၀ ပုဒ်မခွဲ(က) အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး အိမ်သုံးအတွက် တူးဖော်ခွင့်ပြုမိန့်ကို ထုတ်ပေးရန် ခွင့်ပြုခြင်း၊ ပြင်ဆင်ဆောင်ရွက်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မ ၁၀ ပုဒ်မခွဲ(ခ) အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီစိစစ်ပြီး အိမ်သုံးအတွက် သုံးစွဲခွင့်ပြုမိန့်ကို ထုတ်ပေးရန် ခွင့်ပြုခြင်း၊ ပြင်ဆင်ဆောင်ရွက်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၂။(က) မြေအောက်ရေကို လုပ်ငန်းသုံးအတွက် စက်ရေတွင်းတူးဖော်လိုသူ သည် တူးဖော်ခွင့်ပြုမိန့်ရရှိရေးအတွက် သက်ဆိုင်ရာမြို့နယ်လုပ်ငန်းအဖွဲ့မှ တစ်ဆင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေ လုပ်ငန်းအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

(ခ) တူးဖော်ခွင့်ပြုမိန့်အရ တူးဖော်သော စက်ရေတွင်းမှ ထွက်ရှိသည့် မြေအောက်ရေကို လုပ်ငန်းသုံးအတွက် ထုတ်ယူသုံးစွဲလိုသူသည် သုံးစွဲခွင့်ပြုမိန့်ရရှိရန် သက်ဆိုင်ရာမြို့နယ်လုပ်ငန်းအဖွဲ့မှ တစ်ဆင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စု နယ်မြေလုပ်ငန်းအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

၁၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စု နယ်မြေလုပ်ငန်းအဖွဲ့သည်-

(က) ပုဒ်မ ၁၂ ပုဒ်မခွဲ(က)အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့် အညီစိစစ်ပြီး လုပ်ငန်းသုံးအတွက် တူးဖော်ခွင့်ပြုမိန့်ကို ထုတ်ပေးရန် ခွင့်ပြုခြင်း၊ ပြင်ဆင်ဆောင်ရွက်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မ ၁၂ ပုဒ်မခွဲ(ခ)အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များ နှင့်အညီစိစစ်ပြီး လုပ်ငန်းသုံးအတွက် သုံးစွဲခွင့်ပြုမိန့်ကို ထုတ်ပေးရန် ခွင့်ပြုခြင်း၊ ပြင်ဆင်ဆောင်ရွက်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

( - ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၁ဝ ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၁၁ ကို အပိုဒ် ၁၄ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၄။ တူးဖော်ခွင့်ပြုမိန့် သို့မဟုတ် သုံးစွဲခွင့်ပြုမိန့်ရရှိသူသည်-

(က) တူးဖော်ခွင့်ပြုမိန့် သို့မဟုတ် သုံးစွဲခွင့်ပြုမိန့်တို့ပါ စည်းကမ်းချက် များကို လိုက်နာဆောင်ရွက်ရမည်။

(ခ) တူးဖော်ခွင့်ပြုမိန့် သို့မဟုတ် သုံးစွဲခွင့်ပြုမိန့်ထုတ်ပေးသည့် သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့၏ အခါအားလျော်စွာ စစ်ဆေးခြင်းကို ခံယူရမည်။

(ဂ) စက်ရေတွင်းကို အကြောင်းတစ်ရပ်ရပ်ကြောင့် ပိတ်သိမ်းလိုပါက သက်ဆိုင်ရာလုပ်ငန်းအဖွဲ့သို့တင်ပြ၍ ခွင့်ပြုချက်ရယူရမည်။

( - ) အခန်း(၅) အပိုဒ် ၁၂ ကို အပိုဒ် ၁၅ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၅။ စက်ရေတွင်းတူးဖော်ခြင်း ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်လိုသူသည် လုပ်ငန်းလိုင်စင်ရရှိရန် သက်ဆိုင်ရာ မြို့နယ်လုပ်ငန်းအဖွဲ့မှတစ်ဆင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စု နယ်မြေလုပ်ငန်းအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။”

( - ) အပိုဒ် ၁၆ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၁၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေလုပ်ငန်းအဖွဲ့သည် ပုဒ်မ ၁၅ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်နှင့်အညီ စိစစ်ပြီး လုပ်ငန်းလိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း၊ ပြင်ဆင်ဆောင်ရွက်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

( – ) အပိုဒ် ၁၃ အပိုဒ်ခွဲ(က)နှင့်(ခ)တို့ကို အပိုဒ် ၁၇ အပိုဒ်ခွဲ(က)နှင့်(ခ)တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်–

(က) လုပ်ငန်းလိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့၏ အခါအားလျော်စွာ စစ်ဆေးခြင်းကို ခံယူရမည်။

( – ) အခန်း (၆) အပိုဒ် ၁၅ ကို အပိုဒ် ၁၉ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်–

၁၉။ ပုဒ်မ ၁၈၊ ပုဒ်မခွဲ(ခ)အရ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်အပေါ် ခွင့်ပြုမိန့်ထုတ်ပေးသည့် လုပ်ငန်းအဖွဲ့ သို့မဟုတ် ယင်းက တာဝန်လွှဲအပ်သောအဖွဲ့သည် ကွင်းဆင်းစစ်ဆေးပြီးနောက် သက်တမ်းတိုးမြှင့်ပေးသင့်ကြောင်း တွေ့ရှိလျှင် ယင်းခွင့်ပြုမိန့်ထုတ်ပေးသည့် လုပ်ငန်းအဖွဲ့က သက်တမ်းတိုးမြှင့်ပေးရမည်။

( – ) အပိုဒ် ၁၆ ကို အပိုဒ် ၂၀ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်–

၂၀။ လုပ်ငန်းလိုင်စင်ရရှိသူသည် လိုင်စင် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၃၀ အတွင်း သက်တမ်းတိုးမြှင့်ပေးရန် သက်ဆိုင်ရာ မြို့နယ်လုပ်ငန်းအဖွဲ့မှ တစ်ဆင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေလုပ်ငန်းအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

( – ) အပိုဒ် ၁၇ ကို အပိုဒ် ၂၁ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်–

၂၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေလုပ်ငန်းအဖွဲ့သည် ပုဒ်မ ၂၀ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီစိစစ်ပြီး သက်တမ်းတိုးပေးရန် ခွင့်ပြုခြင်း၊ ပြင်ဆင်ဆောင်ရွက်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

( – ) အခန်း(၇) ခေါင်းစဉ်ကို စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း ဟုပြင်ဆင်ပါသည်။

( – ) အပိုဒ် ၁၈ ကို အပိုဒ် ၂၂ နှင့် ၂၃ တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်–

၂၂။ သက်ဆိုင်ရာ မြို့နယ်လုပ်ငန်းအဖွဲ့သည် အိမ်သုံးအတွက် တူးဖော်ခွင့်ပြုမိန့် သို့မဟုတ် သုံးစွဲခွင့်ပြုမိန့် ရရှိသူက ပုဒ်မ ၁၄ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်လျှင် အောက်ပါစီမံခန့်ခွဲရေး နည်းလမ်းတစ်ရပ်ရပ်ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်–

(က) သတိပေးခြင်း၊

(ခ) ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊

(ဂ) ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း၊

(ဃ) ပယ်ဖျက်ခြင်း။

၂၃။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေ လုပ်ငန်းအဖွဲ့သည် လုပ်ငန်းသုံးအတွက် တူးဖော်ခွင့်ပြုမိန့် သို့မဟုတ် သုံးစွဲခွင့်ပြုမိန့်ရရှိသူက ပုဒ်မ ၁၄ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ လုပ်ငန်းလိုင်စင်ရရှိသူက ပုဒ်မ ၁၇ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ လိုက်နာရန် ပျက်ကွက်လျှင် အောက်ပါ စီမံခန့်ခွဲရေးနည်းလမ်း တစ်ရပ်ရပ်ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်–

(က) သတိပေးခြင်း၊

(ခ) ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊

(ဂ) ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း၊

(ဃ) ပယ်ဖျက်ခြင်း။”

( – ) အခန်း(၈) ခေါင်းစဉ်အဖြစ် အယူခံခြင်း ကိုဖြည့်စွက်ပါသည်။

( – ) အပိုဒ် ၁၉ ကို အပိုဒ် ၂၄ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်–

၂၄။(က) မြို့နယ်လုပ်ငန်းအဖွဲ့က ပုဒ်မ ၂၂ စီမံခန့်ခွဲရေးနည်းလမ်းအရ ချမှတ်သည့် ဆုံးဖြတ်ချက် တစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ ဤဥပဒေအရ ချမှတ်သည့် အခြားဆုံးဖြတ်ချက်

တစ်ရပ်ရပ်ကိုသော်လည်းကောင်း ကျေနပ်မှုမရှိသူသည် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ငန်း အဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေ လုပ်ငန်းအဖွဲ့သို့ အယူခံ နိုင်သည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေလုပ်ငန်းအဖွဲ့သည် ပုဒ်မခွဲ(က)အရ အယူခံခြင်း နှင့်စပ်လျဉ်း၍ မြို့နယ်လုပ်ငန်းအဖွဲ့၏ ဆုံးဖြတ်ချက်ကို ပြင်ဆင်ခြင်း၊ အတည်ပြုခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ(ခ)အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေလုပ်ငန်းအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်သည်။

( – ) အပိုဒ် ၂၀ ကို အပိုဒ် ၂၅ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်–

၂၅။(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေ လုပ်ငန်းအဖွဲ့က ပုဒ်မ ၂၃ စီမံခန့်ခွဲရေး နည်းလမ်းအရချမှတ်သည့် ဆုံးဖြတ်ချက် တစ်ရပ်ရပ်ကိုသော် လည်းကောင်း၊ ဤဥပဒေအရချမှတ်သည့် အခြားဆုံးဖြတ်ချက် တစ်ရပ်ရပ်ကိုသော်လည်းကောင်း ကျေနပ်မှုမရှိသူသည် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဗဟိုကော်မတီသို့ အယူခံ နိုင်သည်။

(ခ) ဗဟိုကော်မတီသည် ပုဒ်မခွဲ(က)အရ အယူခံခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေလုပ်ငန်းအဖွဲ့၏ ဆုံးဖြတ်ချက်ကို ပြင်ဆင်ခြင်း၊ အတည်ပြုခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ(ခ)အရ ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်သည်။

( – ) အဆိုပြုပြင်ဆင်ချက် ၂၁ ကို ပယ်ဖျက်ပါသည်။

**မူကြမ်း**

( – ) အခန်း (၈) ကို အခန်း (၉) အဖြစ် ပြင်ဆင်ပါသည်။

( – ) အပိုဒ် ၂၂ အပိုဒ်ခွဲ (က) (ခ) နှင့် (ဂ) တို့ကို အပိုဒ် ၂၆ အပိုဒ်ခွဲ (က) (ခ) (ဂ) (ဃ) နှင့် (င) တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်–

၂၆။ မည်သူမျှ–

(က) တူးဖော်ခွင့်ပြုမိန့်မရှိဘဲ အိမ်သုံးအတွက် စက်ရေတွင်း တူးဖော်ခြင်း မပြုရ၊

(ခ) သုံးစွဲခွင့်ပြုမိန့် မရှိဘဲ အိမ်သုံးအတွက် ထုတ်ယူသုံးစွဲခြင်းမပြုရ၊

(ဂ) တူးဖော်ခွင့်ပြုမိန့်မရှိဘဲ လုပ်ငန်းသုံးအတွက် စက်ရေတွင်းတူးဖော်ခြင်း မပြုရ၊

(ဃ) သုံးစွဲခွင့်ပြုမိန့်မရှိဘဲ လုပ်ငန်းသုံးအတွက် ထုတ်ယူသုံးစွဲခြင်းမပြုရ၊

(င) လုပ်ငန်းလိုင်စင်မရှိဘဲ စက်ရေတွင်းတူးဖော်ခြင်း ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်း မပြုရ၊

( – ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၂၂ အပိုဒ်ခွဲ(ဃ)ကို ပယ်ဖျက်ပါသည်။

( – ) အပိုဒ် ၂၃ ကို အပိုဒ် ၂၇ နှင် ၂၈ တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်–

၂၇။ တူးဖော်ခွင့်ပြုမိန့်ရရှိသူ မည်သူမျှ–

(က) တူးဖော်ခွင့်ပြုမိန့်ပါ သတ်မှတ်ခွင့်ပြုသည့်နေရာမှအပ အခြားနေရာတွင် လုပ်ငန်းသုံးအတွက် စက်ရေတွင်းတူးဖော်ခြင်း မပြုရ၊

(ခ) တူးဖော်ခွင့်ပြုမိန့်ပါ စက်ရေတွင်းအရေအတွက်နှင့် အရွယ်အစားကို ကျော်လွန်၍ တူးဖော်ခြင်း မပြုရ။

၂၈။ လုပ်ငန်းလိုင်စင်ရရှိသူ မည်သူမျှ –

(က) တူးဖော်ခွင့်ပြုမိန့်ပါ သတ်မှတ်ခွင့်ပြုသည့် နေရာမှအပ အခြားနေရာ တွင် လုပ်ငန်းသုံးအတွက် စက်ရေတွင်း တူးဖော်ခြင်း ဝန်ဆောင်မှု လုပ်ငန်းဆောင်ရွက်ခြင်း မပြုရ၊

(ခ ) တူးဖော်ခွင့်ပြုမိန့်ပါ စက်ရေတွင်းအရေအတွက်နှင့် အရွယ်အစားကို ကျော်လွန်၍ တူးဖော်ခြင်းဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ခြင်း မပြုရ။

( - ) အပိုဒ် ၂၅ ကို အပိုဒ် ၃၀ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ သတ်မှတ်ခွင့်ပြုထားသည့် အချိန်အတိုင်းအတာနှင့် ဆိုသည့်စကားရပ်ကို သတ်မှတ်ခွင့်ပြုထားသည့် ကာလ အတိုင်းအတာနှင့် ဟုပြင်ဆင်ပါသည်။

( - ) အပိုဒ် ၂၆ ကို အပိုဒ် ၃၁ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃၁။ မည်သူမျှ သုံးစွဲခွင့်ပြုမိန့်ပါ ခွင့်ပြုချက်မှတစ်ပါး အခြားလုပ်ငန်းများ အတွက် အသုံးပြုခြင်း မပြုရ။

( - ) အခန်း(၉) ကို အခန်း(၁၀)အဖြစ် ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၂၇ အပိုဒ်ခွဲ(က) (ခ) နှင့် (ဂ) တို့ကို အပိုဒ် ၃၂ အပိုဒ်ခွဲ(က) (ခ) နှင့် (ဂ) တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က) ပုဒ်မ ၂၆ ပုဒ်မခွဲ(က) သို့မဟုတ် (ခ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်နိုင်သည်။

(ခ) ပုဒ်မ ၂၆ ပုဒ်မခွဲ(ဂ) သို့မဟုတ် (ဃ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံးကျပ်သိန်း ၂၀ အထိ ငွေဒဏ်ချမှတ်နိုင်သည်။

(ဂ) ပုဒ်မ ၂၆ ပုဒ်မခွဲ(င)ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်သိန်း ၂၀ မှ အများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ်ချမှတ်နိုင်သည်။

( - ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၂၇ အပိုဒ်ခွဲ(ဃ)ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၂၇ အပိုဒ်ခွဲ(င)ကို အပိုဒ် ၃၂ အပိုဒ်ခွဲ(ဃ)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

(ဃ) ပုဒ်မ ၂၆ ပုဒ်မခွဲ(စ)ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်သိန်း ၂၀ မှ အများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ်ချမှတ်နိုင်သည်။

( – ) အပိုဒ် ၂၈ ကို အပိုဒ် ၃၃ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည် –

၃၃။ တူးဖော်ခွင့်ပြုမိန့်ရရှိသူ မည်သူမဆို ပုဒ်မ ၂၇ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်နိုင်သည်။

( – ) အပိုဒ် ၃၄ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်–

၃၄။ လုပ်ငန်းလိုင်စင်ရရှိသူ မည်သူမဆို ပုဒ်မ ၂၈ ပါ တားမြစ်ချက် တစ်ရပ်ရပ် ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်နိုင်သည်။

( – ) အပိုဒ် ၂၉ ကို အပိုဒ် ၃၅ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပုဒ်မ ၂၄ ပါ တားမြစ်ချက်ကို ဆိုသည့်စကားရပ်ကို ပုဒ်မ ၂၉ ပါ တားမြစ်ချက်ကို ဟုပြင်ဆင်ပါသည်။

( – ) အပိုဒ် ၃၀ ကို အပိုဒ် ၃၆ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်–

၃၆။ သုံးစွဲခွင့်ရရှိသူ မည်သူမဆို ပုဒ်မ ၃၀ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်ငါးသိန်း အထိ ငွေဒဏ်ချမှတ်နိုင်သည်။

( – ) အပိုဒ် ၃၇ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်–

၃၇။ မည်သူမဆို ပုဒ်မ ၃၁ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်နိုင်သည်။

( – ) အခန်း(၁၀)ကို အခန်း(၁၁)အဖြစ် ပြင်ဆင်ပါသည်။

( – ) အပိုဒ် ၃၂ ကို အပိုဒ် ၃၉ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်–

၃၉။ ရေလှျံတွင်းများ၊ ရေလှျံစုန်များ၊ မြေအောက်ရေအောင်း လွှာစုန် (groundwater basin) များ၊ မြေအောက်တမံ (subsurface dam)များနှင့် စပ်လျဉ်း၍ ဗဟိုကော်မတီမှ ကြီးကြပ်ကွပ်ကဲဆောင်ရွက်ရမည်။

( – ) အပိုဒ် ၃၄ ကို အပိုဒ် ၄၁ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်–

၄၁။ ဝန်ကြီးဌာနသည် မြေအောက်ရေဆိုင်ရာ သတင်းအချက်အလက်များ ပိုမိုခိုင်မာစေရန် မြေအောက်ရေနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက် များ စုဆောင်းခြင်းဆိုင်ရာ ဗဟိုဌာန (Database Centre) ထူထောင်ခြင်း၊ မြေ အောက်ရေရှာဖွေခြင်း၊ သုတေသနပြုခြင်း၊ ကြီးကြပ်ခြင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်း များနှင့် ခတ်ခွဲခန်းများ ဆောင်ရွက်ရာတွင် လိုအပ်သောဘဏ္ဍာရန်ပုံငွေကို တင်ပြတောင်းခံနိုင်သည်။

( – ) အပိုဒ် ၄၂ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်–

၄၂။ ဦးစီးဌာနသည် ဗဟိုကော်မတီ၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက် ရမည်။

( – ) အပိုဒ် ၃၅ ကို အပိုဒ် ၄၃ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ဝန်ကြီးဌာနထံမှ တိုက်ရိုက်တောင်းယူနိုင်သည်။ ဆိုသည့်စကားရပ်ကို ဦးစီးဌာနမှ တိုက်ရိုက် တောင်းယူနိုင်သည်။ ဟုပြင်ဆင်ပါသည်။

( – ) အပိုဒ် ၄၁ ကို အပိုဒ် ၄၉ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်–

၄၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် –

(က) ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုကော်မတီသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေလုပ်ငန်းအဖွဲ့သည် ဗဟိုကော်မတီ၏ သဘော တူညီချက်ဖြင့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံး လုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

**မူကြမ်း**

( – ) အပိုဒ် ၄၂ ကို အပိုဒ် ၅၀ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်–

၅၀။ The Underground Water Act (Burma Act No. IV, 1930)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

၄။ သို့ဖြစ်ပါ၍ မြေအောက်ရေစီမံခန့်ခွဲမှုဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့် အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

## ပြည်သူ့လွှတ်တော် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီက တင်သွင်းသည့် မြေအောက်ရေစီမံခန့်ခွဲမှုဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဤဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၁၇-၇-၂၀၂၀ ရက်(သောကြာနေ့) ညနေ ၄ နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန် ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ဒေါ်အေးမြမြမျိုး၊ ကျောက်တန်းမဲဆန္ဒနယ်က တင်သွင်းသည့် စီးပွားရေးလုပ်ငန်းများ၏ လူမှုအကျိုးပြုလုပ်ငန်း(CSR) အကောင်အထည်ဖော်ရာတွင် တိကျသည့်မူဝဒချမှတ်ပြီး ဒေသခံပြည်သူပါဝင်နိုင်သောနည်းလမ်းများဖြင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်ရန် အတွက် စီစဉ်ညွှန်ကြားပေးပါရန်နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များကဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်အေးမြမြမျိုး၊ ကျောက်တန်းမဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့(၇-၂-၂၀၂၀ ရက်နေ့)တွင် တင်သွင်းသွားတဲ့ စီးပွားရေးလုပ်ငန်းများ၏ လူမှုအကျိုးပြုလုပ်ငန်း(CSR) အကောင်အထည်ဖော်ရာတွင် တိကျသည့်မူဝါဒချမှတ်ပြီး ဒေသခံ ပြည်သူပါဝင်နိုင်သောနည်းလမ်းများဖြင့် ပွင့်လင်းမြင်သာစွာဆောင်ရွက်နိုင်ရန်အတွက် စီစဉ်

ညွှန်ကြားပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနဲ့စပ်လျဉ်းပြီး ဆွေးနွေးမယ့်ကိုယ်စားလှယ် ၁၃ ဦးရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင်က ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးတင်ထွန်းနိုင်(ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်)**။ ။ လေးစားရတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒေါ်အေးမြမြမျိုး၊ ကျောက်တန်းမဲဆန္ဒနယ်မှ တင်သွင်းထားတဲ့အဆိုကို ထောက်ခံအကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဆိုရှင်က စီးပွားရေးအဖွဲ့အစည်းတွေ၊ ကုမ္ပဏီတွေရဲ့ လူမှုအကျိုးပြုလုပ်ငန်း(CSR) အကောင်အထည်ဖော်ဆောင်ရေးနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုအစိုးရက တိကျတဲ့မူဝါဒချမှတ်ပြီး ထိန်းကျောင်းပေးဖို့ တောင်းဆိုထားတာ တွေ့ရပါတယ်။ ကျွန်တော့်အနေနဲ့ CSR ဆိုင်ရာမူဝါဒတွေချမှတ်ရာမှာ အခြားတစ်ဖက်က ဆင်ခြင်ဉာဏ်ရှိတဲ့အကြောင်းတရားတွေနဲ့ အစိုးရအနေနဲ့ မဖြစ်မနေထည့်သွင်းစဉ်းစားသင့်တဲ့ နိုင်ငံတကာအတွေ့အကြုံ၊ အားနည်းချက်၊ အားသာချက်နဲ့ စိန်ခေါ်မှုတချို့ကိုသာ အဓိကထားဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားရတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာ့နိုင်ငံအသီးသီးမှာ အထူးသဖြင့် ဖွံ့ဖြိုးပြီးချမ်းသာတဲ့နိုင်ငံတွေမှာတောင် CSR နဲ့စပ်လျဉ်းတဲ့မူဝါဒတွေကို ချဉ်းကပ်ကျင့်သုံးရာမှာ တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းဆိုသလို အမျိုးမျိုးအဖုံဖုံ၊ မတူကွဲပြားလျက်ရှိတာကို လေ့လာတွေ့ရှိရပါတယ်။ နမူနာအနေနဲ့ကောက်နုတ်တင်ပြရရင် ဒိန်းမတ်နိုင်ငံမှာ စီးပွားရေးအဖွဲ့အစည်းတွေ၊ ကုမ္ပဏီတွေအနေနဲ့ လူမှုအကျိုးပြုလုပ်ငန်းတွေဆောင်ရွက်ခြင်းကို ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းတွေနဲ့ ဘောင်ခတ်ထားခြင်းမရှိဘဲ ကုမ္ပဏီရဲ့လွတ်လပ်တဲ့မူဝါဒ၊ ဆန္ဒသဘောအရသာ ဆောင်ရွက်ခွင့်ပေးထားပါတယ်။ ဥရောပသမဂ္ဂအဖွဲ့ဝင် ၁၅ နိုင်ငံမှာတော့ CSR နဲ့စပ်လျဉ်းတဲ့ စည်းမျဉ်း၊ စည်းကမ်းတွေနဲ့မူဝါဒတွေကို အစိုးရကချမှတ်ပြီး တက်တက်ကြွကြွနဲ့ ထိန်းကျောင်းဆောင်ရွက်စေတာတွေ့ရှိရပါတယ်။ ကျွန်တော်တို့ရဲ့အိမ်နီးချင်း အိန္ဒိယနိုင်ငံမှာတော့ စီးပွားရေးအဖွဲ့အစည်းတွေ၊ ကုမ္ပဏီတွေအနေနဲ့ မိမိတို့ရဲ့အမြတ်ငွေထဲက အနည်းဆုံးနှစ်ရာခိုင်နှုန်းကို လူမှုအကျိုးပြုလုပ်ငန်းတွေအတွက် နှစ်စဉ်မဖြစ်မနေအသုံးပြုရမယ်လို့ ဥပဒေထဲမှာ အတိအလင်းပြဋ္ဌာန်းပြီး ထိန်းကျောင်းပါတယ်။ စီးပွားရေးအဖွဲ့အစည်းတွေအနေနဲ့ အဲဒီလို CSR လုပ်ငန်းတွေကို ဆန္ဒအလျောက်

ဆောင်ရွက်သည်ဖြစ်စေ၊ အစိုးရချမှတ်ထားတဲ့ စည်းမျဉ်း၊ စည်းကမ်း၊ မူဝါဒတွေအရ အကောင်အထည်ဖော်သည်ဖြစ်စေ၊ အိန္ဒိယနိုင်ငံမှာလို ဥပဒေပြဋ္ဌာန်းချက်အတိုင်း လိုက်နာကျင့်သုံးသည်ဖြစ်စေ၊ ကုမ္ပဏီတွေအနေနဲ့ CSR မျက်နှာဖုံးတပ်ပြီး မိမိတို့ကိုယ်ကျိုးစီးပွားကိုသာ ရှေးရှုဦးတည်ကာကွယ်ဆောင်ရွက်ကြတဲ့ သာဓကတွေလည်း အများကြီးရှိပါတယ်။

ကမ္ဘာကျော်အစားအသောက်ကုမ္ပဏီကြီးတစ်ခုဖြစ်တဲ့ MCDonald’s ကထုတ်လုပ်တဲ့ အစားအသောက်တွေဟာ ကောင်းမွန်တဲ့စားသောက်မှုအလေ့အထကို မဖြစ်စေဘူးလို့ စွပ်စွဲမှုတွေပြင်းပြင်းထန်ထန်ပေါ်ပေါက်လာချိန်မှာ ကုမ္ပဏီအနေနဲ့ လူထုရဲ့ဝေဖန်မှုကို အာရုံလွှဲတဲ့အနေနဲ့ CSR ခေါင်းစဉ်အောက်ကနေ အလှူအတန်းတွေ ရက်ရက်ရောရောလုပ်ပြခဲ့ဖူးကြောင်းကို သုတေသနစစ်တမ်းတစ်ခုမှာ တွေ့ရပါတယ်။ ဒီလိုကျဆင်းနေတဲ့ကုမ္ပဏီရဲ့ပုံရိပ်ကို CSR အကာအကွယ်နဲ့ ဖုံးဖုံးဖိဖိလုပ်ဆောင်ခဲ့တဲ့ အခြားသာဓကတွေလည်း များစွာရှိပါတယ်။ ပြည်သူလူထုရဲ့ကျန်းမာရေးကို အလေးထားသယောင်၊ ဂရုစိုက်သယောင်ယောင်နဲ့ အရက်၊ ဘီယာအလွန်အကျွံမသောက်ကြဖို့ ချင့်ချင့်ချိန်ချိန်သောက်သုံးသင့်ကြောင်း သတင်း၊ မီဒီယာတွေကနေပြီးတော့ စဉ်ဆက်မပြတ် ဘတ်ဂျက်အမြောက်အမြားသုံးစွဲပြီး အရက်၊ ဘီယာကုမ္ပဏီများကလည်း ကြေညာတတ်ပါတယ်။ အပေါ်ယံကြည့်ရင်တော့ သက်ဆိုင်ရာအရက်၊ ဘီယာကုမ္ပဏီများအနေနဲ့ လူ့အဖွဲ့အစည်းရဲ့ အကျိုးစီးပွားကိုရှေးရှုဦးတည်ပြီး တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်နဲ့ ပူပူပန်ပန်အသိပေးတားဆီးနေတယ်လို့ ထင်စရာရှိပေမဲ့ လက်တွေ့မှာ အရက်၊ ဘီယာကို ချင့်ချင့်ချိန်ချိန်သောက်သုံးရင် အန္တရာယ်မရှိပါဘူးဆိုတဲ့ အမြင်နဲ့အလေ့အထကို မြေတောင်မြှောက်ပေးရာကျပြီး ၎င်းတို့ကုမ္ပဏီရဲ့အကျိုးစီးပွားကိုသာ တိုးတက်ဖြစ်ထွန်းစေကြောင်း သုတေသနဖော်ထုတ်ချက်တွေလည်း ရှိပါတယ်။

အလားတူ တစ်ဖက်မှာ သစ်တောတွေပြုန်းတဲ့အထိ အလွန်အကျွံခုတ်နေတဲ့ကုမ္ပဏီက တစ်ဖက်မှာ CSR ခေါင်းစဉ်နဲ့ ဖောင်ဒေးရှင်းတွေထောင်၊ သဘာဝဘေးအန္တရာယ်ကျရောက်တဲ့ဒေသတွေရဲ့ ပြန်လည်ထူထောင်ရေးကို အားကြိုးမာန်တက်ဆောင်ရွက်ပြတတ်ကြတဲ့ မီးစတစ်ဖက်၊ ရေမှုတ်တစ်ဖက် သာဓကတွေလည်း ရှိပါတယ်။ အဲဒါတွေအပြင် မိမိတို့လုပ်ငန်းကို တိုက်ရိုက်ထိခိုက်စေနိုင်တဲ့ သုတေသနဆောင်ရွက်ချက်တွေကို ကူညီပံ့ပိုးမှုမလုပ်ဘဲ အခြားမဆိုင်တဲ့သုတေသနလုပ်ငန်းစဉ်တွေကိုသာ ရည်ရွယ်ချက်ရှိရှိနဲ့ဖောင်းပေးပြီး သုတေသနစရိတ်အလုံးအရင်းထောက်ပံ့ပေးတဲ့ကိစ္စရပ်တွေလည်း အမြောက်အမြားရှိပါတယ်။ ဆေးရွက်ကြီးနဲ့ဆေးရွက်ကြီးကုမ္ပဏီလုပ်ငန်းစုများအနေနဲ့ CSR အစီအစဉ်အောက်ကနေ သုတေသနအဖွဲ့အစည်းတွေကို ငွေရေးကြေးရေးကူညီပံ့ပိုးတဲ့နေရာမှာ ဆေးလိပ်ကြောင့်ဖြစ်ပေါ်လာနိုင်တဲ့ ကျန်းမာရေးဆိုင်ရာသုတေသန

တွေကို အားပေးကူညီမှုမျိုးလုံးဝမလုပ်ဘဲ မျိုးရိုးဗီဇ၊ လေထုညစ်ညမ်းမှုအစရှိတဲ့ အခြားသုတေသန လုပ်ငန်းစဉ်တွေကိုသာ အင်တိုက်အားတိုက်ပံ့ပိုးဆောင်ရွက်နေကြောင်း ထောက်ပြဝေဖန်မှု တွေလည်းရှိပါတယ်။ ဒီအချက်တွေဟာ အဆိုရှင်တိုက်တွန်းသလို ကျွန်တော်တို့နိုင်ငံနဲ့ကိုက်ညီတဲ့ CSR မူဝါဒရေးဆွဲရာမှာ မဖြစ်မနေသင်ခန်းစာယူပြီး ထည့်သွင်းစဉ်းစားရမယ့်အချက်များ ဖြစ်ပါတယ်။

လေးစားရတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ CSR ကိုအထူးအလေးထားပြီး ဂုဏ်သိက္ခာအင်မတန် ကြီးမားလှပါတယ်ဆိုတဲ့ နိုင်ငံတကာစီးပွားရေးလုပ်ငန်းစုကြီးတွေရဲ့ အပြောနဲ့အလုပ်မညီတဲ့ ဆောင်ရွက်ချက်တချို့လည်း ရှိပါသေးတယ်။ ကုမ္ပဏီအခြေစိုက်တဲ့မိခင်နိုင်ငံမှာ ကျင့်သုံးလိုက်နာ ဆောင်ရွက်ပုံကတစ်မျိုး၊ CSR မူဝါဒတိတိကျကျမရှိတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေ၊ အထူးသဖြင့် ဆင်းရဲတဲ့ နိုင်ငံတွေမှာ ရင်းနှီးမြှုပ်နှံတဲ့အခါမှာတော့ လျော့ရိလျော့ရဲကျင့်သုံးဆောင်ရွက်ကြတဲ့အတွက် သက်ဆိုင်ရာလူမှုအဖွဲ့အစည်းပေါ် ထိခိုက်ဆိုးကျိုးသက်ရောက်စေခဲ့တဲ့ကိစ္စရပ်တွေလည်း ရှိပါတယ်။ အိန္ဒိယနိုင်ငံမှာ ကမ္ဘာကျော် Coca Cola ကုမ္ပဏီရဲ့ အချိုရည်စက်ရုံက မြေအောက်ရေသယံဇာတ ထုတ်ယူသုံးစွဲမှုကြောင့် စက်ရုံတည်ရှိရာအနီးအနားက ဒေသခံပြည်သူလူထုရဲ့ သောက်သုံးရေတွင်း တွေခန်းခြောက်ကုန်ပြီး စိုက်ပျိုးရေပါစုပ်သွားလို့ ဒေသခံလယ်သမားများ စိုက်ပျိုးရေးအခက်ကြုံ ရတဲ့သာဓကလည်း အထင်အရှားရှိနေပါတယ်။ လေးစားရတဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်တိုက်တွန်း သလို ပြည်ထောင်စုအစိုးရအနေနဲ့ CSR မူဝါဒချမှတ်ရာမှာ ကျွန်တော်တင်ပြဆွေးနွေးခဲ့သလို CSR အကြောင်းပြပြီး အကျိုးလိုလို့ညောင်ရေလောင်းတာတွေ၊ CSR ခေါင်းစဉ်တပ်ပြီး မီးစတစ်ဖက် ရေမှုတ်တစ်ဖက်ဆောင်ရွက်လျက်ရှိတဲ့ သာဓကတွေ၊ အမှန်တကယ် ပြည်သူလူထုအကျိုးစီးပွား ဖော်ဆောင်ရေးထက် CSR မျက်နှာဖုံးတပ်ပြီး မိမိတို့ကုမ္ပဏီအဖွဲ့အစည်းရဲ့ အကျိုးစီးပွား ကာကွယ်ရေးကိုသာ အဓိကထားဆောင်ရွက်တတ်တာတွေကို အခြားတစ်ဖက်က ဆင်ခြင်ရန်များ အနေနဲ့ သင်ခန်းစာယူထည့်သွင်းစဉ်းစားပြီး ရေးဆွဲဖို့အထူးလိုအပ်လှပါတယ်။ ဒါမှသာ ကျွန်တော်တို့ နိုင်ငံအတွက် အမှန်တကယ်ထိရောက်အကျိုးရှိတဲ့ CSR မူဝါဒကို အကြံတူ နောက်လူသာဆိုသလို ချမှတ်အကောင်အထည်ဖော်နိုင်မှာဖြစ်ပါကြောင်း ပြောကြားရင်းနဲ့ပဲ အဆိုကို ထောက်ခံဆွေးနွေး လိုက်ရပါတယ်။ အားလုံးကို အထူးကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်(ထီးချိုင့်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များ၊ ကြွရောက်လာတဲ့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကျောက်တန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုးရဲ့ အဆိုကို အကြံပြုထောက်ခံဆွေးနွေးမယ့် ထီးချိုင့်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင် ဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့တင်ပြပါအဆိုဟာ ယနေ့ မြန်မာနိုင်ငံရဲ့ နေရာအနှံ့အပြားမှာထုတ်လုပ်နေတဲ့ ကျောက်စိမ်း၊ ရွှေ၊ ကြေးနီ၊ နီကယ် အစရှိတဲ့ သတ္တုထုတ်လုပ်ရေးလုပ်ငန်းအမျိုးမျိုးရှိရာဒေသတွေမှာ နေထိုင်ကြတဲ့ ဒေသခံပြည်သူတွေအတွက် မျှော်လင့်ချက်ရောင်ခြည်လို့ ဆိုရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုတွေ အရှိန်အဟုန်နဲ့ဝင်ရောက်လာတဲ့အခါ သက်ဆိုင်ရာဒေသမှာနေကြတဲ့ ဒေသခံပြည်သူတွေမှာ အဆိုပါ လုပ်ငန်းတွေရဲ့သက်ရောက်မှုကို အများဆုံးကြုံတွေ့ခံစားကြရတာဖြစ်ပါတယ်။ ဒီနေရာမှာ နိုင်ငံ တည်ဆောက်ရေးအတွက် တစ်ဖက်ကမဖြစ်မနေလုပ်ရမယ့်လုပ်ငန်းတွေဖြစ်သလို အခြားတစ်ဖက် ကလည်း ဒေသခံတွေရဲ့ ကျန်းမာရေး၊ ပညာရေးကစလို့ လူမှုစီးပွားဘဝတိုးတက်ရေးအထိ မျှော်တွေးပြီး တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ရှိတဲ့ ရင်းနှီးမြှုပ်နှံမှုဖြစ်ဖို့နဲ့ အဲဒီလုပ်ငန်းတွေက တစ်ဆင့် လူမှုအကျိုးပြုလုပ်ငန်းတွေ အကောင်အထည်ဖော်ရာမှာ တိကျပြီး ရှင်းလင်းပြတ်သားတဲ့ မူဝါဒတွေချမှတ်ဆောင်ရွက်ဖို့ နိုင်ငံတော်အစိုးရကို တိုက်တွန်းတဲ့အဆိုကောင်းတစ်ရပ်လို့ သတ်မှတ် ရမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ CSR ဆိုတာ အဆိုရှင်ရဲ့ဖွင့်ဆိုချက်အတိုင်းဆိုရင် ကုမ္ပဏီ ရဲ့စီးပွားရေးလုပ်ငန်းလုပ်ဆောင်မှုများမှတစ်ဆင့် လူမှုပတ်ဝန်းကျင်အတွက် ပြန်လည် အကျိုးပြုခြင်း၊ တာဝန်ခံခြင်းနှင့် အပြုသဘောဆောင်သောရလဒ်များ ဖြစ်ပေါ်လာရေးကို ဆောင်ရွက်တဲ့လုပ်ငန်းလို့ ဆိုပါတယ်။ တစ်နည်းအားဖြင့် CSR ဆိုတာ လူမှုစီးပွားအတွက် စဉ်ဆက်မပြတ်တိုးတက်ရေးကို တစ်ဖက်တစ်လမ်းကနေ မောင်းနှင်ပေးတဲ့စနစ်ဆိုရင်လည်း မမှားပါဘူး။ ဒါနဲ့ပတ်သက်လို့ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေများစွာထဲက ကျွန်တော့်ရဲ့မဲဆန္ဒနယ်နဲ့ တိုက်ရိုက်ပတ်သက်တဲ့ သဘာဝ ပတ်ဝန်းကျင်နဲ့ လူ့အဖွဲ့အစည်းရဲ့စီးပွားရေးလုပ်ငန်းတွေအပေါ် သက်ရောက်မှုကို ဦးစွာဆွေးနွေး လိုပါတယ်။ ၂၀၁၅ ခုနှစ် မိုးရွာသွန်းမှုကြောင့် ဖယ်ရိုနီကယ်ထုတ်လုပ်တဲ့ တကောင်းတောင်နီကယ် စီမံကိန်းမှမြေနီများ ဒေသခံတောင်သူတွေရဲ့ စိုက်ခင်းပေါ်ဖုံးလွှမ်းလို့ နစ်နာမှုကို ၁၈-၉-၂၀၁၈ ရက်နေ့မှသာ တစ်ဧကကို ကျပ် ၇၀၀၀၀၀ နှုန်းနဲ့ပေးလျော်ခဲ့ပါတယ်။ အဲဒီတုန်းက စစ်ဆေးရေး အဖွဲ့က ရေပြင်ဖြစ်နေလို့

ဆင်းပြီးမတိုင်းတာခဲ့ရတဲ့ ဧက ၆၀ ကျော်ဟာ အခြားနည်းနဲ့စဉ်းစားပါမယ် ဆိုပြီး အခုအချိန်ထိ ဘာလျော်ကြေး၊ ဘာထောက်ပံ့ကြေးမှမရဘဲ ဒေသခံတောင်သူများမှာ လိပ်ခဲတည်းလည်းနဲ့ ခံစားနေကြရတာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်ဖြစ်စဉ်တစ်ခုကတော့ အဆိုပါနီကယ်စက်ရုံ ဝန်ထမ်းဆောင်များမှ သုံးစွဲပြီးရေများ ဗန်းမော်–မန္တလေးကားလမ်းမမှတစ်ဆင့် တောင်သူဦးကြူးရဲ့ စိုက်ပျိုးမြေအတွင်း ရေစီးဆင်းမှုမှာလည်း ဒေသခံတောင်သူမှာ နွေရာသီခေါင်ခေါင်ထိရေမပြတ်လို့ ခြောက်နှစ်ခန့် ဘာသီးနှံမှစိုက်ပျိုး၍မရဘဲ မြို့နယ်အဆင့်ထိ အကြိမ်ကြိမ်ပြောပေမဲ့ မရတဲ့အခါ ပြည်သူ့လွှတ်တော်မှာ ကြယ်ပွင့်မပြမေးခွန်းမေးတော့မှ အဆိုပါရေဆိုးစီးမြောင်းဟာ မစီးဆင်းတော့တာဖြစ်ပါတယ်။ ဒါကို ကုမ္ပဏီက လမ်းမကကျတဲ့မိုးရေပေါက်လို့ အကြောင်းပြပါတယ်။ အမှန်တကယ်မိုးရေသာဆိုရင် နွေရာသီမှာ ရေလာစရာအကြောင်းမရှိပါဘူး။ ဒီကိစ္စအတွက်လည်း မစိုက်ပျိုးခဲ့ရတဲ့နှစ်တွေအတွက် နစ်နာကြေးတစ်စုံတစ်ရာပေးချေခဲ့ခြင်းမရှိသေးဘူးလို့ သိရပါတယ်။

နောက်ဆုံးတစ်ခုကတော့ ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ ကြယ်ပွင့်ပြမေးခဲ့တဲ့ ဒေသခံတောင်သူတွေရဲ့ လယ်မြေတွေကနေ လျှပ်စစ်မီးတိုင်သွယ်တန်းတဲ့ ကိစ္စကို အခုချိန်ထိ တာဝန်ယူဖြေရှင်းပေးတာ မရှိသေးပါဘူး။ ဒေသခံတွေအတွက် လျှပ်စစ်မီးတွေ သွယ်တန်းပေးတာပါလို့ အကြောင်းပြပါတယ်။ ဆိပ်ကမ်းကို လျှပ်စစ်မီးသွယ်တန်းပြီးလို့ အတော်ကြာမှ ဒေသခံတွေကို တစ်ဆင့်မီးပေးတာလို့ သိရပါတယ်။ နီကယ်စက်ရုံအပြင် ဂရိတ်ဝေါလ်သကြားစက်ရုံးရဲ့ သက်ရောက်မှုဒဏ်ကိုလည်း ဒေသခံများမကြာခဏဆိုသလို ခံစားကြရပါတယ်။ ဂရိတ်ဝေါလ်သကြားစက်ရုံက ကြံဖက်ချေးတွေ အနံ့နံနေပါတယ်။ ကျွန်မတို့ထမင်းစားလို့မရအောင် ဖြစ်နေပါတယ်။ ကျွန်မတို့စိုက်ခင်းတွေထဲ စက်ရုံမီးခိုးခေါင်းတိုင်ကထွက်တဲ့ ပြာတွေကျလို့ပါဆိုတာ မျိုးတွေဟာ တစ်လမှာအနည်းဆုံးတစ်ချိန်ထက်မနည်း ဖုန်းဆက်တိုင်ကြားလို့ သက်ဆိုင်ရာကို ပြောပြပေမဲ့လည်း အဆုံးသတ်မသွားခဲ့ပါဘူး။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အခုလိုပြောပြနေတာဟာ ကုမ္ပဏီအနေနဲ့ ဒေသခံတွေနဲ့ ပတ်သက်လာရင် တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေချင်လို့ ထင်ဟပ်ပြခြင်းဖြစ်ပါတယ်။ မိမိတို့ စီးပွားရေး လုပ်ငန်းတွေကြောင့် ဒေသခံတွေအပေါ် အခက်အခဲတစ်စုံတစ်ရာမရှိဘဲ ဒီစက်ရုံတွေရှိနေလို့ ငါတို့ဒေသ အလုပ်အကိုင်ပေါ၊ အရောင်းအဝယ်ကိစ္စတွေအဆင်ပြေပြီး စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးအထောက်အပံ့တွေဖြစ်ပါလားဆိုတဲ့ ခံစားမှုမျိုးဖြစ်စေချင်တာဖြစ်ပါတယ်။ အဆိုပါ

ကုမ္ပဏီများအနေနဲ့ကလည်း ဒေသအတွက် စာသင်ကျောင်းတွေ၊ ဆေးပေးခန်းတွေ၊ ရေသန့်စက်တွေနဲ့ အခြားကဏ္ဍတွေမှာ ပေးလှူနေတာတွေအတွက်လည်း ဒေသခံတွေရဲ့ကိုယ်စား ကျေးဇူးတင်မိပါတယ်။ ပြောချင်တာက ထောက်ပံ့ပေးလိုတာကတစ်ပိုင်း၊ မိမိတို့ရဲ့လုပ်ငန်းကြောင့် သက်ရောက်မှု ကို တာဝန်ယူ၊ တာဝန်ခံမှုနဲ့ မရောစေချင်တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ရက်ပိုင်းကတစ်ကြိမ်၊ ၂၀၁၇ ခုနှစ်မှာတစ်ကြိမ် ဂရိတ်ဝေါလ်သကြားစက်ရုံက ကြံဖတ်ပုံမီးလောင်လို့ မောင်းကုန်းကျေးရွာသားတွေ မီးဘေးအတွက်စိုးရိမ်တကြီး ဖြစ်ခဲ့ရတာရှိပါတယ်။

နောက်အပိုင်းတစ်ခုကတော့ CSR ရန်ပုံငွေခွဲဝေမှုကိစ္စဖြစ်ပါတယ်။ နီကယ်စီမံကိန်းဟာ မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်ထဲမှာ ကုန်ကြမ်းဖြစ်တဲ့ တကောင်းတောင်ပါဝင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်ဘက်မှာတော့ ဖယ်ရိုနီကယ်ထုတ်လုပ်တဲ့ စက်ရုံနဲ့ ဝန်ထမ်းဆောင်များတည်ရှိရာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ CSR နဲ့ပတ်သက်ရင် နှစ်မြို့နယ်ခွဲဝေရတာဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ် ကျွန်တော်တို့စပြီးတာဝန်ယူကတည်းက အခုအချိန်ထိ နီကယ်စက်ရုံက CSR နဲ့ပတ်သက်လို့ တစ်နှစ်ကိုငွေကြေးဘယ်လောက်ထောက်ပံ့သုံးစွဲမယ်ဆိုတာ တိတိကျကျမသိရပါဘူး။ ဘဏ္ဍာရေးနှစ်တစ်နှစ်ရဲ့ ဘယ်လကနေ ဘယ်လအထိကို မြို့နယ် CSR ကော်မတီရဲ့ အစည်းအဝေးဆုံးဖြတ်ချက်နဲ့ စာရင်းတင်ရမယ်ဆိုတာမျိုး သတ်သတ်မှတ်မှတ်မရှိတဲ့ အခါအခက်အခဲတွေရှိပါတယ်။

လေးစားအားထားရတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ထောက်ပံ့မယ့်ငွေပမာဏသိမှသာ ကျွန်တော်တို့ မြို့နယ်ရဲ့ စက်ရုံအမည်သက်ရောက်မှုရှိတဲ့ ကျေးရွာတွေရဲ့လိုအပ်ချက်နဲ့အညီ ခွဲဝေချထားနိုင်မှာဖြစ်ပါတယ်။ ဒီလိုပမာဏတိတိကျကျမသိရတဲ့အခါ တင်လာသမျှစာရင်းကို စက်ရုံကိုပေးရပြီး စက်ရုံဘက်က သူတို့ပေးလိုတဲ့အချက်တွေကိုထပ်ထည့်လို့ တချို့ကိစ္စတွေကျန်နေခဲ့တဲ့အခါ ကျွန်တော်တို့တစ်တွေမှာ ဒေသခံပြည်သူတွေနဲ့ဖြေရှင်းရတာ အခက်အခဲတွေများစွာရှိပါတယ်။ အခုဆွေးနွေးတဲ့အချက်ဟာ အဆိုရှင်တင်ပြတဲ့ အဆိုရဲ့အရေးကြီးဆုံးအပိုင်းဖြစ်ပါတယ်။ အဆိုရှင်က သဘာဝပတ်ဝန်းကျင်ဆိုင်ရာကောင်းမွန်မှု၊ ပညာရေးဆိုင်ရာတိုးတက်မှု၊ ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေး၊ ကျန်းမာရေးမြှင့်တင်မှု၊ ကျား/မတန်းတူညီမျှမှုမြှင့်တင်ရေး၊ သက်မွေးပညာကျွမ်းကျင်မှုစတဲ့လုပ်ငန်းများမှာ အကျိုးရှိစွာအသုံးပြုနိုင်ရန်အတွက် ကောင်းမွန်သောမူဝါဒများချမှတ်ညွှန်ကြားခြင်း၊ ကုမ္ပဏီရဲ့ CSR မူဝါဒအသေးစိတ်အချက်အလက်များ ဖော်ပြပါဝင်တဲ့ နှစ်စဉ် CSR အစီရင်ခံစာပြုစုရန် ယင်းသတင်းအချက်အလက်များကို ကုမ္ပဏီ Website တွင်ဖော်ပြထားရန်၊

CSR လုပ်ငန်းစဉ်များတွင် ကတိကဝတ်ပေးထားသည့်နှုန်းအတိုင်း သုံးစွဲရန်ပျက်ကွက်ပါက ထိုသို့ မသုံးစွဲရသည့်အကြောင်းအရင်းကိုဖော်ပြထားရန် အစရှိတဲ့စိစစ်ကြပ်မတ်မှုများ လိုအပ်ပါသည်လို့ တင်ပြထားတာရှိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့တိုက်တွန်းချက်နဲ့ပဲ နိဂုံးချုပ်ပါရစေ။ အစိုးရအဖွဲ့အတွင်းဖြစ်စေ၊ ကုမ္ပဏီများ၊ နိုင်ငံတော်ပိုင်လုပ်ငန်းများ၊ လွှတ်တော်နဲ့အရပ်ဘက်လူမှု အဖွဲ့အစည်းများနှင့်ဖြစ်စေ၊ တာဝန်ယူမှုရှိတဲ့ ရင်းနှီးမြှုပ်နှံမှုများအား မည်သို့မြှင့်တင်ရန်နှင့် အကျိုး စီးပွားမျှဝေမှုကို မည်သို့ဖော်ဆောင်မည်ဆိုသည့်အကြောင်း၊ အမျိုးသားအဆင့်ဆွေးနွေးပွဲများနှင့် တိုင်ပင်နှီးနှောဖလှယ်ပွဲများ ပြုလုပ်ပေးသင့်မည်ဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ စီးပွားရေးလုပ်ငန်းများမှ လူမှုအကျိုးပြုလုပ်ငန်း(CSR) အကောင်အထည်ဖော်ရာတွင် တိကျသည့်။

[ဆွေးနွေးရန် သတ်မှတ်ချိန်ပြည့်သဖြင့် မိုက်ပိတ်သွားပါသည်။]

**ဥက္ကဋ္ဌ**။ ။ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဝင်းဝင်း(မင်းဘူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေလို့ ရှေးဦးပဏာမ ဆုတောင်းမေတ္တာပို့သ အပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မင်းဘူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းဝင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်တန်းမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုးတင်သွင်းထားသော စီးပွားရေးလုပ်ငန်းများ၏ လူမှု အကျိုးပြုလုပ်ငန်း(CSR) အကောင်အထည်ဖော်ရာတွင် တိကျသည့်မူဝါဒများချမှတ်ပြီး ဒေသခံ ပြည်သူများပါဝင်နိုင်သော နည်းလမ်းများဖြင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရန်အတွက် စီစဉ်ညွှန်ကြားပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွား မှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့အဆိုကို လေ့လာကြည့်မယ်ဆိုလို့ရှိရင် လူမှုတာဝန်သိမှု၊ (CSR)လုပ်ငန်းတွေကိုအကောင်အထည်ဖော်တဲ့အခါ မှာ မူဝါဒတွေကို တိကျစွာချမှတ်ဖို့လိုအပ်သလို ဆောင်ရွက်တဲ့လုပ်ငန်းတွေမှာလည်း ဒေသခံပြည်သူ တွေပါဝင်နိုင်ဖို့နှင့် ပွင့်လင်းမြင်သာစွာဆောင်ရွက်နိုင်ဖို့အတွက် ရည်ရွယ်ထားကြောင်း ထင်ရှားစွာ တွေ့မြင်နိုင်မှာဖြစ်ပါတယ်။ ကျွန်တော့်မဲဆန္ဒနယ်မြေဖြစ်တဲ့ မင်းဘူးမဲဆန္ဒနယ်မြေမှာဆိုလို့ရှိရင် မန်းရေနံမြေနဲ့ ထောက်ရှာပင်ရေနံမြေတို့မှာ MOGE နဲ့ MPRL–E&P ကုမ္ပဏီတို့က လူမှုတာဝန်သိမှု

(CSR)လုပ်ငန်းတွေကို နှစ်စဉ်နှစ်တိုင်းဆောင်ရွက်နေတာ ဒေသခံပြည်သူတွေအားလုံး သိရှိနေကြပါတယ်။

ဘယ်လိုလုပ်ငန်းတွေဆောင်ရွက်နေသလဲဆိုလို့ရှိရင် ဒေသလိုအပ်ချက်လုပ်ငန်းတွေဖြစ်တဲ့ သောက်သုံးရေရရှိရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးတို့အပြင် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ဖို့အတွက် စိုက်ပျိုးရေးပညာပေးလုပ်ငန်းတွေကိုလည်း ဆောင်ရွက်သလို အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် သံဂဟေဆက်သင်တန်းတေွ၊ အိမ်တွင်းမှုလုပ်ငန်းသင်တန်းတွေ၊ အထည်ချုပ်လုပ်ငန်းများအတွက် စက်ချုပ်သင်တန်းတွေကိုလည်း ဖွင့်လှစ်ပို့ချဆောင်ရွက်ပေးနေတာ တွေ့မြင်နေရပါတယ်။ တကယ်တော့ အဲဒီလိုလုပ်ငန်းတွေဆောင်ရွက်တဲ့အခါမှာ အဆိုရှင်တင်ပြသွားသလိုပဲ ဒေသခံပြည်သူများ ပူးပေါင်းပါဝင်နိုင်သောနည်းလမ်းများဖြင့် အလေးထားဆောင်ရွက်မယ်ဆိုရင် ပိုမိုအကျိုးရှိထိရောက်အောင်မြင်မှာဖြစ်ပါတယ်။ လူမှုတာဝန်သိမှု(CSR)လုပ်ငန်းများအနေဖြင့် ဒေသအကျိုးပြုလုပ်ငန်းတေွကို ရွေးချယ်တဲ့အခါမှာ ပွင့်လင်းမြင်သာစွာရှိဖို့အတွက် ပြည်သူကရွေးချယ်ပေးလိုက်တဲ့ ဒေသခံပြည်သူ့ကိုယ်စားလှယ်များနှင့် ထဲထဲဝင်ဝင်တိုင်ပင်ညှိနှိုင်းမယ်ဆိုလို့ရှိရင် ပိုမိုထိရောက်အောင်မြင်မှာဖြစ်ပါတယ်။ အဲဒီလို ပွင့်လင်းမြင်သာစွာနဲ့ရွေးချယ်ထားတဲ့ လုပ်ငန်းတွေဆောင်ရွက်တဲ့အခါမှာလည်း ဒေသခံပြည်သူများနှင့် ပူးပေါင်းပါဝင်နိုင်တဲ့နည်းလမ်းဖြစ်တဲ့ ဒေသခံကော်မတီတွေနဲ့ဆောင်ရွက်ခွင့်ပြုဖို့ မူဝါဒများ ခိုင်မာစွာချမှတ်ထားရန်လည်း လိုအပ်လှပါတယ်။ အဲဒီလိုခိုင်မာစွာချမှတ်ထားတဲ့ မူဝါဒတွေရှိမှသာလျှင် ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်သလို လုပ်ငန်းတွေလည်း ပိုမိုထိရောက်အောင်မြင်နိုင်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပမာအားဖြင့်တင်ပြရလို့ရှိရင် ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေနဲ့ ဆောင်ရွက်တဲ့လုပ်ငန်းတွေမှာဆိုလို့ရှိရင် လုပ်ငန်းတစ်ခုကို အများဆုံးအားဖြင့် ကျပ်သိန်း ၅၀ ဖြင့် ဆောင်ရွက်ခွင့်ရသော်လည်းပဲ ဒေသခံပြည်သူများနှင့်ဖွဲ့စည်းထားတဲ့ ကော်မတီတွေလက်ထဲကို ယုံကြည်စွာ အပ်နှံဆောင်ရွက်တဲ့အတွက် ချထားပေးလိုက်တဲ့ကျပ်သိန်း ၅၀ တန်ဖိုးသာမက ပိုမိုအောင်မြင်အောင်ဆောင်ရွက်နိုင်တာ အထင်သားတွေ့မြင်ကြရမှာ ဖြစ်ပါတယ်။ ကျွန်တော့်မဲဆန္ဒနယ်မှာဆိုလို့ရှိရင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းတွေကို လွှတ်တော်ရန်ပုံငွေကရှာထားပေးပြီး ဆောင်ရွက်သလို လူမှုတာဝန်သိမှု(CSR)ရန်ပုံငွေဖြင့် ဆောင်ရွက်တဲ့လုပ်ငန်းတွေလည်း ရှိပါတယ်။ လွှတ်တော်ရန်ပုံငွေဖြင့်ဆောင်ရွက်ခဲ့တဲ့ ကွန်ကရစ်လမ်းတွေမှာတော့ ဒေသခံပြည်သူများနဲ့ ဖွဲ့စည်းထားတဲ့ ကော်မတီတွေလက်ထဲကို ယုံကြည်စွာအပ်နှံဆောင်ရွက်စေခဲ့တဲ့အတွက် ကွန်ကရစ်

လမ်းမှာ အရည်အသွေးပြည့်မီသလို သတ်မှတ်ထားတဲ့ပေအရှည်ထက် ပိုမိုပြီးမြောက်ကြောင်း ကိုလည်း ထင်ရှားစွာတွေ့မြင်ခဲ့ရပါတယ်။ လူမှုတာဝန်သိမှု(CSR)ရန်ပုံငွေဖြင့်ဆောင်ရွက်တဲ့ ကွန်ကရစ်လမ်းတွေကို ဒေသခံပြည်သူတွေက ပူးပေါင်းပါဝင်ပြီးတော့ ဆောင်ရွက်လိုသော်လည်းပဲ ဆောင်ရွက်ခွင့်မရရှိခဲ့ပါဘူး။ အကယ်၍သာ ဒေသခံကော်မတီတွေကို ပူးပေါင်းပါဝင်လုပ်ကိုင်ခွင့် ပြုခဲ့မယ်ဆိုလို့ရှိရင် ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိမှာဖြစ်သလို ဒေသအတွက် လည်း ပိုမိုအကျိုးဖြစ်ထွန်းမှာဖြစ်ပြီး တိုင်းပြည်အတွက်လည်း များစွာအကျိုးရှိမှာဖြစ်ပါတယ်။ နိဂုံးချုပ်အနေနဲ့ အဆိုရှင်တင်ပြသွားသလိုပဲ လူမှုတာဝန်သိမှု(CSR)လုပ်ငန်းတွေကို ဗန်းပြပြီး ကိုယ်ကျိုးအတွက် ဆောင်ရွက်တာတွေကိုမလုပ်ဖို့နဲ့ အဂတိတရားကင်းကင်းနဲ့ ဒေသခံပြည်သူတွေရဲ့ အကျိုးကို စေတနာထားပြီးဆောင်ရွက်ကြဖို့ အင်မတန်မှအရေးကြီးလှပါတယ်။ သို့ဖြစ်ပါ၍ အဆိုရှင် တင်သွင်းထားသော စီးပွားရေးလုပ်ငန်းများ၏ လူမှုအကျိုးပြုလုပ်ငန်း(CSR)များ အကောင်အထည်ဖော် ရာတွင် တိကျတဲ့မူဝါဒများချမှတ်ပြီး ဒေသခံပြည်သူများ ပူးပေါင်းပါဝင်နိုင်သောနည်းလမ်းများဖြင့် ပွင့်လင်းမြင်သာစွာဆောင်ရွက်နိုင်ရန်အတွက် စီစဉ်ညွှန်ကြားပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်း တင်ပြဆွေးနွေးရင်း နိဂုံးချုပ် အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မုံရွာမဲဆန္ဒနယ်မှ ဦးညွန့်အောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးညွန့်အောင်(မုံရွာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကျောက်တန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုးရဲ့အဆိုကို ထောက်ခံဆွေးနွေးမယ့် မုံရွာမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်အောင်ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ ဖွံ့ဖြိုးဆဲနိုင်ငံဆိုတဲ့အတိုင်းပဲ ဖွံ့ဖြိုးတိုးတက်ဖို့လုပ်စရာတွေ များပြားလှပါ တယ်။ ဒီများပြားလှတဲ့လုပ်စရာတွေကို မေတ္တာနှင့်ပညာပေါင်းစပ်၍လုပ်ပါမှ ရေရှည်တည်တံ့တဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ရရှိနိုင်မှာဖြစ်ပါတယ်။ လုပ်စရာတွေအများအပြားထဲမှ အခုအဆိုဖြစ်တဲ့ စီးပွားရေးလုပ်ငန်းများ၏ လူမှုအကျိုးပြုလုပ်ငန်း(CSR) အကောင်အထည်ဖော်ရာတွင် တိကျသည့် မူဝါဒချမှတ်ပြီး ဒေသခံပြည်သူပါဝင်နိုင်သောနည်းလမ်းများဖြင့် ပွင့်လင်းမြင်သာစွာဆောင်ရွက်နိုင် ရန်အတွက် စီစဉ်ညွှန်ကြားခြင်းသည်လည်း လုပ်သင့်လုပ်ထိုက်သောအလုပ်ဖြစ်ပါတယ်။ အချိန်

မဆိုင်းသင့်တော့ပါ။ နိုင်ငံကဖွံ့ဖြိုးဆဲဆိုတော့ သဘာဝသယံဇာတတွေကို အမှီပြုပြီးဖွံ့ဖြိုးတိုးတက်ဖို့ ကြံဆောင်ရတာ သဘာဝပါ။

သို့သော် တာဝန်ရှိမှု၊ တာဝန်ခံမှုရှိသောအဖြစ်မျိုးသာ ဖြစ်စေချင်ပါတယ်။ ပြည်ပမှာလည်း သယံဇာတထုတ်ယူလိုကြတယ်။ ပြည်တွင်းမှာလည်း သယံဇာတကိုသုံးလိုကြပါတယ်။ မည်သူ သယံဇာတထုတ်ထုတ် ဥပဒေနှင့်အညီဖြစ်စေရန်အပြင် ဒေသခံတွေ၏အကျိုးကိုလည်း ထည့်သွင်း စဉ်းစားကြရမှာဖြစ်ပါတယ်။ ဒေသခံအခြေခံလူထု၏ အခွင့်အရေးကို နားကြီး၊ မျက်စိကြီးသော နိုင်ငံတော်အစိုးရမှ ကာကွယ်ပေးရန်လည်း လိုအပ်ပါတယ်။ သယံဇာတအမှီပြုလိုသော ပြည်တွင်း/ ပြည်ပစီးပွားရေးအဖွဲ့အစည်းများထဲမှ ဒေသခံအခြေခံလူထုရဲ့ အခွင့်အရေးကို လေးစားသော အစဉ်အလာရှိသည့် အဖွဲ့စည်းများကိုသာ လုပ်ပိုင်ခွင့်ပေးသင့်ပါတယ်။ ဒေသခံတို့ရဲ့သဘာဝပတ်ဝန်းကျင် လူမှုဘဝဖြစ်စဉ်တို့ ထိခိုက်နစ်နာမှုရှိခဲ့ကာ တာဝန်ယူပြန်လည်ကုစားပေးရမည်မှာလည်း စီးပွားရေး အဖွဲ့အစည်းများ၏ ရှောင်လွှဲမသွားသင့်သော တာဝန်တစ်ရပ်ဖြစ်တယ်လို့ ခံယူမှုလိုအပ်ပါတယ်။ ထိုသို့လူ့အခွင့်အရေးကိုကာကွယ်ရန်၊ လေးစားရန်နှင့် ပြန်လည်ကုစားမှုပြုရန် လုပ်ငန်းစဉ်များတွင် ဒေသခံများပါဝင်မှ ပွင့်လင်းမြင်သာစွာဆောင်ရွက်မှသာလျှင် ၎င်းဒေသဖွံ့ဖြိုးမှု ရေရှည်တည်တံ့ခိုင်မြဲ နိုင်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အလျှူဒါနနဲ့အသားကျပြီးဖြစ်သော မြန်မာနိုင်ငံမှာ CSR လုပ်ငန်းများစွာ ပုံစံ မျိုးစုံနဲ့ရှိနေပါတယ်။ Max Myanmar၊ Kanbawza၊ Shwetaung Group၊ Asia World၊ လက်ပံတောင်း ဒေသမှာ ဝမ်ပေါင်၊ ခန္တီးဒေသမှာ နန်စီပွန်၊ အင်းတော်ဒေသမှ မော်လူး၊ မုံရွာမှာ စွမ်းအားဖွံ့ဖြိုး CSR လုပ်ငန်းများစွာရှိပါတယ်။ အဲဒီထဲကနှစ်ခုကို နှိုင်းယှဉ်ပြလိုပါတယ်ခင်ဗျား။ တစ်ခုကတော့ စိန်ခေါ်မှု များစွာရှိနေသေးတဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ လက်ပန်တောင်းဒေသမှ ကြေးနီတူးဖော်ရေးလုပ်ငန်း ဖြစ်ပါတယ်။ ဝမ်ပေါင်ကုမ္ပဏီက ဆောင်ရွက်နေပါတယ်။ အဲဒီမှာ CSR လုပ်ငန်းအတွက် နှစ်စဉ်အမြတ်ငွေရဲ့ နှစ်ရာခိုင်နှုန်းအသုံးပြုမှု ကတိပြုထားပြီလည်းဖြစ်ပါတယ်။ ထို CSR လုပ်ငန်းစဉ် များမှာ ကျေးရွာမီးလင်းရေးအတွက် ၅၉၀ သန်း၊ ခုတင် ၁၆ ခုတင်ဆံ့ဆေးရုံအတွက် ၄၂၅ သန်း၊ လမ်းအဆင့်မြှင့်တင်ရန်အတွက် ၁၀၄ သန်း၊ သောက်သုံးရေအတွက် သန်း ၁၆၀၊ မြစ်ရေတင်လုပ်ငန်း အတွက် ၁၇၀ သန်း၊ ကျောင်းများ၊ စာကြည့်တိုက်များအတွက် ၂၇၄ သန်း ဆောင်ရွက်ခဲ့ပြီးလို့လဲ သိရပါတယ်။ ဒေသခံပြည်သူများအတွက် တစ်စိတ်တစ်ဒေသတော့ပြေလည်မှုရရှိတယ်လို့ ဆိုနိုင်ပါ တယ်။ အခြားတစ်ခုကတော့ မုံရွာစွမ်းအားဖွံ့ဖြိုးကုမ္ပဏီရဲ့ လူမှုစီးပွားဒေသဖွံ့ဖြိုးရေးအတွက် ကောက်ခံသောရန်ပုံငွေပါ။ ဒီစီးပွားရေးလုပ်ငန်းစုအဖွဲ့က ရေနံချက်လုပ်ကြတဲ့အစုအဖွဲ့ဖြစ်ပါတယ်။

ရေနံချက်ဖိုပေါင်း ၃၅၄ ဖိုရှိပြီး နှစ်စဉ်အခွန်အရပ်ရပ်ပေါင်းသန်း ၁၃၀ ခန့် အစိုးရကိုဆောင်ရပြီး လူမှုစီးပွားဒေသဖွံ့ဖြိုးရေးရန်ပုံငွေအတွက် ရေနံစိမ်းတစ်စည်အဝင်အတွက် ၅၀၀ ကျပ်၊ အထွက်အတွက် ၅၀၀ ကျပ် ကောက်ခံတယ်လို့ဆိုပါတယ်။

တစ်နှစ်တစ်နှစ်ကို သန်းပေါင်း ၁၅၀၀ ခန့် ခန့်မှန်းခြေရရှိတယ်လို့သိရပါတယ်။ ဒီရေနံချက်ဖိုတွေလည်ပတ်ဖို့အတွက် ဘုတလင်မြို့နယ်၊ အရာတော်မြို့နယ်၊ မုံရွာမြို့နယ်တွေမှာရှိတဲ့ သစ်ပင်ကြီးတွေများစွာ ပျက်စီးကြရပါတယ်။ ချက်ဖိုတွေရဲ့အောက်ဖက်အနိမ့်ပိုင်းတွေမှာ မြေယာတွေ၊ သောက်သုံးရေတွေ ထိခိုက်မှုအနည်းငယ်ရှိခဲ့ပါတယ်။ အနီးနားပတ်ဝန်းကျင်မှာလည်း အနံ့အသက်များစွာဖြင့်အနှောင့်အယှက်ဖြစ်ရပါတယ်။ ဒါတွေဟာ လက်တွေ့မြင်ရတာတွေ၊ ခံစားရတာတွေပါ။ မမြင်နိုင်တဲ့အခြားအကျိုးဆက်တွေလဲရှိပါတယ်။ ဒီလိုအကျိုးဆက်တွေခံစားရသော်လည်းပဲ CSR ရန်ပုံငွေကိုတော့ ဒီဒေသပတ်ဝန်းကျင်လူတွေဟာ မခံစားရပါဘူး။ မခံစားရသလောက်ပါပဲ။ နစ်နာလှပါတယ်။ ဒီလို ဘာလူ့အခွင့်အရေးမှဆိုရန်မတတ်နိုင်သူတွေကို ပြည်ထောင်စုအစိုးရရဲ့ ကာကွယ်စောင့်ရှောက်မှုလိုအပ်ပါတယ်။ စစ်မှန်တဲ့ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရစေရန်အတွက် မျှတရန်လိုအပ်ပါတယ်။ ဆိုးကျိုးခံစားရသောသူတွေကတခြား၊ ကောင်းကျိုးခံစားရသူတွေကတခြားဆိုရင်တော့ ဒီအချိန်မှာအငြိုအငြင်ခံရမှာပဲဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုအဖြစ်တွေမဖြစ်ရန် ကျောက်တန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုးရဲ့ စီးပွားရေးလုပ်ငန်းများ၏ လူမှုအကျိုးပြုလုပ်ငန်း(CSR)အကောင်အထည်ဖော်ရာတွင် တိကျသည့်မူဝါဒချမှတ်ပြီး ဒေသခံပြည်သူပါဝင်နိုင်သောနည်းလမ်းများဖြင့် ပွင့်လင်းမြင်သာစွာဆောင်ရွက်နိုင်ရန်အတွက် စီစဉ်ညွှန်ကြားပေးပါရန် နိုင်ငံတော်အစိုးရအားတိုက်တွန်းကြောင်းအဆိုကို လေးနက်စွာထောက်ခံဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ခင်စည်သူ(လှိုင်ကော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးကိုမင်္ဂလာပါလို့နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်ရှင်။ ကျွန်မကတော့ လှိုင်ကော်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စည်သူ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ Power Point နဲ့ ဆွေးနွေးခွင့်ပြုပါရှင်။ စီးပွားရေးလုပ်ငန်းများရဲ့ လူမှုအကျိုးပြုလုပ်ငန်း(CSR)အကောင်အထည်ဖော်ရာမှာ တိကျတဲ့မူဝါဒချမှတ်ပြီး ဒေသခံပြည်သူတွေပါဝင်နိုင်တဲ့နည်းလမ်းများနဲ့ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်ရန်အတွက် စီစဉ်ညွှန်ကြားပေးပါရန်

နိုင်ငံတော်အစိုးရကို တိုက်တွန်းတဲ့ ဒေါ်အေးမြမြမျိုးရဲ့အဆိုကို ကျွန်မထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ နေပြည်တော်မှာ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်၊ ၂၆ ရက်နေ့များမှာ ပထမအကြိမ် အလုပ်ရုံဆွေးနွေးပွဲမှာ နိုင်ငံတော်ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်စဉ်က တက်ရောက်လာတဲ့သူတွေက CSR မျှော်မှန်းချက်ကို ဝိုင်းဝန်းအတည်ပြုခဲ့ပါတယ်။ အဲဒါကတော့ ပြည်သူလူထုပါဝင်ဆောင်ရွက်မှုကို အားပေးမြှင့်တင်ရန်နှင့် လူထုတွေရဲ့ယုံကြည်မှု ပိုမိုခိုင်မာလာအောင် ကျင့်ဝတ်နှင့်ညီတဲ့ အရည်အချင်းကို အခြေခံတဲ့၊ အားလုံးပါဝင်နိုင်တဲ့ တုံ့ပြန်ဆောင်ရွက်မှုရှိတဲ့ နိုင်ငံ့ဝန်ထမ်းကဏ္ဍတစ်ရပ်ပေါ်ထွန်းလာရေး ဖြစ်ပါတယ်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေမှာ လူထုအကျိုးပြုလုပ်ငန်းများနှင့်ပတ်သက်တဲ့ဥပဒေ အခန်း(၂) ပုဒ်မ ၃ ပုဒ်မခွဲ(က)မှာ ရည်ရွယ်ချက်များပါရှိသလို အခန်း(၆)မှာ ကော်မရှင်ရဲ့တာဝန်လည်း ဖော်ပြပြီးသားဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့အဆိုပါ တာဝန်ရှိတဲ့ပုဂ္ဂိုလ်ဖြစ်ပါတယ်ရှင်။ စီးပွားရေးလုပ်ငန်းတွေက ကြီးကြီးမားမားဖြစ်သလို တားဆီးမှုမရှိဘဲ နိုင်ငံခြား၊ နိုင်ငံတွင်းရင်းနှီးမြှုပ်နှံသူတွေရဲ့လုပ်ပိုင်ခွင့်ပေးထားတဲ့လုပ်ငန်းတွေက တိုင်းပြည်ရေမြေခန်းခြောက်ပျက်စီးပြီး အနာဂတ်မျိုးဆက်တွေအတွက် ပတ်ဝန်းကျင်ခြောက်ခန်းလာတာတွေပဲကျန်ခဲ့မှာ ဖြစ်ပါတယ်။ ဥပမာပြောရရင် ဖားကန့်ရဲ့အတွေ့အကြုံဖြစ်သလို ကျွန်မတို့ကယားပြည်နယ်၊ လွိုင်ကော်မြို့မှာဆိုလို့ရှိရင် ပြည်ထောင်စုအဆင့်က ကယားပြည်နယ်အစိုးရရဲ့ ၂၀၁၈ ခုနှစ် အောက်တိုဘာလမှာ ကန့်ကွက်ရန်မရှိဆိုတဲ့သဘောထားမှတ်ချက်တွေနဲ့ သစ်တောကြိုးဝိုင်း၊ ရေဝေရေလွှဲနေရာကို စက်မှုဇုန်အဖြစ် ခဲသတ္တုသန့်စင်စက်ကို ခွင့်ပြုထားပါတယ်။ EIA၊ SIA အဆင်သင့်မရှိဘဲနဲ့ မြေနေရာပေးတယ်။ လုပ်ငန်းခွင့်ပြုတာတွေ တွေ့ခဲ့ရပါတယ်။ ပြည်သူလူထုတွေကို ချမပြပါဘူး။ ပြည်သူလူထုတွေ ပါဝင်ဆောင်ရွက်မှု အားပေးမြှင့်တင်ရန်နှင့် လူထုယုံကြည်အောင် ခိုင်မာမှုအတွက် ကျင့်ဝတ်နှင့်ညီတဲ့အရည်အချင်းကို အခြေခံတဲ့လက်ခံမှုများမပါဝင်ခဲ့တာကို ပြည်သူလူထုတွေက စိုးရိမ်ကြောင့်ကြပြီးတော့ ၎င်းရဲ့ Concept တွေနဲ့ သဘာဝပတ်ဝန်းကျင်ရေသုံးမှုရော၊ ရေစွန့်ပစ်မှုတွေပါ ထိခိုက်လာမှာကို စိုးရိမ်ပြီးသောကရောက်နေတဲ့အတွက် ဒီအဆိုကို ထောက်ခံရခြင်းဖြစ်ပါတယ်ရှင်။

CSR ဆိုတာကို ကုမ္ပဏီတွေခပ်များများက လှူဒါန်းပေးတာ၊ ရန်ပုံငွေထည့်တာ၊ ထောက်ပံ့ငွေပေးတာ၊ ခေါင်းစဉ်မပါဘဲနဲ့ ပြုလုပ်နေတာကို CSR လို့ ယူဆနေကြပါတယ်ရှင်။ လှူဒါန်းတာ CSR မဟုတ်ပါဘူး။ ထောက်ပံ့တဲ့ရန်ပုံငွေကလည်း CSR မဟုတ်ပါဘူး။ အစိုးရအဖွဲ့ကလည်း ဒီခေါင်းစဉ်မပါတဲ့ ထောက်ပံ့ငွေများကို သက်ဆိုင်ရာဒေသရဲ့ CSR အဖြစ် ဖွံ့ဖြိုးရေးတွေအတွက်

သုံးတာတွေကို လုံးဝလက်ခံရရှိမှုမရှိဘဲ မုန့်ဖိုးပေးသလိုမျိုး သုံးနေတာတွေကိုလည်း တွေ့မြင်နေရပါတယ်ရှင်။ CSR ဆိုတာကို အခြေခံကျတာကိုတောင် ဘာမှမသိကြတာတွေရှိတယ်။ ဒါကြောင့် အနည်းငယ်ပြောချင်ပါတယ်။ ကိုယ်ရဲ့လူမှုအဖွဲ့အစည်း၊ ကျန်းမာရေး၊ ပညာရေး တိုးတက်ကောင်းမွန်အောင်လုပ်ပေးတာ၊ ကိုယ်ရဲ့ဝန်ထမ်းကျန်းမာအောင်၊ ပျော်ရွှင်အောင်၊ လုံခြုံအောင် သန့်ရှင်းအောင်လုပ်ပေးတာ၊ ကိုယ်ရဲ့ကုန်ပစ္စည်းဝန်ဆောင်မှုထောက်ပံ့သူ၊ ပစ္စည်းစံချိန်မီတယ်၊ ဘေးကင်းတယ်၊ ဥပဒေနှင့်ညီအောင်၊ စက်တွေလုံခြုံမှုရှိတဲ့ အန္တရာယ်ကင်းနိုင်အောင် စီမံတာနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိအောင်လုပ်ပေးတာသည် CSR ဖြစ်ပါတယ်ရှင်။ ကုလသမဂ္ဂဖွံ့ဖြိုးရေးအဖွဲ့ရဲ့ဖွင့်ဆိုချက်အရ စီးပွားရေးလုပ်ငန်းကြီး၊ လုပ်ငန်းငယ်လုပ်ဆောင်တဲ့အခါမှာ အကျိုးသက်ဆိုင်သူများအတွက် ထိတွေ့ဆက်ဆံရာမှာပဲဖြစ်ဖြစ်၊ လူမှုရေးနှင့်သဘာဝပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုများကို ထည့်သွင်းစဉ်းစားရမှာ ဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံသူများနှင့် အခြားအကျိုးသက်ဆိုင်သူများရဲ့မျှော်လင့်ချက်များကို မျှတစွာဖွဲ့စည်းပေးရမှာ ဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ဌာနေတိုင်းရင်းသားဒေသများမှာ စီမံကိန်းလုပ်ဆောင်တဲ့အခါမှာ ကုလသမဂ္ဂရဲ့တိုင်းရင်းသားများဆိုင်ရာအခွင့်အရေးကြေညာစာတမ်းပါ လွတ်လပ်၍ အသိပေးသဘောတူညီချက်တွေလုပ်ဆောင်ရန်လို့ ပါရှိပေမဲ့လို့ စီမံကိန်းများကြောင့် ထိခိုက်နာကျင်သူများဟာ လုပ်ငန်းစာချုပ်ချုပ်ပြီးမှသာ စီမံကိန်းအကြောင်းသိရှိလေ့ရှိပါတယ်။ ဒေသရဲ့ နိုင်ငံရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ အုပ်ချုပ်ရေးယန္တရားများကို နားလည်နေရမှာဖြစ်သလို မိမိရဲ့စီးပွားရေးလိုအပ်ချက်ထက် ပြည်သူရဲ့လိုအပ်ချက်က ကိုက်ညီနေရမှာ ဖြစ်ပါတယ်။ ရေရှည်ဖြည့်ဆည်းပေးတဲ့ ဒီဇိုင်းဆွဲပြီးတော့ အကောင်အထည်ဖော်ရန် ဖြစ်ပါတယ်။ လူမှုရေးလုပ်ငန်းများဆောင်ရွက်တဲ့အခါမှာ လူထုတွေရဲ့ဘဝဖွံ့ဖြိုးတိုးတက်ရန်သာမက လုပ်ငန်းတွင်ဖြစ်ပေါ်တဲ့ဒုက္ခကို လျော့နည်းစေရန် ဆောင်ရွက်ရမှာဖြစ်သလို သဘောတူညီချက်များမှာ မပါဝင်တဲ့ လူမှုရေးလုပ်ငန်းများကိုလုပ်ဆောင်ရမှာဖြစ်တဲ့အတွက် နိုင်ငံတော်နှင့် နိုင်ငံသားတွေအကျိုးဖြစ်ဖို့အတွက် ဒေါ်အေးမြမြမျိုးရဲ့အဆိုကို အတည်ပြုပေးပါရန် ဆွေးနွေးထောက်ခံလိုက်ပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုင်းရှူးမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းအေး(ခ)ဦးစိုင်းထွန်းအေး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဝင်းအေး(ခ)ဦးစိုင်းထွန်းအေး(မိုင်းရှူးမဲဆန္ဒနယ်)**။ ။ အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ မိုင်းရှူးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

ဦးစိုင်းထွန်းအေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျောက်တန်းမဲဆန္ဒနယ်က ဒေါ်အေးမြမြမျိုး တင်သွင်းတဲ့ CSR နှင့်စပ်လျဉ်းတဲ့အဆိုအပေါ် ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံဟာ ဖွံ့ဖြိုးမှုနိမ့်ကျနေတဲ့နိုင်ငံဖြစ်သလို ဆင်းရဲတဲ့နိုင်ငံဖြစ်ပါတယ်။ ပြီးတော့ သယံဇာတကျိန်စာသင့်နေတဲ့နိုင်ငံလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့အဖိုးတန်သယံဇာတအရင်းအမြစ်တွေ မကုန်သွားခင်မှာ CSR ကို ပီပြင် ထိရောက်စွာအသုံးချဖို့ အချိန်တန်ပြီလို့ ယူဆတဲ့အတွက် အဆိုကို ထောက်ခံဆွေးနွေးရခြင်း ဖြစ်ပါ တယ်။ CSR ဆိုတာက Corporate Social Responsibility လို့ ပြောတာ ဖြစ်ပါတယ်။ တိုးတက်တဲ့ နိုင်ငံတွေမှာဆိုရင် လုပ်ငန်းရှင်တွေက မိမိတို့လုပ်ငန်းရေရှည်ရပ်တည်နိုင်ဖို့အတွက် မဖြစ်မနေ အလေးထားဆောင်ရွက်ရတဲ့လုပ်ငန်း ဖြစ်ပါတယ်။ မိမိလုပ်ငန်းရဲ့ဂုဏ်သတင်းကျော်ကြားမှုနှင့် လူမှု အသိုက်အဝန်းအပေါ် တာဝန်ယူမှု၊ တာဝန်ခံမှုရှိကြောင်းကို အလေးအနက်ထားပြသတဲ့ အလေ့အထ ကောင်းတစ်ခုလို့ ပြောနိုင်ပါတယ်။ အဓိကကတော့ စီးပွားရေးလုပ်ငန်းတွေအနေနဲ့ ကိုယ့်တစ်ဖို့ တည်းမကြည့်ဘဲ ကိုယ့်ပတ်ဝန်းကျင်ကိုလည်း ပြန်ကြည့်ကြဖို့နဲ့ အကျိုးပြုဖို့လိုအပ်တယ်ဆိုတာကို ပြောတာ ဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်းတွေရဲ့သဘောတရားကိုက အမြတ်ကိုပဲကြည့်တဲ့သဘော ဖြစ်နေပြီး ငွေကြေးအကျိုးအမြတ်ရဖို့အတွက်ပဲ အဓိကထားကြတာ ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီလို လုပ်သွားမယ်ဆိုရင် ရသလောက်အကျိုးအမြတ်စီးပွားရှာ၊ အဆီအနှစ်တွေကို ဝါးမြိုပြီး ဒီနေရာမှာ ကုန်ခန်းသွားရင် အခြားတစ်နေရာကို ထွက်သွားတာမျိုးဆိုရင် ဘယ်သူသေသေ ငတေမာရင် ပြီးရောပုံစံမျိုး ဖြစ်နေပါတယ်။ CSR ကို နားလည်အောင် ပြန်ရှင်းပြရရင် ကုမ္ပဏီကြီးငယ်တွေက လုပ်ငန်းတွေ လာလုပ်ကြတယ်။ အကျိုးအမြတ်တွေ ခံစားသွားကြတယ်။ ဒီလိုလုပ်တဲ့နေရာမှာ မိမိ လုပ်ငန်းလုပ်နေတဲ့ ဒေသအဝန်းအဝိုင်းမှာရှိတဲ့သူတွေရဲ့လူမှုဘဝတွေ ထိခိုက်နစ်နာဆုံးရှုံးသွားရတဲ့ အပေါ်မှာ အတ္တ၊ ပရမ္မတမှုကို ရှေးရှုပြီး တာဝန်ယူမှု၊ တာဝန်ခံမှုနဲ့အတူ ပြန်လည်ဆောင်ရွက်ပေးရ ခြင်းဖြစ်ပါတယ်။ ဒါဟာ နှစ်ဦးနှစ်ဖက်အကျိုးများစေတဲ့ လူသာခုခေါ်၊ နတ်သာခုခေါ်တဲ့ အလုပ်လည်း ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ CSR ဆိုတာ အရင်က မရှိခဲ့ပါဘူး။ ၂၀၁၃ ခုနှစ်နောက်ပိုင်း အပြည်ပြည်ဆိုင်ရာ ယန္တရားများ၊ လုပ်ထုံးလုပ်နည်းများ ခေတ်စားလာတဲ့အခါမှ CSR ကို သိလာကြတာ ဖြစ်ပါတယ်။ အဲဒီမတိုင်ခင်ကတော့ CSR ကို တိကျတဲ့ပုံစံမျိုးမဟုတ်ဘဲနဲ့ ပုံသဏ္ဍာန်တစ်မျိုးနဲ့ ကျင့်သုံးခဲ့ကြတာ မျိုးတော့ ရှိပါတယ်။ အဲဒါကတော့ လက်ဝါးကြီးအုပ်ထားတဲ့လုပ်ငန်းရှင်တွေက ၎င်းတို့ရဲ့အကျိုး စီးပွားအတွက် အကာအကွယ်သဘောမျိုးဖြစ်အောင် ဒေသခံပြည်သူတွေကို လာဘ်ထိုးချွေးသိပ်တဲ့

သဘောမျိုး၊ အလှူဒါနပုံစံနဲ့ စွန့်ကြဲတဲ့သဘောမျိုး၊ ကျောင်းဆောက်ပေးတာတို့၊ ရေသွယ်ပေးတာတို့၊ တံတားလေးခင်းပေးတာစတဲ့ မျက်နှာရတဲ့အလုပ်မျိုးကို လုပ်ပေးတာလောက်ပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံက စီးပွားရေးလုပ်ငန်းရှင်တွေက CSR လုပ်ထုံးလုပ်နည်းနှင့် ပတ်သက်ပြီး နားလည်မှုအားနည်းနေကြဆဲ ဖြစ်ပါတယ်။ ပြည်သူလူထုအပိုင်းကလည်း CSR နှင့်ပတ်သက်ပြီး မိမိတိုရဲ့အခွင့်အရေးက ဘယ်လိုရှိတယ်ဆိုတာကို သဘောမပေါက်ကြသေးသလို အစိုးရပိုင်းအနေနဲ့ ကလည်း ဒီအခွင့်အရေးတွေကို ထိရောက်စွာအကောင်အထည်ဖော်နိုင်အောင် ဘယ်လိုစောင့်ရှောက် ကာကွယ်ပေးမလဲဆိုတဲ့အပိုင်းမှာပါ အားနည်းနေဆဲ ဖြစ်ပါတယ်။ CSR ရန်ပုံငွေဆိုတာ ရှင်းရှင်း ပြောရရင်တော့ ကုမ္ပဏီတွေက ထည့်ဝင်ရတဲ့ ပြည်သူတွေအတွက် သဒ္ဓါကြေးပဲဖြစ်ပါတယ်။ ဒီရန်ပုံငွေတွေကို အထူးသဖြင့် ထိခိုက်နစ်နာဆုံးရှုံးခဲ့ရတဲ့ ဒေသခံပြည်သူတွေအတွက် အကျိုးဖြစ်ထွန်း စေမယ့်ကိစ္စမျိုးတွေမှာ အဓိကသုံးစွဲကြရမှာ ဖြစ်ပါတယ်။ လူထုနဲ့ပဲ တိုက်ရိုက်သက်ဆိုင်တဲ့အတွက် ထိရောက်တဲ့အထောက်အပံ့မျိုးဖြစ်ဖို့ကို ဦးစားပေးရမှာ ဖြစ်ပါတယ်။ အစိုးရရဲ့ဝန်ဆောင်မှုလုပ်ငန်း တွေနဲ့ ရောထွေးပြီး သုံးစွဲဖို့ မသင့်တော်ပါဘူး။ မြန်မာနိုင်ငံမှာ တာဝန်ရှိသူတွေရော၊ ပြည်သူတွေကပါ စီးပွားရေးအကျိုးအမြတ်နဲ့ ဝမ်းရေးအတွက်ပဲ ရှေ့တန်းတင်စဉ်းစားတတ်တဲ့အလေ့အထက အမြစ်တွယ်နေပြီး ရေမြေ တောတောင်၊ သဘာဝပတ်ဝန်းကျင်ပျက်စီးဆုံးရှုံးနိုင်မှုနှင့် လူမှုစီးပွား ထိခိုက်နိုင်မှုတွေကို ထည့်သွင်းစဉ်းစားတဲ့အပိုင်းမှာ နှစ်ပေါင်းများစွာလစ်ဟာနေခဲ့တာကို တွေ့ရပါ တယ်။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံရဲ့အဖိုးတန်သယံဇာတအရင်းအမြစ်တွေ မကုန်ခန်းခင်မှာ CSR ကို ပီပြင်ထိရောက်အောင် အသုံးချသင့်ပါတယ်။

တကယ်တော့ CSR ကို ကောင်းမွန်တဲ့ပုံစံနဲ့ အကောင်အထည်ဖော်နိုင်မယ်ဆိုရင် အစိုးရ ထမ်းထားရတဲ့ ဝန်ထုပ်ဝန်ပိုးတွေကိုလည်း လျှော့ကျလာစေမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ CSR ရန်ပုံငွေနှင့်ပတ်သက်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနက ကောက်ခံရရှိတဲ့ငွေဟာ ဒေါ်လာ သန်းပေါင်းများစွာရရှိနေပြီ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ဒီရန်ပုံငွေတွေကို ဘယ်လိုအသုံးချစီမံခန့်ခွဲ မယ်၊ ဒေသခံပြည်သူများအတွက် ဘယ်လိုထိရောက်အောင် ပံ့ပိုးပေးသွားမယ်ဆိုတဲ့ အစီအမံကလည်း ရှင်းရှင်းလင်းလင်းမရှိသေးပါဘူး။ ဥပဒေတွေ၊ နည်းဥပဒေတွေမှာ တိကျရှင်းလင်းစွာအဓိပ္ပာယ်ဖွင့်ဆို ထားတာလည်း မမြင်ရသေးပါဘူး။ ဒါဟာ အကျင့်ပျက်ခြစားမှုတွေကို ဖိတ်ခေါ်နေလို့ ဖြစ်ပါတယ်။ တကယ်တော့ CSR ရန်ပုံငွေတွေဟာ စီးပွားလာရှာသူတွေကြောင့် ပျက်စီးဆုံးရှုံးသွားရတဲ့ လူမှုစီးပွား ဘဝတွေ ပြန်လည်ရှင်သန်လာစေဖို့

အသုံးပြုရတာ ဖြစ်ပါတယ်။ ဒါကြောင့်ထိရောက်မှုပမာဏ ဘယ်လောက်ရှိတယ်ဆိုတာကို စောင့်ကြည့်တိုင်းတာနေဖို့ လိုအပ်ပါတယ်။ ဖြစ်သင့်တာကတော့ ဆင်းရဲနွမ်းပါးတဲ့ ဒေသခံပြည်သူတွေရဲ့စားဝတ်နေရေးပြေလည်စေရေးအတွက် ၎င်းတို့နေ့စဉ် လုပ်ကိုင်နေခဲ့တဲ့ လုပ်ငန်းတွေအပေါ် အထောက်အပံ့တွေဖြစ်စေဖို့၊ ဝင်ငွေတိုးတက်ရရှိစေဖို့၊ မိရိုးဖလာလုပ်ငန်းတွေကို စွန့်ခွာပြီး ရေကြည်ရာ မြက်နုရာ ထွက်ခွာမသွားကြစေဖို့နှင့် မိသားစုဘဝ တွေ မပြိုကွဲစေဖို့၊ သဘာဝအရင်းအမြစ်တွေကို ပြန်လည်ပြီး ပြုစုပျိုးထောင်ပေးဖို့အတွက် ဦးစားပေး စဉ်းစားပြီး ရန်ပုံငွေကို ထိရောက်စွာအသုံးချကြရမှာ ဖြစ်ပါတယ်။ ၎င်းတို့ရဲ့ကျန်းမာရေး၊ ပညာရေး၊ လူမှုဘဝမနိမ့်ကျစေဖို့ အမြော်အမြင်ရှိရှိနဲ့ စီမံခန့်ခွဲပေးကြရမှာ ဖြစ်ပါတယ်။ ဒါကြောင့် အဆိုကို အလေးအနက်ထောက်ခံပြီး အစိုးရအနေနဲ့လည်း မဖြစ်မနေအကောင်အထည်ဖော်သွားပေးဖို့ တိုက်တွန်းလိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အင်းတော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုံး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ပြုံး(အင်းတော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင့်။ ကျွန်မကတော့ အင်းတော်မဲဆန္ဒနယ်မှဒေါက်တာဒေါ်ပြုံး ဖြစ်ပါတယ်။ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုးတင်တဲ့ CSR အဆိုနဲ့ပတ်သက်ပြီး ထောက်ခံဆွေးနွေး သွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ CSR ခေါ်တဲ့ Corporate Social Responsibility ကို စီးပွားရေးလုပ်ငန်းများ၏လူမှုတာဝန်ယူမှုလို့အဓိပ္ပါယ်ဖွင့်ဆို ပါတယ်။ ဒါပေမဲ့ကမ္ဘာ့နိုင်ငံများမှာတော့ CSR နဲ့ပတ်သက်ပြီး အငြင်းပွားဆဲပဲဖြစ်ပါတယ်။ တချို့ကတော့စီးပွားရေးလုပ်ငန်းရေရှည် တည်တံ့ခြင်း(Corporate Sustainablity)၊ တာဝန်ယူမှုရှိသည့် စီးပွားရေးကျင့်ဝတ်(Corporate Concept)၊ လူ့အဖွဲ့အစည်းအတွင်းရင်းနှီးမြှုပ်နှံခြင်း(Corporate Citizenship)စသည်ဖြင့် CSR ကို ရှောင်ကွင်းပြီးအဓိပ္ပါယ်အမျိုးမျိုးဖွင့်ဆိုပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ CSR ကိုလုပ်ငန်းရှင်များဘက်က စီးပွားရေးမဟာဗျူဟာတစ်ရပ် (Business Strategy) အဖြစ်သတ်မှတ်ပြီး NGO နဲ့တက်ကြွလှုပ်ရှား သူများဘက်ကတော့ Greenward ခေါ်တဲ့သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတစ်ရပ်အနေနဲ့ သတ်မှတ်ပါတယ်။ အစိုးရနဲ့တာဝန်ရှိသူများကတော့ Voluntary Regulation ခေါ်တဲ့မိမိသဘော ဆန္ဒအလျောက်ရေးဆွဲရမယ့်စည်းမျဉ်းတစ်ရပ်လို့ ဘက်ပေါင်းစုံမှာလည်းသုံးသပ်လျက်ရှိပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ CSR ရဲ့ခေါင်းစဉ်အောက်မှာ အဓိကလုပ်ရမယ့် လုပ်ငန်းစဉ်များကိုဖော်ပြလိုပါတယ်။ သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့ရေးအတွက်လုပ်ငန်းစဉ်များမှာ ပြန်လည်ထုတ်လုပ်နိုင်တဲ့၊ ပြန်လည်အသုံးပြုနိုင်တဲ့ထုတ်ကုန်များကိုထုတ်လုပ်ခြင်း၊ စွန့်ပစ်ပစ္စည်းများ စနစ်တကျစီမံခန့်ခွဲခြင်း၊

ရေအသုံးချမှုစီမံခန့်ခွဲခြင်းများပါရှိမှာ ဖြစ်ပါတယ်။ လူသားအရင်းအမြစ်များမြှင့်တင်ရေးအတွက် ဒေသတွင်းလုပ်သားများကိုခန့်အပ်ခြင်း၊ လုပ်သားများ၏လုပ်ငန်းကျွမ်းကျင်မှုနှင့် အခြားအသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုများကို ဖန်တီးပေးခြင်း၊ စွမ်းရည်မြှင့်တင်ပေးခြင်းနှင့် လုပ်သားများ၏ ကျန်းမာရေးလုံခြုံမှုများကိုမြှင့်တင်ပေးခြင်းများ ပါရှိပါတယ်။ လူထုပါဝင်နိုင်အောင် ဆောင်ရွက်ရာမှာတော့ ဒေသတွင်းပရဟိတလုပ်ငန်းများဆောင်ရွက်ခြင်းနဲ့ မိမိဆန္ဒအလျောက်လုပ်အားပေးခြင်း၊ ဒေသတွင်းအခြားအစီအစဉ်များမှာ ငွေကြေးထောက်ပံ့ခြင်းများပါရှိမှာ ဖြစ်ပါတယ်။ ကျင့်ဝတ်လိုက်နာရမယ့် ကုန်ပစ္စည်းများထုတ်လုပ်ရောင်းဝယ်ခြင်းများအဖြစ်လည်း CSR လုပ်ငန်းစဉ်မှာပါဝင်တာဖြစ်ပါတယ်။ အထက်ပါလုပ်ငန်းစဉ်များကိုကြည့်ရင် CSR ဟာ စီးပွားရေးလုပ်ငန်းဆိုင်ရာကျင့်ဝတ်ဖြစ်တဲ့ လုပ်ငန်းဆိုင်ရာမူဝါဒများ၊ လိုက်နာရမယ့်ဥပဒေများအပြင် ဥပဒေထက်သာလွန်တဲ့ လူမှုရေးကျင့်ဝတ်များပါဝင်နေတာကို တွေ့ရမှာဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ CSR ကိုအကျိုးစီးပွားမျှဝေမှုဖော်ဆောင်ခြင်းအဖြစ်နဲ့လည်း သတ်မှတ်ကြပါတယ်။ စီးပွားရေးလုပ်ငန်းသို့မဟုတ် ကုမ္ပဏီတစ်ခုဟာ မိမိအကျိုးအမြတ်အတွက်ဆောင်ရွက်ရင်း စီးပွားရေးနဲ့ဆက်စပ်တဲ့ လူမှုပြဿနာများကို ဖော်ထုတ်ဖြေရှင်းခြင်းအားဖြင့် ကုမ္ပဏီရဲ့အကျိုးစီးပွားကို ဖန်တီးရရှိခွင့်ရတာဖြစ်ပါတယ်။ ဥပမာ– ၂၀၀၂ ခုနှစ်၊ အိန္ဒိယနိုင်ငံရဲ့ပြည်နယ်ရှစ်ခုမှာ တစ်ကိုယ်ရေသန့်ရှင်းမှုအားနည်းတဲ့အတွက် Lifebuoy ဆပ်ပြာဟာ လူတစ်ကိုယ်ဆပ်ပြာတစ်တုံးကို တန်ဖိုးငွေ နှစ်ရူပီခန့်နဲ့ ပြည်သူလူထုများကိုရောင်းချပြီး တစ်ရက်လျှင်တစ်ကြိမ် ရက်ပေါင်း ၇၀ ခန့်လက်ဆေးကြောဖို့ လူထုပညာပေးခြင်းများကို အိမ်တိုင်ရာရောက်လှုပ်ရှားခဲ့ပါတယ်။ စီမံချက်ချပြီးနှစ်နှစ်အကြာမှာ Lifebuoy ဆပ်ပြာဟာ အိန္ဒိယနိုင်ငံမှာ ရောင်းအား ၂၀ ရာခိုင်နှုန်းမြင့်တက်လာပြီး ၁၀ နှစ်ကြာတဲ့အခါမှာ Lifebouy plus တစ်ကိုယ်ရေသန့်ရှင်းမှု၊ လှုပ်ရှားမှုများကို မြန်မာနိုင်ငံအပါအဝင် အာရှ၊ အာဖရိကနဲ့ လက်တင်အမေရိကနိုင်ငံပေါင်း ၁၆ နိုင်ငံမှာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ကုမ္ပဏီနဲ့လူမှုအဖွဲ့အစည်း နှစ်ရပ်စလုံးအကျိုးရှိမယ့် CSR လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ CSR ကို စီးပွားရေး အချိတ်အဆက်များဖော်ဆောင်ခြင်းဖြင့်လည်း ပုံဖော်လို့ရပါတယ်။ ဥပမာ–အသေးစား၊ အလတ်စား လုပ်ငန်းများထူထောင်ရာ ငွေထုတ်ပေးခြင်းနဲ့ ၎င်း SME များမှာ လုပ်သားများခန့်အပ်နိုင်ခြင်း၊ စီးပွားရေးလုပ်ငန်းများကိုဖော်ဆောင်လာခြင်းဟာ စီးပွားရေး အချိတ်အဆက်များ ပိုမိုဖော်ဆောင်လာတာ ဖြစ်ပါတယ်။ ဥပမာအားဖြင့် KBZ ဘဏ်မှ SME လုပ်ငန်းများအတွက် ဈေးကွက်နဲ့အံဝင်မယ့် ဖြေလျှော့မှုများနဲ့ ငွေထုတ်ပေးခြင်းလုပ်ငန်းများ၊ ဈေးကွက်အသစ်များကိုဖော်ဆောင်စေခြင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ဂျပန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊

စင်္ကာပူနိုင်ငံ၊ တရုတ်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ ထိုင်းနိုင်ငံတို့မှာ CSR အလေ့အထများပေါ်ပေါက်စေရန်အတွက် ညွှန်ကြားချက်များ၊ စည်းမျဉ်း၊ စည်းကမ်းများ ထုတ်ပြန်ဆောင်ရွက်နေပြီး အိန္ဒိယနိုင်ငံမှာတော့ CSR Law ကို ရေးဆွဲထုတ်ပြန်လိုက်နာစေခဲ့ပါတယ်။ ဒါပေမဲ့ ယခုထက်တိုင် အငြင်းပွားမှုများပေါ်ထွက်နေဆဲဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ CSR နဲ့ပတ်သက်ပြီး ရှင်းလင်းတဲ့မူဝါဒ၊ လမ်းညွှန်ချက်များမရှိဘဲ မြန်မာ့ရင်းနှီးမြှုပ်နှံမှုဥပဒေတွင်သာ ရည်ရွယ်ချက်တစ်ခုအနေနဲ့ ထည့်ထားတာ တွေ့ရပါတယ်။ ဒါကြောင့် နိဂုံးချုပ်အနေနဲ့ စီးပွားရေးလုပ်ငန်းများရဲ့အမှတ်တံဆိပ်နာမည်ကောင်းရရှိရေးနှင့် စီးပွားရေးရေရှည်တည်တံ့ခိုင်မြဲရေး၊ လူမှုလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေး၊ နှစ်ဦးနှစ်ဖက်ကောင်းစားရန်အတွက် အဓိကကျတဲ့ CSR လုပ်ငန်းစဉ်ကို ကောင်းမွန်တိကျသော မူဝါဒတစ်ရပ်ချမှတ်ပြီး ပွင့်လင်းမြင်သာစွာဆောင်ရွက်သင့်ပါကြောင်း ဒေါ်အေးမြမြမျိုး၏ အဆိုကို ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေဇင်လတ်ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်အေဇင်လတ်(ရွှေဘိုမဲဆန္ဒနယ်)**။ ။ လေးစားရတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မ ရွှေဘိုမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်အေဇင်လတ်ဖြစ်ပါတယ်။ အခုကျွန်မက ကျောက်တန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုးတင်သွင်းတဲ့ စီးပွားရေးလုပ်ငန်းများရဲ့လူမှုအကျိုးပြုလုပ်ငန်း(CSR)များ အကောင်အထည်ဖော်ရေးနှင့်စပ်လျဉ်းတဲ့အဆိုကို ပါဝင်ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ဒီလိုဆွေးနွေးတဲ့အခါမှာ ကျွန်မအနေနဲ့ CSR များအကောင်အထည်ဖော်ရာတွင် တိကျသည့်မူဝါဒချမှတ်ရန်ဆိုတဲ့အပိုင်းကို အကျယ်တဝံ့ထောက်ခံသွားချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ စီးပွားရေးလုပ်ငန်းများက လူမှုအကျိုးပြုလုပ်ငန်း(CSR)များကို လိုက်ပါအကောင်အထည်ဖော်ဖို့ဆိုရင် ပထမဦးဆုံးလိုအပ်တာကတော့ ဒီ CSR များဆောင်ရွက်ဖို့အတွက် ချမှတ်ထားတဲ့ဥပဒေပြဋ္ဌာန်းချက်များရှိဖို့နဲ့ ရှိပြီးဥပဒေများကိုလိုက်နာကြဖို့က အဓိကပဲလို့ မြင်ပါတယ်။ အဲဒီတော့ ဒီနေရာမှာလည်း ကျွန်မအိန္ဒိယနိုင်ငံရဲ့ CSR ဥပဒေကို ဥပမာပေးပြီး ဆွေးနွေးပါရစေ။ အဲဒီတော့ အိန္ဒိယနိုင်ငံဆိုတာကတော့ ကုမ္ပဏီလုပ်ငန်းစုတွေ၊ စီးပွားရေးလုပ်ငန်းတွေကို CSR ရန်ပုံငွေတွေသုံးစွဲပေးကြဖို့ အင်တိုက်အားတိုက်တောင်းဆိုခဲ့တဲ့ ပထမဆုံးသောနိုင်ငံများထဲမှာ ပါဝင်ခဲ့ပါတယ်။ အိန္ဒိယနိုင်ငံမှာ CSR ဥပဒေပြဋ္ဌာန်းချက်တွေကို ၂၀၁၄ ခုနှစ် ဧပြီလမှာ ပြဋ္ဌာန်းခဲ့ပါတယ်။ ဒီဥပဒေပြဋ္ဌာန်းချက်တွေအရ အိန္ဒိယကုမ္ပဏီများဟာ ၂၀၁၅–၂၀၁၆ ဘဏ္ဍာရေးနှစ်ကစတင်ပြီးတော့ CSR အသုံးစရိတ်တွေကို ပွင့်လင်းမြင်သာစွာ

ထုတ်ပြန်ပေးခဲ့ရ ပါတယ်။ ဒီအခါမှာ ဥပဒေမပြဋ္ဌာန်းခင်ကနဲ့နိုင်းယှဉ်ကြည့်မယ်ဆိုလို့ရှိရင် ကုမ္ပဏီလုပ်ငန်းစုတွေ၊ စီးပွားရေးလုပ်ငန်းများရဲ့ CSR အသုံးစရိတ်တွေဟာ ယခင်နှစ်တွေကထက်စာလို့ရှိရင် အဆပေါင်းများစွာပိုမိုတိုးတက်သုံးစွဲလာခဲ့ကြတာကို တွေ့ရ ပါတယ်။ ဒီအခါမှာ အိန္ဒိယစာနယ်ဇင်း မီဒီယာတွေကတောင် ရေးသားခဲ့ပါတယ်။ အငြင်းပွားမှုများရှိခဲ့ပေမယ့် CSR ဥပဒေဟာ အိန္ဒိယနိုင်ငံ မှာတော့ ယေဘုယျအားဖြင့် အောင်မြင်မှုရှိခဲ့ပြီလို့ မှတ်ချက်ပြုခဲ့ပါတယ်။ အဲဒီတော့ ဒါဟာ တခြားကြောင့်မဟုတ်ပါဘူး။ ဥပဒေစည်းနှောင်ခြင်းအားဖြင့် ရရှိလာတဲ့ CSR ရဲ့အကျိုးရလဒ် ကောင်းလို့ဆိုချင်ပါတယ်။

ဒီတော့ ကျွန်မတို့နိုင်ငံမှာရော CSR နဲ့သက်ဆိုင်တဲ့ ဥပဒေပြဋ္ဌာန်းချက်တွေမရှိဘူးလားဆို တော့ ရှိပါတယ်။ ၂၀၁၉ ခုနှစ် ဇန်နဝါရီလက ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၄)နဲ့ပြဋ္ဌာန်းခဲ့တဲ့ မြန်မာ့ကျောက်မျက်ရတနာဥပဒေရဲ့ အခန်း(၃) ပုဒ်မ ၃ ပုဒ်မခွဲ(ဝ)၊ အခန်း(၆) ပုဒ်မ ၂ ပုဒ်မခွဲ(၅)၊ အခန်း(၁၄) အထွေထွေပုဒ်မ ၅၊ ၆ ပုဒ်မခွဲ(က)၊ (ခ)၊ (ဂ)တို့ဟာ CSR နဲ့သက်ဆိုင်တဲ့ ဥပဒေ ပြဋ္ဌာန်းချက်တွေပဲဖြစ်ပါတယ်။ ဒါပေမဲ့ ၂၀၁၆ ခုနှစ်က မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနဲ့ ၂၀၁၇ ခုနှစ် က မြန်မာနိုင်ငံကုမ္ပဏီများဥပဒေမှာတော့ CSR ပြဋ္ဌာန်းချက်တွေကို မတွေ့ရပါဘူး။ ဒီတော့ ကျွန်မ အနေနဲ့ ပထမဦးဆုံးအကြံပြုချင်တာကတော့ စီးပွားရေးလုပ်ငန်းများသာ CSR ကိုလိုက်ပါ အကောင် အထည်ဖော်ဖို့အတွက် CSR ဥပဒေပြဋ္ဌာန်းချက်များကတော့ မဖြစ်မနေထည့်သွင်းပေးဖို့လိုပါကြောင်း ပထမဦးဆုံး အကြံပြုချင်ပါတယ်။ လေးစားရတဲ့ဥက္ကဋ္ဌကြီးရှင်။ ဆက်လက်ပြီး ဆွေးနွေး ချင်တာကလည်း မူဝါဒချမှတ်ရေးအပိုင်းပဲဖြစ်ပါတယ်။ နိုင်ငံတိုင်းနိုင်ငံတိုင်းကတော့ ဖြည့်ဆည်းရန် လိုအပ်ချက်တွေဆိုတာက အနည်းနဲ့အများရှိကြစမြဲပဲဖြစ်ပါတယ်။ ဒါပေမဲ့ တချို့လိုအပ်ချက်တွေ ကတော့ ရေတိုဖြည့်ဆည်းလို့ရပြီးတော့ တချို့လိုအပ်ချက်တွေကျကတော့လည်း ရေရှည် ဖြည့်ဆည်းမှသာရပါတယ်။ ကျွန်မဒီနေရာမှာအကြံပြုချင်တာကတော့ ရေရှည်ဖြည့်ဆည်းရမယ့် လုပ်ငန်းကိစ္စရပ်တချို့ကို CSR ရန်ပုံငွေနဲ့ဆောင်ရွက်ရတဲ့ လုပ်ငန်းစဉ်များအဖြစ် နိုင်ငံတော်က သတ်မှတ်လမ်းညွှန်ပေးစေလိုတာဖြစ်ပါတယ်။ ကျွန်မဒီနေရာမှာလည်း အိန္ဒိယနိုင်ငံကဆောင်ရွက်ခဲ့ တာလေးကိုပဲ ဥပမာထပ်ပေးချင်ပါတယ်။ ကျွန်မတို့အိန္ဒိယနိုင်ငံမှာဆိုလို့ရှိရင် ရောဂါအမျိုးမျိုး တိုက်ဖျက်ခြင်းနဲ့ ပညာရေးမြှင့်တင်ခြင်းလုပ်ငန်းများအတွက် CSR စုစုပေါင်း အသုံးစရိတ်ရဲ့ ၄၄ ရာခိုင်နှုန်းရှိရမယ်လို့ သတ်မှတ်ထားပါတယ်။ နောက်ကျွန်မတို့ ငတ်မွတ်ခေါင်းပါးခြင်းနှင့် ဆင်းရဲ နွမ်းပါးမှုတိုက်ဖျက်ခြင်းအတွက်ကတော့ CSR စုစုပေါင်းအသုံးစရိတ်ရဲ့ ခြောက်ရာခိုင်နှုန်းရှိရမယ်လို့

သတ်မှတ်ထားပါတယ်။ အဲဒီတော့ အိန္ဒိယနိုင်ငံက ဘာလို့ဒီလိုသတ်မှတ်ထားတာလဲ။ လေ့လာကြည့် လိုက်တဲ့အခါမှာ အဲဒီလိုသတ်မှတ်ခဲ့စဉ်အချိန်တုန်းက အိန္ဒိယနိုင်ငံမှာရှိတဲ့ ကလေးသူငယ် ၅၀ ရာခိုင်နှုန်းခန့်က ဆင်းရဲနွမ်းပါးမှုကြောင့် အာဟာရချို့တဲ့မှုခံစားနေရတာကို တွေ့ရပါတယ်။

လေးစားရတဲ့ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့နိုင်ငံမှာလည်း ငါးနှစ်အောက်ကလေးသေဆုံးနှုန်း လျှော့ချဖို့၊ မိခင်နဲ့ကလေးကျန်းမာရေးကိစ္စရပ်တွေဟာ ရေရှည်ဆောင်ရွက်ရမယ့်ကိစ္စရပ်တွေဖြစ်ပါ တယ်။ ဒါကြောင့်မို့လို့ ဒီလုပ်ငန်းစဉ်များကို CSR ရန်ပုံငွေနဲ့ဆောင်ရွက်ရတဲ့လုပ်ငန်းစဉ်များအဖြစ် နိုင်ငံတော်က မူဝါဒသတ်မှတ်ပြဋ္ဌာန်းပေးဖို့ ကျွန်မဒီနေရာကနေ တောင်းဆိုတာဖြစ်ပါတယ်။ လေးစားရတဲ့ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့နိုင်ငံမှာ CSR နဲ့ပတ်သက်ပြီးဆိုလို့ရှိရင် နောက်ထပ်မဖြစ်မနေလုပ်ရမယ့် လုပ်ငန်းစဉ်များလည်းရှိပါသေးတယ်။ အဲဒီထဲကတစ်ခုကို ပြရမယ် ဆိုရင် CSR ဆိုတာဘာလဲ။ စီးပွားရေးလုပ်ငန်းများရဲ့ လူမှုအကျိုးပြုလုပ်ငန်း CSR ဆိုတာ ဘာကို ခေါ်တာလဲ။ ဘယ်လိုလုပ်ငန်းတွေပါတာလဲ။ ဒီအတွက်ကိုရော နိုင်ငံတော်ကဘယ်လိုမူဝါဒတွေချမှတ် ထားသလဲ။ ဘယ်လိုဥပဒေပြဋ္ဌာန်းချက်တွေလည်းရှိထားသလဲ။ ဒါတွေကို ကျွန်မတို့ကပြည်သူလူထု ထံကို ကျယ်ကျယ်ပြန့်ပြန့်၊ နှံ့နှံ့စပ်စပ် အသိပညာပေးဖို့လည်း လိုအပ်ပါတယ်။ ဒီလိုအသိပညာပေးမှ သာလျှင် လူထုအနေနဲ့အခုလွဲမှားစွာမြင်သိနေတဲ့ CSR ဆိုတာ စီးပွားရေးလုပ်ငန်းများနဲ့စီးပွားရေး လုပ်ငန်းလုပ်ပိုင်ခွင့်ပေးနိုင်တဲ့ အစိုးရအဖွဲ့ဝင်တွေကြားမှာရှိတဲ့ အပေးအယူဆန်တဲ့အလှူဒါနတစ်ခု လည်းမဟုတ်ကြောင်း၊ သဒ္ဓါကြေးလည်းမဟုတ်ကြောင်း၊ ပုံစံဖြတ်ထားတဲ့ လာဘ်လာဘတစ်ခုလည်း မဟုတ်ကြောင်း၊ အမည်နာမပြောင်းလဲထားတဲ့လာဘ်ပေးမှုတစ်ခုလည်းမဟုတ်ကြောင်း ပြည်သူက နားလည်သဘောပေါက်လာမှာ ဖြစ်ပါတယ်။ ဒီလိုနားလည်သဘောပေါက်လာတာနဲ့အမျှ CSR ရန်ပုံငွေ နဲ့အသုံးစရိတ်တွေဘယ်လိုရှိတယ်ဆိုတာကို ပွင့်လင်းမြင်သာစွာထုတ်ပြန်ပေးဖို့ ပြည်သူလူထုက တောင်းဆိုတတ်လာမှာလည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ CSR ရန်ပုံငွေအကြောင်း အသိပညာပေးခြင်း လုပ်ငန်းဟာလည်း ကျွန်မတို့နိုင်ငံမှာမဖြစ်မနေဆောင်ရွက်ရမယ့်လုပ်ငန်းစဉ်ထဲမှာတော့ ထည့်သွင်းဖို့ လိုအပ်ပါကြောင်းပြောကြားရင်းနဲ့ ကျွန်မရဲ့ဆွေးနွေးထောက်ခံမှုကို ဒီမှာပဲနိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သက်သက်ခိုင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်သက်သက်ခိုင်(ဒဂုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး၊

ဒဂုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်သက်သက်ခိုင် ဖြစ်ပါတယ်ရှင်။ ကျွန်မအနေနဲ့ ကျောက်တန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုး တင်သွင်းတဲ့အဆိုကို ပါဝင်ဆွေးနွေးရခြင်းရည်ရွယ်ချက်ကတော့ စီးပွားရေးလုပ်ငန်းများအနေနဲ့ လူမှုရေးတာဝန်ယူခြင်းကို စနစ်တကျထိထိရောက်ရောက်အကောင်အထည်ဖော်နိုင်ခြင်းအားဖြင့် လူ့အသိုင်းအဝိုင်းက လေးစားတန်ဖိုးထားမှုကို ရရှိစေပြီး နိုင်ငံတော်အစိုးရအနေနဲ့လည်း လူမှုရေးတာဝန်ကို စွမ်းစွမ်းတမံထမ်းဆောင်တဲ့စီးပွားရေးလုပ်ငန်းများကို ချီးမြှောက်ခြင်းဖြင့် အားပေးကူညီစေလိုလို့ဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင်။ Corporate Social Responsibility(CSR) ဆိုတာ ကမ္ဘာ့ဘဏ်ရဲ့အဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီးပွားရေးလုပ်ငန်းများဟာ မိမိတို့ရဲ့ဝန်ထမ်း၊ လုပ်သားများ၊ ၎င်းတို့ရဲ့မိသားစုများ၊ ဒေသခံပြည်သူလူထု၊ လူ့အသိုင်းအဝိုင်းနှင့်အတူလက်တွဲပြီး ၎င်းတို့ရဲ့လူမှုဘဝ၊ အရည်အသွေးတိုးတက်စေခြင်းအပြင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းအားဖြင့် လူ့အသိုင်းအဝိုင်းရဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ကျဉ်းပေးခြင်းကို ဆိုလိုတာဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ကမ္ဘာမှာကျယ်ကျယ်ပြန့်ပြန့်ကျင့်သုံးလာတဲ့ Triple Bottom Line လို့ခေါ်တဲ့ စီးပွားရေးလုပ်ငန်းများမှ အနိမ့်ဆုံးလိုက်နာသင့်တဲ့အချက်သုံးရပ်ဖြစ်တဲ့ PPP ကိုလည်း ဆွေးနွေးလိုပါတယ်ရှင်။ ပထမ P ကတော့ People ဖြစ်ပြီး စီးပွားရေးလုပ်ငန်းများလည်ပတ်ရာမှာ အကျိုးစံင် သက်ဆိုင်တဲ့ ဝန်ထမ်း၊ စားသုံးသူ၊ ဖောက်သည်၊ ထုတ်လုပ်သူ၊ ကုန်ကြမ်း သို့မဟုတ် ကြားခံကုန်ကြမ်းထုတ်လုပ်ရောင်းချသူ၊ ဝန်ဆောင်မှုပေးသူကဲ့သို့သော စီးပွားရေးမိတ်ဖက်များနဲ့ စီးပွားပြိုင်ဘက်များအပါအဝင် လူ့အသိုင်းအဝိုင်းတစ်ခုလုံးကို အလေးထားခြင်းပဲဖြစ်ပါတယ်။ ဒုတိယ P ကတော့ Planet စီးပွားရေးလုပ်ငန်းများက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရာမှာ တက်ကြွစွာပါဝင်ခြင်းအားဖြင့် မိမိတို့နေထိုင်တဲ့ကမ္ဘာမြေကြီးကို ဝိုင်းဝန်းထိန်းသိမ်းကြဖို့ ဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်းများအနေနဲ့ စီးပွားရေးအကျိုးအမြတ်နဲ့ လူမှုရေးတာဝန်ယူမှုကို ချိန်ခွင်လျှာညှိဖို့လည်း အရေးကြီးပါတယ်ရှင်။ အဲဒါကြောင့် တတိယ P ကတော့ Profit အမြတ်အစွန်းဖြစ်ပြီး စီးပွားရေးလုပ်ငန်းများအနေနဲ့ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးခြင်း၊ နိုင်ငံတော်အား အခွန်အခပေးဆောင်ခြင်းတို့ကို ဆောင်ရွက်နိုင်ဖို့ ရေရှည်တည်တံ့ဖို့လည်းအရေးကြီးပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ စီးပွားရေးလုပ်ငန်းများရဲ့လူမှုရေးဆိုင်ရာတာဝန်ယူမှုကို စနစ်တကျနားလည်ပြီး လက်တွေ့ကျကျအကောင်အထည်ဖော်ခြင်း အဆင့်ဆင့်ကို ဆွေးနွေးလိုပါတယ်။ ပထမဦးဆုံးအဆင့်ကတော့ စီးပွားရေးအရတာဝန်ရှိမှုဖြစ်ပြီး စီးပွားရေးလုပ်ငန်းများဟာ မိမိခြေထောက်ပေါ်မိမိရပ်တည်နိုင်ဖို့ အမြတ်အစွန်းရအောင်ဆောင်ရွက်တဲ့အခါ အမြတ်ရရုံသာဆောင်ရွက်နေတာ

မဟုတ်ဘဲ ဈေးကွက်နဲ့လူမှုအသိုင်းအဝိုင်းကလိုအပ်တဲ့ ကုန်ပစ္စည်းနဲ့ဝန်ဆောင်မှုမျိုးပေးခြင်းဖြင့် လူ့အသိုင်းအဝိုင်းအား အကျိုးပြုခြင်းအပြင် လုပ်ငန်းအောင်မြင်တာနဲ့အမျှ အလုပ်အကိုင်အခွင့်အလမ်းတိုးတက်ဖြစ်ထွန်းခြင်းကြောင့် တစ်ဦးချင်းဝင်ငွေမြင့်မားလာခြင်း၊ တစ်ဦးချင်းဝင်ငွေခွန်ပေးဆောင်မှု တိုးတက်များပြားလာနိုင်ခြင်းနဲ့ စီးပွားရေးလုပ်ငန်းများမှ အခွန်ပမာဏပိုမိုထမ်းဆောင်နိုင်ခြင်းဆိုတဲ့ ကောင်းကျိုးများကို စီးပွားရေးအောင်မြင်တာနဲ့အမျှ ကျွဲကူးရေပါသယ်ပိုးလာနိုင်မှာဖြစ်ပါတယ်။ ဒုတိယအဆင့်အနေနဲ့ ဥပဒေလိုက်နာခြင်းဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုများရဲ့ သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုဆန်းစစ်ချက်(EIA)၊ လူမှုဝန်းကျင်အပေါ်သက်ရောက်မှုဆန်းစစ်ချက်(SIA)စတဲ့ ဥပဒေအရလိုအပ်ချက်များကို လိုက်နာဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ တတိယအဆင့်အနေနဲ့ ကျင့်ဝတ်နဲ့အညီ စီးပွားရှာဖွေခြင်းဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်းများဟာ လူမှုပတ်ဝန်းကျင်ကိုအကျိုးပြုမယ့် စံတန်ဖိုးများနဲ့ကျင့်ဝတ်များကို ချမှတ်ဆောင်ရွက်ကြရပါတယ်။ ဥပမာ-မိမိတို့စီးပွားရေးလုပ်ငန်းဆောင်ရွက်ရာမှာ တရားမျှတမှု၊ သာတူညီမျှမှု၊ ဘက်မလိုက်မှု၊ ကျားမတန်းတူမှု၊ လူတစ်ဦးချင်းစီရဲ့ ဂုဏ်သိက္ခာကိုလေးစားမှု၊ လူ့အသိုင်းအဝိုင်းမှလူမှုရေးအရတောင်းဆိုမှုတွေကို ကျင့်ဝတ်အရလိုက်နာဆောင်ရွက်မှုတို့လည်း ပါဝင်ပါတယ်။ နောက်ဆုံးအဆင့်အနေနဲ့ စီးပွားရေးလုပ်ငန်းများက မိမိတို့တတ်နိုင်သလောက် လူမှုရေးတာဝန်ယူခြင်းကို ဆိုလိုတာဖြစ်ပါတယ်ရှင်။ ဥပမာအားဖြင့်ပြောရရင် အမြတ်ငွေထဲမှ စာသင်ကျောင်း၊ ဆေးရုံဆောက်လုပ်လှူဒါန်းခြင်း၊ မိဘမဲ့ကလေးများအား ကူညီထောက်ပံ့ခြင်း၊ လူသားချင်းစာနာထောက်ထားတဲ့အကူအညီများပေးအပ်ခြင်း၊ သောက်သုံးရေရရှိရေးဆောင်ရွက်ပေးခြင်း၊ သဘာဝပတ်ဝန်းကျင်မပျက်စီးအောင်ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ မသန်စွမ်းသူများ အလုပ်အကိုင်ရရှိစေခြင်း၊ သဘာဝပတ်ဝန်းကျင်မထိခိုက်စေတဲ့ ကုန်ပစ္စည်းများထုတ်လုပ်ခြင်း၊ လူထု ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ အချုပ်အားဖြင့်ပြောရရင် စီးပွားရေးလုပ်ငန်းများ လူမှုရေးတာဝန်ထမ်းဆောင်ခြင်းရဲ့ အကျိုးရလဒ်အနေနဲ့ လူမှုအသိုင်းအဝိုင်းအတွင်း ဂုဏ်သတင်းမွေးပျံ့ပြီး ပြည်သူလူထုနဲ့စားသုံးသူများရဲ့ လေးစားယုံကြည်မှုရရှိခြင်း၊ စားသုံးသူအခြေတိုးတက်ဖြစ်ထွန်းခြင်း၊ ရောင်းရငွေပမာဏမြင့်တက်ခြင်း၊ မတည်ငွေရင်းရလွယ်ခြင်း၊ လုပ်ငန်းပိုမိုထိရောက်ကျစ်လျစ်ခြင်း၊ စီးပွားရေးအရစွန့်စားရမှုအန္တရာယ်လျော့ကျခြင်း ဆိုတဲ့ အကျိုးရလဒ်တွေဆောင်ကြဉ်းနိုင်မှာဖြစ်လို့ စီးပွားရေးလုပ်ငန်းများအနေနဲ့ လူမှုရေးတာဝန်ယူခြင်းကို စီးပွားရေးမဟာဗျူဟာထဲမှာ ထည့်သွင်းရေးဆွဲပြီး CSR ဆောင်ရွက်ချက်များကို အများပြည်သူ

သိရှိလာအောင် စနစ်တကျအစီရင်ခံတင်ပြနိုင်ဖို့တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးနေလင်းထွန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးနေလင်းထွန်း(ဘုတ်ပြင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ ဘုတ်ပြင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးနေလင်းထွန်း ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ ဒေါ်အေးမြမြမျိုး၊ ကျောက်တန်း မဲဆန္ဒနယ် တင်သွင်းတဲ့အဆိုကို ကျွန်တော့်ဒေသတွင်းရှိ စီးပွားရေးလုပ်ငန်းကြီးများရဲ့ လူမှုအကျိုးပြု လုပ်ငန်း(CSR)ဆောင်ရွက်နေမှုအားနည်းချက်များနှင့် လိုအပ်ချက်အခြေအနေများကို ထောက်ပြ အကြံပြုရင်း ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ အဓိကစီးပွားရေး ကုမ္ပဏီကြီးများကတော့ ဆီအုန်းစိုက်ပျိုးရေးကုမ္ပဏီများ၊ ပုလဲမွေးမြူရေး ကုမ္ပဏီကြီးများနှင့် ရေလုပ်ငန်းနှင့်ပတ်သက်တဲ့ ကုမ္ပဏီများဖြစ်ပါတယ်။ ကုမ္ပဏီအများစုကတော့ CSR စီမံချက်ဆိုပြီး ပွင့်လင်းမြင်သာမှုရှိရှိနဲ့ သီးခြားထုတ်ပြန်ပြီး စနစ်တကျဆောင်ရွက်ပေးနေတာမျိုးကို မတွေ့ရပါဘူး။ စီးပွားရေးလုပ်ဆောင် နေသူအများစုဟာ လူထုကြားနာမည်ကောင်းရဖို့အတွက် ပေါ်ပင်အလှူ အတန်းများလုပ်ပြီး မီဒီယာ အပေါ်မှာ ကျယ်ကျယ်ပြန့်ပြန့်ပါဝင်နိုင်ဖို့ အဓိကဖြစ်နေကြပါတယ်။ ဒေသဆိုင်ရာအုပ်ချုပ်ရေး အဖွဲ့အစည်းတွေရဲ့အလှူခံနဲ့ သင်္ကြန်ပွဲ၊ ဘောလုံးပွဲ၊ ဒေသဆိုင်ရာပျော်ပွဲရွှင်ပွဲ၊ အခမ်းအနားများနှင့် နာမည်ကောင်းရနိုင်တဲ့ အလှူအတန်းအချို့ ပြုလုပ်ရင်း CSR ခေါင်းစဉ်ကို အလွဲအသုံးပြုနေတာကို တွေ့ရပါတယ်။

အဆိုရှင်တင်ပြခဲ့သလို ရိုးသားမှု၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုမရှိရင် CSR ရန်ပုံငွေဟာ နိုင်ငံရေးအလွဲသုံးမှု၊ အကျင့်ပျက်ချစားမှု၊ အဂတိလိုက်စားမှုတွေကို ဖြစ်ပေါ်လာနိုင်ပါတယ်။ ကုမ္ပဏီ များအနေနဲ့ CSR လုပ်ငန်းများကို တာဝန်သိသိ၊ ပွင့်လင်းမြင်သာမှုရှိရှိနဲ့ဆောင်ရွက်ကြမယ်ဆိုရင် ကုမ္ပဏီများအတွက်ရော၊ ဒေသခံပြည်သူလူထုအတွက်ရော အကျိုးရှိကြမှာအမှန်ဖြစ်ပါတယ်။ ဆီအုန်းပင်များ ကောင်းသော၊ သိန်းချီစိုက်ပျိုးနိုင်ရန်အတွက် အပူပိုင်းမိုးသစ်တောကြီးကို အပြောင်ရှင်းခုတ်ထွင်ရှင်းလင်းခဲ့တဲ့အတွက် ဒေသတွင်းအပူချိန်မြင့်တက်ခြင်း၊ ရေစီးရေလာ ပြောင်းလဲပြီး ရေကြီးရေလျှံမှုများဖြစ်ပေါ်ခြင်း၊ ဒေသအတွင်း တိရစ္ဆာန်မျိုးရင်းများနေထိုင် စားသောက်ရန် နယ်မြေကျဉ်းမြောင်းသွားပြီး လူနေဒေသများအထိ ရှာဖွေစားသောက်နေရခြင်း၊

ဘုတ်ပြင်းမြို့နယ်တွင် ဆင်နှင့်ဆင်နင်းအန္တရာယ်ဟာ ပိုပြီးဆိုးဝါးလာခြင်း၊ မြေသြဇာ၊ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးများအလွန်အကျွံသုံးစွဲခြင်းနှင့် ဆီအုန်းစက်ရုံများမှစွန့်ထုတ်တဲ့ အညစ်အကြေးများကြောင့် သားငါးတိရစ္ဆာန်များရှားပါးလာခြင်းစသဖြင့် သဘာဝပတ်ဝန်းကျင်ကို ကြီးမားစွာထိခိုက်ပျက်စီးစေခဲ့ပါတယ်။ ဧကသောင်း၊ သိန်းချီရယူစိုက်ပျိုးခဲ့တဲ့အတွက် ဒေသခံတို့ စိုက်ပျိုးလုပ်ကိုင်စားသောက်ရန် မြေနေရာများနည်းပါးသွားခဲ့ရပါတယ်။ ဒီအခြေအနေအားလုံး အပေါ်မှာ ဆီအုန်းကုမ္ပဏီများအနေနဲ့ တာဝန်ယူမှု၊ တာဝန်ခံမှုရှိရှိနဲ့ CSR လုပ်ငန်းကို စီမံချက်များ ရေးဆွဲပြီး ဒေသခံပြည်သူလူထုရဲ့နစ်နာနေမှုကို ပြန်လည်ကုစားပေးဖို့လိုပါတယ်။ ဒါမှသာ ကုမ္ပဏီများနဲ့ပြည်သူလူထုကြား ယုံကြည်မှုနဲ့ချစ်ကြည်ရင်းနှီးမှုကို ပြန်လည်ရရှိနိုင်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဘုတ်ပြင်းမြို့နယ်၊ အလယ်မာန်ကျေးရွာအုပ်စု၊ လငန်းကျေးရွာရှိ ဆလုံ (မော်ကင်း)တိုင်းရင်းသားလူမျိုးစုလေးမှာလည်းပဲ တိုးချဲ့လာတဲ့ပုလဲမွေးမြူရေးလုပ်ငန်းများကြောင့် ၎င်းတို့ရှင်သန်မှီခိုရာ အသက်မွေးဝမ်းကျောင်းပြုရန်နေရာများကို စွန့်ခွာရမယ့်အခြေအနေများနဲ့ ကြုံတွေ့နေကြရပါတယ်။ ၎င်းဆလုံတိုင်းရင်းသားများဟာ ယခင်က ပုလဲကျွန်း(ခေါ်)အိုအင်ကျွန်းမှာ နေထိုင်ခဲ့ပြီး ပုလဲခိုးယူသည်ဟူသော စွပ်စွဲချက်ရဲ့ ၁၉၇၀ ခုနှစ်တွင်တစ်ကြိမ် မောင်းထုတ်ခံခဲ့ရ ပါတယ်။ ထို့နောက် စကောကျွန်း၊ ဇင်ရော်ကျွန်းကိုပြောင်းရွှေ့ခဲ့ရပါတယ်။ ၁၉၉၂ ခုနှစ်တွင် ၎င်းကျွန်းတွင် ပုလဲမွေးမြူရန်အကြောင်းပြချက်ဖြင့် ထပ်မံမောင်းထုတ်ခံခဲ့ရပြီး ယခုနောက်ဆုံး လငန်းကျွန်းတွင် အခြေချနေထိုင်ခဲ့ကြတာဖြစ်ပါတယ်။ ယခုအခါ မြန်မာတာဆာကီကုမ္ပဏီမှ လုပ်ငန်းတိုးချဲ့ရန်ဆောင်ရွက်လာသဖြင့် နောက်ထပ်ပြောင်းရွှေ့ရန်နေရာမရှိတော့ဘဲ ထိုင်းနိုင်ငံကို ပြောင်းရွှေ့နေထိုင်ကြရန် စဉ်းစားနေကြရပြီဖြစ်ကြောင်း ဝမ်းနည်းဖွယ်ကြားသိရပါတယ်။ မြန်မာ တာဆာကီကုမ္ပဏီတိုးချဲ့လုပ်ကိုင်ခဲ့တဲ့ စောမွန်လှကျွန်း ဒေသအခေါ် န္တားလဘို့ကျွန်းမှာ ဆလုံလူမျိုး များ မိုးတွင်းအခါ လှိုင်းလေခိုပြီး လုပ်ကိုင်စားသောက်ရတဲ့နေရာ ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးများကာကွယ်စောင့်ရှောက်သည့်ဥပဒေအရ တိုင်းရင်းသား လူမျိုးများ၏ ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ စီမံကိန်းကြီးများ၊ စီးပွားရေးလုပ်ငန်း ကြီးများ၊ သယံဇာတထုတ်ယူသုံးစွဲခြင်းလုပ်ငန်းများ၊ အကောင်အထည်ဖော် ဆောင်ရွက်မည်ဆိုပါက စီမံကိန်းအကြောင်းအရာများကို သက်ဆိုင်ရာဌာနေ တိုင်းရင်းသားလူမျိုးများအား ပြည့်စုံတိကျစွာ ကြိုတင်ချပြအသိပေးညှိနှိုင်းဆောင်ရွက်ရမည်ဟု ပါရှိပါတယ်။

သို့ပါသော်လည်း စောမွန်လှကျွန်းတွင် အဆောက်အဦများဆောက်လုပ်မှသာ ဒေသခံဆလုံ လူမျိုးများသိရှိပြီးတော့ ပဋိပက္ခဖြစ်ကြရပါတယ်။ ပုလဲမွေးမြူထုတ်လုပ်ရေးလုပ်ငန်းဟာ တခြား

တွင်းထွက်သယံဇာတထုတ်ယူတဲ့ လုပ်ငန်းတွေလိုမျိုး သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိဘဲ ကုန်ဆုံးသွားခြင်းလည်းမရှိသလို စဉ်ဆက်မပြတ်မွေးမြူထုတ်လုပ်နိုင်သည့် ထုတ်ကုန်သယံဇာတ အမျိုးအစားဖြစ်တဲ့အတွက် နိုင်ငံတော်အတွက် အကျိုးရှိတဲ့လုပ်ငန်းဖြစ်ပါတယ်။ ဒါပေမဲ့ တစ်ဖက် လူနည်းစုတိုင်းရင်းသားဆလုံလူမျိုးများရဲ့ အသက်မွေးဝမ်းကျောင်းပြုရာနေရာကိုလည်း လုယူသလိုမျိုး ဖြစ်နေပါတယ်။ နိုင်ငံတော်ရဲ့စီးပွားရေးအရ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ(NECC)၏ (၁/၂၀၂၀) အစည်းအဝေးဆုံးဖြတ်ချက်အရ ဒေသခံများရေရှည်တည်တံ့သောဝင်ငွေ(Sustainable Income) ရနိုင်မည့်စီမံချက်များဆောင်ရွက်ပေးနိုင်ရန် ဒေသခံဆလုံရွာ၊ မြန်မာတာဆာကီကုမ္ပဏီနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့အကြား ညှိနှိုင်းအကောင်အထည်ဖော်ဆောင်ရွက်ရန် မြန်မာ့ပုလဲလုပ်ငန်း နည်းဥပဒေအခန်း(၉) ပုဒ်မ ၃၈ အရ CSR စီမံချက်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီး ဆောင်ရွက်ရမည်ဟု ဆုံးဖြတ်ညွှန်ကြားထားကြောင်း သိရှိရပါတယ်။ ကျွန်တော် ၂-၇-၂၀၂၀ ရက်နေ့ က လငန်းကျေးရွာကိုရောက်ရှိခဲ့ပြီး လငန်းရွာနဲ့ မြန်မာတာဆာကီကုမ္ပဏီတို့အကြား ချုပ်ဆိုထားတဲ့ သဘောတူစာချုပ် CSR စီမံချက် Sustainable Income Plan တွေိကိုတော့ ကျွန်တော် လေ့လာ ဖတ်ရှုခွင့်ရရှိခဲ့ပါတယ်။ NECC ရဲ့ ဆုံးဖြတ်ညွှန်ကြားချက်များအတိုင်း ပွင့်လင်းမြင်သာမှုရှိရှိနဲ့ တိတိကျကျဆောင်ရွက်ပေးမယ်ဆိုရင်တော့ ဒေသခံဆလုံတိုင်းရင်းသားများ မြန်မာတာဆာကီ ကုမ္ပဏီအပေါ်မှာ အမြင်ပြောင်းလဲလာနိုင်စရာရှိပါတယ်။ ၁၄-၇-၂၀၂၀ ရက်နေ့ထုတ် The Voice သတင်းစာမျက်နှာဖုံးသတင်းမှာ တနင်္သာရီတိုင်းဒေသကြီးအတွင်း အမေရိကန်ဒေါ်လာ ၁၁၅ သန်း တန်ဖိုးရှိ ပုစွန်မွေးမြူအေးခဲတင်ပို့/ရောင်းချခြင်းလုပ်ငန်းလုပ်ကိုင်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တစ်ခုကို ခွင့်ပြုပေးလိုက်ကြောင်း ရင်းနှီးမြှုပ်နှံမှုကော်မရှင်ထံမှသိရဆိုတဲ့သတင်းတစ်ပုဒ်ကို ဖတ်လိုက်ရပါတယ်။ မြန်မာ့ပင်လယ်ပြင်မှာ ရေသယံဇာတများ တဖြည်းဖြည်းရှားပါးလာနေတဲ့ အတွက် ရေသယံဇာတများ မွေးမြူထုတ်လုပ်မယ့် ရင်းနှီးမြှုပ်နှံသူဖြစ်လို့ ကြိုဆိုရမှာဖြစ်ပါတယ်။ ဒါပေမဲ့ ပုစွန်မွေးမြူရေးလုပ်ငန်းများ ကြီးမားစွာလုပ်ကိုင်ဆောင်ရွက်မယ်ဆိုရင် ပုစွန်မွေးကန် အများအပြားတူးဖော်ဖို့အတွက် ဒီရေတောဧရိယာ အများအပြားခုတ်ထွင်ရှင်းလင်းဖို့ လိုအပ်လာမှာ ဖြစ်ပါတယ်။ လက်ရှိလည်း ပုစွန်မွေးကန်အချို့ပြုလုပ်နေကြပြီး ဒီရေတောများအပြောင်ရှင်းပြီး ဆောင်ရွက်နေမှုကြောင့် ဒီရေတောကိုမှီခိုလုပ်ကိုင်စားသောက်နေရတဲ့ လက်လုပ်လက်စားများနဲ့ ဒေသခံများရဲ့မကျေမနပ်ပြောဆိုသံများကိုလည်း ကြားသိနေရပါတယ်။

[ဆွေးနွေးရန် သတ်မှတ်ချိန်ပြည့်သဖြင့် မိုက်ပိတ်သွားပါသည်။]

**ဥက္ကဋ္ဌ**။ ။ မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးဦးလှစော(မြောက်ဦးမဲဆန္ဒနယ်)**။ ။ လွှတ်တော်ဥက္ကဋ္ဌနှင့်အားလုံးကို လေးစားပါတယ်။ ကျွန်တော့်အမြင်ကတော့ ဒေါ်အေးမြမြမျိုးရဲ့အဆိုဟာ ကျွန်တော်တို့ နိုင်ငံတည်ဆောက်ရေး အတွက် တကယ်လည်းလိုအပ်တယ်။ တန်ဖိုးရှိတဲ့အဆိုလည်းဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော် ဆွေးနွေးတယ်။ လွှတ်တော်ကြီးကလည်း ဒါကို အလေးအနက်ထားပြီး အတည်ပြုပေးနိုင်လိမ့်မယ်လို့ ယူဆပါတယ်။ ဒေါ်အေးမြမြမျိုးရဲ့ဧရိယာ သန်လျင်၊ ကျောက်တန်းဆိုတာဟာ ကျွန်တော်တို့ စီးပွားရေးဇုန်ကြီးတွေရှိတဲ့ ဧရိယာပါ။ သီလဝါစီးပွားရေးဇုန်လို နိုင်ငံတကာမျက်စိကျနေတဲ့ ဧရိယာတစ်ခုဖြစ်ပါတယ်။ ဖွံ့ဖြိုးဖို့အလားအလာကောင်းတဲ့ ဧရိယာရှိတယ်။ အဲဒီတော့ ဒီနေရာမှာ ဒီထဲမှာပါတဲ့ စီးပွားရေးလုပ်ငန်းလို့ပြောတာကတော့ အဲဒီလို ဘီယာဆိုင်၊ ရွှေဆိုင်၊ ကွမ်းယာဆိုင် ကိုပြောတာ မဟုတ်ဘူးလို့ ကျွန်တော်နားလည်ပါတယ်။ ဒီဟာက တကယ့် Corporation ကြီးတွေ၊ နိုင်ငံတကာ Corporation ကြီးတွေဟာ အဲဒီလိုဒေသတွေမှာ စီးပွားရေးလာလုပ်တဲ့အခါမှာ ကျွန်တော်တို့က တိုးတက်မှုကို မျှော်လင့်ပေမယ့် လောလောဆယ်မှာ ပြည်သူတွေရဲ့ ဆင်းရဲခြင်း၊ ဒုက္ခဝေဒနာတွေ၊ စိတ်ပင်ပန်းဆင်းရဲမှုတွေကို မြင်ရတယ်။ မြင်ရတဲ့အခါမှာ အဲဒါတွေကို ကာကွယ် ပေးဖို့ အစီအမံတွေလိုပါတယ်။ အဲဒါကို တာဝန်သိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တစ်ယောက်အနေနဲ့ ဒီအဆိုကိုတင်လာတယ်လို့လည်း ကျွန်တော်ခံစားမိပါတယ်။ ဒါမျိုးတွေက သန်လျင်၊ ကျောက်တန်းတစ်ခုတည်းမှ မဟုတ်ဘူး။ မြန်မာနိုင်ငံ တိုင်းဒေသကြီးနှင့်ပြည်နယ်အနှံ့ ဒီ Corporation ကြီးတွေ၊ နိုင်ငံတကာ Corporation ကြီးတွေ၊ ရင်းနှီးမြှုပ်နှံမှုတွေလာတဲ့ နေရာတိုင်း လိုလို ပြဿနာတွေရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ရခိုင်ပြည်နယ် အတွေ့အကြုံဆိုလို့ရှိရင်လည်း ၂၀၁၀ ခုနှစ် မတိုင်ခင်တုန်းက Gas ပိုက်လိုင်းကြီးလုပ်တယ်။ အဲဒီမှာ ဒေသဆိုင်ရာ အငြင်းပွားမှုတွေ အများကြီးနဲ့ ထိခိုက်မှုတွေရှိတယ်။ တိုးတက်မှုမရှိဘူးလားဆိုတော့ ဒါက တိုင်းပြည်အတွက် တိုးတက်မှုရှိတယ်။ အခွန်အကောက်တွေရတယ်။ ဘာတွေညာတွေရတာရှိတယ်။ ဒါပေမဲ့ နောက်ဆက်တွဲပြဿနာတွေရှိတယ်။ နောက်တစ်ကြိမ် ၂၀၁၀ ခုနှစ်နောက်ပိုင်းမှာ အဲဒီ Gas Tanker၊ ရေနံ Tanker ကြီးတွေဝင်ဖို့အတွက် သင်္ဘောဆိပ်တည်ဆောက်တယ်။ မဒေးကျွန်းမှာ အဲဒီမှာတင် ရေနံကန်ကြီးတွေ ဆောက်ထားတယ်။ အဲဒီရေနံတွေကို တရုတ်ပြည်ပို့တဲ့ပိုက်လိုင်းရှိတယ်။ အဲဒီလို လုပ်တဲ့အတွက်ကြောင့် အဲဒီဒေသဟာ ဖွံ့ဖြိုးတိုးတက်လာသလားဆိုတော့ လုပ်ငန်းကြီးတစ်ခုပဲ ပိုလာတာရှိတယ်။ ကျွန်တော်တို့ပြည်သူတွေအနေနဲ့ ဘာမှမခံစားဘူး။ သိသိသာသာ၊ မယ်မယ်ရရ Infrastructure တိုးတက်မှုလည်း ဘာမှလည်းမရှိဘူး။ ဆိုလိုတဲ့သဘောက Corporate Social

Responsibility ကို အဲဒီနိုင်ငံတကာကုမ္ပဏီကြီးတွေဟာ တန်ဖိုးမထားကြဘူး။ တန်ဖိုးမထားတော့ ကျွန်တော်တို့ပြည်သူလည်းမခံစားရဘူး။ အဲဒီတော့ နိုင်ငံရဲ့သိက္ခာလည်းထိခိုက်တယ်လို့ ကျွန်တော်မြင်တယ်။ နိုင်ငံထိခိုက်တယ်ဆိုတာ ဒီလိုဆင်းရဲတဲ့နိုင်ငံတစ်ခုမှာ ငါတို့စီးပွားရေးလာလုပ်တဲ့အပေါ်မှာ ဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုကော်မရှင်တို့နဲ့အဆင်ပြေသွားပြီဆိုပြီးတော့ အောက်ခြေမှာဆင်းရဲနွမ်းပါးတဲ့ပြည်သူတွေကို စာနာတရားမရှိဘဲနဲ့ လူလိုသူလိုမဆက်ဆံဘဲ လုပ်ချင်တိုင်းလုပ်တာတွေကို ကျွန်တော်တို့ခွင့်ပြုထားမယ်ဆိုလျှင် နိုင်ငံ့သိက္ခာလည်းအများကြီး ထိခိုက်ပါတယ်။ အဲဒီတော့ မလိုအပ်ဘဲနဲ့ အဲဒီဒေသတွေမှာ စက်ရုံ၊ အလုပ်ရုံကြီးတွေ ပေါ်လာတယ်။ ခေတ်မီတဲ့ယန္တရားကြီးတွေပေါ်လာပေမဲ့ ပြည်သူတွေ ဆင်းရဲနွမ်းပါးတယ်ဆိုလို့ရှိရင်တော့ မလိုအပ်တဲ့ Social Responsibility အများကြီးပေါ်လာနိုင်တယ်။ ဒီဟာတွေကို တာဝန်သိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်က လေးလေးနက်နက်တင်ပြတာကို ကျွန်တော်က လေးလေးနက်နက်ထားပြီး ဒါကိုအခိုင်အမာလုပ်ပေးမယ်ဆိုရင် အောက်ခြေမှာရှိတဲ့ ပြည်သူတွေရဲ့ဖွံ့ဖြိုးတိုးတက်မှုလည်း အထောက်အကူပြုတယ်။ နိုင်ငံ့ဂုဏ်သိက္ခာလည်းကောင်းတယ်။

အဲဒီတော့ တကယ့် Corporation ဆိုတာက သဘောထားဆိုးတဲ့သူလည်းပါမယ်။ ယုတ်တဲ့သူလည်းပါတယ်။ ကောင်းတဲ့သူလည်းပါမယ်။ အဲဒီတော့ ယုတ်တဲ့သူလည်း ငြိမ်သွားအောင်၊ ကောင်းတဲ့သူလည်း ပိုကောင်းသည်ထက်ကောင်းအောင်အတွက် ဒီဟာကြီးကိုမူဝါဒ(Policy)နဲ့ လုပ်ပေးနိုင်မယ်ဆိုရင် တိုင်းပြည်အတွက် အကျိုးရှိပါတယ်။ ဒီအဆိုရဲ့ Logically အစမှာ တိကျသည့် မူဝါဒချမှတ်ပြီးဆိုတာ တိကျသည့်မူဝါဒ ကျွန်တော်တို့မှာမရှိသေးဘူး။ ဒေသခံပြည်သူများ ပါဝင် နိုင်သောနည်းလမ်းများဖြင့်ဆိုတာ ဒါလည်းမရှိသေးဘူး။ နောက်တစ်ခုက ပွင့်လင်းမြင်သာမှုမရှိတဲ့ အတွက်ကြောင့်မို့လို့ ဒါကို တင်ပြရတာပဲ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ရခိုင်ပြည်နယ် အတွေ့အကြုံပဲပြောရမယ်ဆိုလို့ရှိရင် အခုနကပြောတဲ့ တရုတ်ပြည်ကလုပ်ငန်းကြီးတွေ ရခိုင် ပြည်နယ်မှာ ရှိပါတယ်။ အဲဒီတော့ ဒါကိုရခိုင်ပြည်သူတွေက မခံစားရဘူး။ အဲဒီမဒေးကျွန်းဒေသမှာ ရှိတဲ့ သာမန်ကျေးလက်လူမှုစီးပွားရေးလုပ်ငန်းတွေတောင် ပျက်သွားတယ်။ အဲဒီလူတွေက ပျက်သွားပြီးတော့ အလုပ်သမားဖြစ်လာလားဆိုတော့ အလုပ်သမားလည်းမဖြစ်ဘူး။ အဲဒီတော့ ဒါဟာကောင်းတဲ့လက္ခဏာမဟုတ်ပါဘူး။ အဲဒါကို အစိုးရမှာလည်း တာဝန်ရှိပါတယ်။ ကျွန်တော်တို့ လွှတ်တော်မှာလည်း တာဝန်ရှိတယ်။ အဲဒီတော့ ဒီအဆိုကို ကျွန်တော်တို့ အခိုင်အမာ တည်ဆောက်ပြီးတော့ အကောင်အထည်ဖော်ရမှာ ဖြစ်ပါမယ်။ ကျွန်တော်တို့ ကြုံလို့ Delegation တစ်ခုနဲ့ တရုတ်ပြည်ကိုရောက်တဲ့အခါမှာလည်း တရုတ်ပြည်က

International Department က အရာရှိတာဝန်ခံ DG နဲ့တွေ့တဲ့အခါမှာ ကျွန်တော်တို့ပြောတယ်။ မြန်မာနိုင်ငံမှာလာလုပ်တဲ့ တရုတ်ကုမ္ပဏီတွေဟာ (၁) ပြည်သူတွေကို မလေးစားဘူး။ သဘာဝပတ်ဝန်းကျင်ကို မလေးစားဘူး။ နိုင်ငံတကာစံချိန်စံညွှန်းတွေကိုမလေးစားဘူး။ အဲဒီတော့ ကျွန်တော်တို့က ဒါကိုတိတိကျကျ မလုပ်တဲ့အတွက်ကြောင့် သူတို့က လုပ်ချင်သလိုလုပ်လို့ရတယ်ဆိုပြီး မလေးစားတာ။ အဲဒီတော့ တိတိကျကျလုပ်ထားမယ်ဆိုရင် သူတို့ကအဲဒါကို တန်ဖိုးထားပြီး လေးစားလိမ့်မယ်။ ကျွန်တော်တို့ ဘက်က တိတိကျကျ၊ ပြတ်ပြတ်သားသားလုပ်ဖို့လိုပါတယ်။ ဒါဟာ ပြည်သူတွေရဲ့ကောင်းကျိုး အတွက် အစိုးရနှင့်လွှတ်တော်က လုပ်ပေးနိုင်တာ ဖြစ်တယ်။ ဒါကို ကျွန်တော်တို့အကာအကွယ် ပေးရမယ်။ ဒါကြောင့် ဒီအဆိုဟာ တန်ဖိုးရှိတဲ့အဆိုဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်လေးလေး နက်နက်ထောက်ခံပါတယ်။ မဖြစ်မနေဖော်ဆောင်ရမယ်လို့ယူဆပါတယ်။ နောက်တစ်ချက်က ဒီမူဝါဒလမ်းညွှန်ချမှတ်ပြီးတော့ အကောင်အထည်ဖော်တဲ့အခါမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေရဲ့အခန်းကဏ္ဍကိုလည်း အသိအမှတ်ပြုဖို့လိုပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ဆိုတာ နှစ်ခု ရှိပါတယ်။ ဒေသဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်တွေနဲ့ လွှတ်တော်ရေးရာကော်မတီထဲမှာ လုပ်ဆောင်နေတဲ့ကော်မတီတွေပါ။ အဲဒီတော့ လွှတ်တော်ရေးရာကော်မတီတွေကိုလည်း ဒီကိစ္စနှင့် ပတ်သက်ပြီးတော့ ပိုပြီးတော့ ထိရောက်တဲ့လုပ်ပိုင်ခွင့်အာဏာ(Power)တွေကို ပေးအပ်ပြီးတော့ ထိထိရောက်ရောက်ကိုင်တွယ်ဖို့အတွက်လည်း တိုက်တွန်းလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဖားကန့်မဲဆန္ဒနယ်မှ ဦးတင့်စိုး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးတင့်စိုး(ဖားကန့်မဲဆန္ဒနယ်)**။ ။ ချစ်ခင်လေးစားရပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ဖားကန့်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင့်စိုး ဖြစ်ပါတယ်။ ကျောက်တန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုးရဲ့အဆိုကို ကျွန်တော့်ရဲ့ဖားကန့်မဲဆန္ဒနယ်က CSR လုပ်ငန်းတွေနဲ့ ဆက်စပ်ပြီးတော့မှ နှိုင်းယှဉ်တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဒီမှာ Corporate Social Responsibility(CSR)ဆိုတာဟာ စီးပွားရေးလုပ်ငန်းများရဲ့လူမှုအကျိုးပြုလုပ်ငန်း ဒါမှမဟုတ် လူမှုတာဝန်သိမှုလုပ်ငန်းများလို့ ဖွင့်ဆိုထားတာတွေ့ရပါတယ်။ ဒါ့အပြင် ဒီ CSR လုပ်ငန်းများတွေ ဆောင်ရွက်တဲ့အခါမှာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာတိုးတက်မှု၊ ပညာရေးဆိုင်ရာတိုးတက်မှု၊ ကျန်းမာရေးဆိုင်ရာတိုးတက်မှုစတာတွေပါဝင်တဲ့ အချက်ခြောက်ချက်နဲ့ပြည့်စုံဖို့လိုကြောင်းနှင့်

အဲဒီလုပ်ငန်း၊ အဲဒီအချက်တွေမှာ အကျိုးရှိစွာအသုံးပြုနိုင်ဖို့အတွက် ကုမ္ပဏီရဲ့ CSR မူဝါဒ အသေးစိတ်အချက်အလက်၊ ကောင်းမွန်တဲ့မူဝါဒ၊ ညွှန်ကြားချက်တွေကို လိုအပ်လျက်ရှိကြောင်း ဆွေးနွေးသွားတာကို ကျွန်တော်တွေ့ရပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေရာမှာ CSR ရဲ့ရန်ပုံငွေ စီးဆင်းလာပုံတွေက တစ်နေရာ၊ ဒေသတစ်ခုနှင့်တစ်ခု မတူညီကြပါဘူး။ ကျွန်တော်တို့ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ လုံးခင်း၊ ဖားကန့်ကျောက်စိမ်းရတနာနယ်မြေရဲ့ CSR စီးဆင်းပုံကတော့ နှစ်စဉ်နှစ်တိုင်း ပြုလုပ်နေကြ ဖြစ်တဲ့ ကျောက်မျက်ရတနာပြပွဲကနေ ရရှိလာတဲ့ ကျောက်စိမ်းလုပ်ငန်းရှင်တွေကနေ ရောင်းချပြီး ရရှိလာတဲ့ငွေအပေါ်ကနေ ကောက်တယ်။ ကောက်ပြီးတော့မှ ကျောက်မျက်ပြပွဲဗဟိုကော်မတီကနေ တစ်ဆင့် ကချင်ပြည်နယ်အစိုးရအဖွဲ့ကို လွှဲပြောင်းပေးအပ်ပါတယ်။ တစ်ခါ ကချင်ပြည်နယ်အစိုးရ အဖွဲ့ကနေပြီးမှ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးကို တာဝန်ပေးပြီးမှ ဒါတွေကို ပေါင်းစပ်ပြီး ဆောင်ရွက်ကြရတာ ဖြစ်ပါတယ်။ အဲဒီနေရာမှာ ပြပွဲဗဟိုကော်မတီက လုံးခင်း၊ ဖားကန့်ကျောက်စိမ်းရတနာနယ်မြေအတွက် ရတဲ့ငွေသားဟာ အမေရိကန်ဒေါ်လာနှစ်သန်း နှင့်ညီမျှတဲ့ မြန်မာငွေ ၂၇၃၅.၀၃၂ သန်းကို ရရှိတာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရရှိလာတဲ့ CSR ရန်ပုံငွေတွေကို သဘာဝပတ်ဝန်းကျင်ဆိုင်ရာတိုးတက်မှုကဏ္ဍအတွက် ဖားကန့်ဒေသမှာ အရေးတကြီး ရှိနေတဲ့ ဥရုချောင်းရဲ့ ဥရုလုပ်ငန်း၊ ဥရုချောင်းနှင့်ဆက်စပ်နေတဲ့ ချောင်းလက်တက်တွေမှာ ချောင်းရှင်းလင်းရေးလုပ်ငန်း၊ နောက်တစ်ခါ ဥရုချောင်းနှင့် ချောင်းလက်တက်တွေမှာ မြေသား တမံတွေ၊ ကျောက်စီတမံတွေလုပ်တဲ့လုပ်ငန်းတွေ၊ တစ်ခါ ဥရုချောင်းရှင်းလင်းရေးလုပ်ငန်းတွေမှာ အသုံးပြုတဲ့ယာဉ်၊ စက်ယန္တရားတွေအတွက် စက်သုံးဆီ၊ ချောဆီ၊ အလုပ်သမားခတွေ ဒါတွေကို CSR ရန်ပုံငွေကပဲ ထည့်ဝင်ပြီးသုံးစွဲတယ်ဆိုတာကို ကျွန်တော်တို့သိရပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုလုပ်ငန်းတွေ လုပ်ပေးတဲ့အတွက် ကျွန်တော်တို့ ဒေသမှာ အထိုက်အလျောက်တော့အကျိုးရှိတာ မှန်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ရဲ့ဒေသခံပြည်သူ တွေရဲ့တစ်ဦးချင်းပုဂ္ဂလိကဆုံးရှုံးနစ်နာမှုနှင့်ယှဉ်လိုက်ရင် ဒီပေးတဲ့ CSR ရန်ပုံငွေဆိုတာ ဆင်ပါးစပ် နှမ်းပတ်သလောက်ပဲ ရှိပါတယ်။ ဘာကြောင့်ဒီလိုပြောရသလဲဆိုလို့ရှိရင် ကုမ္ပဏီတွေက စည်းမဲ့ကမ်းမဲ့စွန့်ပစ်လိုက်တဲ့ မြေစာတွေကြောင့် ဥရုချောင်းဝမှာရော၊ ဥရုချောင်းရဲ့လက်တက် တွေမှာရော၊ မြေစာတွေ ရောက်လာပါတယ်။ ရောက်ပြီးတော့ ဥရုချောင်းကြမ်းပြင်ဟာ ၁၀ စုနှစ် တစ်ခုအတွင်းမှာပဲ ၁၅ ပေလောက်အထိ မြင့်တက်လာတယ်။ ဥရုချောင်းကြမ်းပြင်မြင့်တက်လာ တာနဲ့အတူ လုံးခင်းတို့၊ ဖားကန့်တို့၊ ဆိပ်မူတို့ ဒီရွာတွေမှာ ရေကြီးရေလျှံမှုတွေဖြစ်တယ်။ ကျွန်တော်

နေတဲ့လုံးခင်းမှာဆိုလို့ရှိရင် အိမ်တွေဟာ နစ်မြုပ်မှုဒဏ်ကနေကာကွယ်ဖို့အတွက် အိမ်တွေကို မြှင့်ရပါတယ်။ မြှင့်တာမှ တစ်ခါမြှင့်လို့ရှိရင် အနည်းဆုံးခြောက်ပေ။ အဲဒီလို ခြောက်ပေ၊ ခြောက်ပေ သုံးကြိမ်လောက်မြှင့်ရတဲ့အခါကျတော့ လမ်းတွေပါလိုက်မြှင့်ရတယ်။ အဲဒီတော့ တကယ်တမ်း ပြောရရင် ဒီအိမ်တန်ဖိုးထက်ကို ဒီအိမ်မြှောက်ရတဲ့ကုန်ကျစရိတ်ကတောင် ပိုသွားတယ်။ အဲဒါမျိုး တွေရှိပါတယ်။ ဒါပေမဲ့ သူတို့ရဲ့အိမ်မြှောက်တဲ့လုပ်ငန်းတွေအတွက် ဘယ်ကုမ္ပဏီကမှ တစ်ပြား တစ်ချပ်လာပေးတာမရှိဘူး။ ထိုနည်းတူစွာပဲ ဖားကန့်မှာရှိတဲ့ ငှက်ပျောတောရပ်ကွက်တို့၊ မြို့မ ရပ်ကွက်တို့၊ အေးမြသာယာရပ်ကွက်တို့ တစ်နှစ်ကို မိုးတွင်းဆိုရင် ငါးကြိမ်လောက်မှ ရေကြီးရေနစ် ဒဏ်မခံရရင် မပြီးဘူး။ အဲဒီလိုမျိုးတွေ ရှိပါတယ်။ အဆိုးဆုံးကတော့ ဆိပ်မူကျေးရွာအုပ်စု ဖြစ်ပါ တယ်။ အဲဒီ ဆိပ်မူကျေးရွာအုပ်စုမှာရှိတဲ့ ရပ်ကွက်(၃)၊ ရပ်ကွက်(၄)၊ ယူမာစတဲ့ကျေးရွာတွေမှာ သူတို့ တည်ရှိတဲ့နေရာကတော့ ဝေ့ခါချောင်းနှင့် ဥရုခေါင်းဆုံတဲ့နေရာမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဝေခါဘက်နေ မျောပါလာတဲ့မျောစာတွေဟာ အဲဒီမှာလာပြီး အနည်ချပါတယ်။ အဲဒီလို လာအနည်ချ တဲ့အခါကျတော့ အဲဒီဆိပ်မူရွာမှာရှိတဲ့ အိမ်ခြေ ၇၀၀ လောက်ဟာ လုံးဝနေထိုင်လို့မရတော့ဘဲနဲ့ ရွာပျက်ဖြစ်သွားပြီး ပြောင်းရွှေ့သွားရတယ်။ အဲဒီတော့ အခုအချိန်မှာကျတော့ အဲဒီရွာပျက်နေရာကို ပြန်ပြီးတော့ မြေစာဖို့ပြီးတော့ ပြန်နေကြပါတယ်။ အဲဒီလိုဆုံးရှုံးလာတဲ့ဟာတွေကို တစ်ပြားတစ်ချပ်မှ နစ်နာကြေး၊ ဂရုဏာကြေးရခဲ့တာတွေမရှိပါဘူး။ ဒါကြောင့်မို့လို့ အခုဒီလိုထိခိုက် နစ်နာခဲ့ရတဲ့ ဒေသခံပြည်သူတွေအတွက် CSR ရန်ပုံငွေကနေ ကျခံပေးသင့်တယ်လို့ထင်တယ်။ ဒါပေမဲ့ ဒီပြည်သူတွေ တစ်ခုမျှမရကြပါဘူး။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုအဖြစ်အပျက်တွေရှိခဲ့တာကြောင့်မို့လို့ ဒေသခံ ပြည်သူတွေနဲ့ ကုမ္ပဏီနဲ့ကြားမှာ ဆက်ဆံရေးက မပြေလည်ပါဘူး။ ပြီးတော့ ကုမ္ပဏီတွေရဲ့ပုံရိပ်ဟာ လည်း တကယ်ကိုမလှပခဲ့ပါဘူး။ နောက်တစ်ခုက ကုမ္ပဏီတွေက စွန့်ပစ်လိုက်တဲ့ စွန့်ပစ်မြေစာပုံ တွေကိစ္စပါ။ ကျောက်ေပါင်းသောင်းနဲ့ချီထွက်လာတဲ့ မြေစာတွေဟာ ဥရုချောင်းဘေးမှာရော၊ ဥရုချောင်းလက်တက်တွေမှာရော စွန့်ပစ်တဲ့အတွက်ကြောင့်မို့လို့ ကန်းသွားတဲ့သဘာဝရေထွက် တွေ၊ ချောင်းတွေဟာ မနည်းပါဘူး။ ၁၀ နဲ့ချီပြီးရှိပါတယ်။ အဲဒါကြောင့်မို့လို့ တစ်ခါ မြေစာပုံတွေက လည်း သတ်မှတ်ထားတဲ့စည်းကမ်းအတိုင်း၊ အမြင့်အတိုင်းမပုံဘဲနဲ့ အမြင့်ပေရာနဲ့ချီပြီးတော့မှ ပုံကြတဲ့အခါကျတော့ မြေစာပုံတွေပြိုကျတယ်။ လျှောကျတယ်။ ရေမဆေးရှာကြတဲ့သူတွေ သေကြေ ထိခိုက်တာတွေက ရာနဲ့ချီပြီးတော့ရှိပါတယ်။ ကျောက်ေပါင်းသောင်းချီတဲ့လုပ်ကွက်တွေက ထွက်လာ တဲ့မြေစာတွေကိုပစ်ဖို့အတွက် နောက်ထပ်သစ်တောတွေ၊ လျှိုတွေ၊ မြောင်တွေ၊

ချိုင့်ဝှမ်းတွေ၊ ရေထွက်တွေ ဒါတွေကလည်းပဲ နေ့ချင်းညချင်းဆိုသလို မြေစာပုံ ဘဝပြောင်းသွားရပါတယ်။ တောတွေ၊ တောင်တွေက ကျင်းဖြစ်ပြီးတော့မှ ကျင်းတွေက ရေကန်တွေဖြစ်သွားတယ်။ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကတော့ တကယ့်ကြောက်ခမန်း လိလိဖြစ်ပါတယ်။ ပြောလို့တောင် မကုန်နိုင် တော့ပါဘူး။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဖားကန့်ရဲ့ CSR လုပ်ငန်းကိစ္စကို ပြန်ဆက်ရရင် ဒီဟာတွေ လုပ်ခဲ့တာတွေက လုပ်ခဲ့ပြီးပါပြီ။ ဒါကြောင့်မို့လို့ မပြည့်မစုံဖြစ်နေတဲ့ CSR လုပ်ငန်းတွေကို။

[ဆွေးနွေးရန်သတ်မှတ်ချိန်ပြည့်သဖြင့် မိုက်ပိတ်သွားပါသည်။]

**ဥက္ကဋ္ဌ**။ ။ ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမျိုးဇော်အောင်(ကောလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ ကောလင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမျိုးဇော်အောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျောက်တန်းမဲဆန္ဒနယ်က ဒေါ်အေးမြမြမျိုး တင်သွင်းထားတဲ့အဆိုကို အကြံပြုထောက်ခံ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ CSR လို့ပြောလိုက်ရင် စီးပွားရေးလုပ်ငန်းတစ်ခုရဲ့ လှူတာတန်းတာ၊ လူမှုကူညီရေးလုပ်ငန်းလုပ်တာတွေကို အရင်ဆုံးပြေးမြင်လေ့ရှိကြပါတယ်။ ဒါဆိုရင် ကုမ္ပဏီ တစ်ခုက လှူတာတန်းတာတွေကို ရှေ့တန်းကလုပ်ပြတယ်။ ဒါပေမဲ့ နိုင်ငံတော်ကိုပေးသွင်းရမယ့် အခွန်တွေကို ရှောင်နေမယ်ဆိုရင်၊ ဒါမှမဟုတ် သူ့ကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုတွေ ဖြစ်စေမယ်ဆိုရင်၊ ဒါမှမဟုတ် ကုမ္ပဏီတွင်း အလုပ်သမားတွေအပေါ်မှာ ခေါင်းပုံဖြတ်ပြီး လူ့အခွင့်အရေးချိုးဖောက်မှုတွေဖြစ်စေမယ်ဆိုရင် CSR ကောင်းတဲ့ ကုမ္ပဏီလို့ခေါ်နိုင်ပါ့မလား။ တကယ်တော့ အလှူအတန်းလုပ်တာနဲ့ CSR ရဲ့သဘာဝဟာ မတူညီပါဘူး။ စီးပွားရေးလုပ်ငန်း တစ်ခုရဲ့ လူမှုရေးတာဝန်ယူမှုဆိုတာ ထိုလုပ်ငန်းရဲ့သဘာဝပတ်ဝန်းကျင်နဲ့ လူမှုပတ်ဝန်းကျင် အပေါ်မှာ ဆိုးကျိုးထိခိုက်မှုတွေကို အနည်းဆုံးအဆင့်အထိ လျှော့ချနိုင်အောင်လုပ်ပြီးတော့မှ ဒီလုပ်ငန်းရဲ့တည်ရှိမှုဟာ ပတ်ဝန်းကျင်လောကကြီးအတွက် အပေါင်းလက္ခဏာဆောင်တဲ့ အကျိုးတရားတွေ ဖြစ်စေခြင်းပဲဖြစ်ပါတယ်။

ဈေးကွက်စီးပွားရေးစနစ်မှာ Liberal စီးပွားရေးသဘောတရားအရ တန်းတူယှဉ်ပြိုင်လုပ်ကိုင် ကြရာမှာ အရင်းအနှီး၊ သတင်းအချက်၊ ဉာဏ်ပညာသာသူက လုပ်ပိုင်ခွင့်ပိုရပြီး အကျိုးအမြတ်

ဖြစ်အောင် ပိုလုပ်နိုင်ကြပါတယ်။ အများနဲ့ဆိုင်တဲ့ ဒီမြေ၊ ဒီရေပေါ်မှာ လုပ်ကိုင်ပြီးတော့မှ အများနဲ့ဆိုင်တဲ့ စီးပွားရေးအဆောက်အအုံထဲမှာ လုပ်ကိုင်တာဖြစ်တဲ့အတွက် လုပ်ခွင့်မရသူ၊ အကျိုးကျေးဇူးမခံစားရသူတွေ အထူးသဖြင့်တော့ ချို့တဲ့နွမ်းပါးပြီးတော့မှ လိုအပ်ချက်ရှိသူတွေကို ရရှိတဲ့ အကျိုးအမြတ်ရဲ့ အစိတ်အပိုင်းတစ်စုံတစ်ရာကို ခွဲဝေခံစားခွင့်ပေးသင့်တယ်ဆိုတဲ့အယူအဆပေါ်လာပါတယ်။ ဒီအယူအဆဟာ CSR အားနည်းရင် လူထုသဘောမကျတဲ့အဆင့်ထိအောင် အားကောင်းလာပြီးတော့မှ ကမ္ဘာ့လမ်းကြောင်းတစ်ခုဖြစ်လာပါတယ်။ အဲဒီတော့ CSR ဆိုတာ လုပ်ငန်းတစ်ခုက ပထမအဆင့်အနေနဲ့ အခွန်ပေးဆောင်မှု၊ ပတ်ဝန်းကျင်ထိခိုက်မှုမရှိအောင်ဆောင်ရွက်မှုအစရှိတဲ့ ဥပဒေနဲ့ကျင့်ဝတ်ဆိုင်ရာကိစ္စရပ်တွေကို လိုက်နာပြီးတော့မှ ဒုတိယအဆင့်အနေနဲ့ရရှိတဲ့ အကျိုးအမြတ်အပေါ်မှာ ပတ်ဝန်းကျင်လူမှုအသိုင်းအဝိုင်းအတွက် အကျိုးပြုလုပ်ငန်းတွေ ဆောင်ရွက်ခြင်းပဲ ဖြစ်ပါတယ်။ ယနေ့ခေတ်မှာ CSR ကောင်းတဲ့ ပုံရိပ်ရဖို့ရာအတွက်ကို ISO 26000 ကို လိုက်နာဖို့ ကုမ္ပဏီအများစုက ကြိုးစားလာကြပါတယ်။ ISO 26000 ထဲမှာ အဓိကအချက်ခုနစ်ချက် ပါဝင်ပါတယ်။ အဲဒါတွေကတော့ အဖွဲ့အစည်းဆိုင်ရာစီမံအုပ်ချုပ်မှုကောင်းအောင် ဆောင်ရွက်တာ၊ လူ့အခွင့်အရေးအလေးထားတာ၊ အလုပ်သမားတွေရဲ့အခွင့်အရေးတွေကို အလေးထားတာ၊ သဘာဝပတ်ဝန်းကျင်ကို မထိခိုက်အောင်ဆောင်ရွက်တာ၊ မျှတသော လုပ်ထုံးလုပ်နည်းတွေရှိအောင် ဆောင်ရွက်တာ၊ စားသုံးသူအတွက် တာဝန်ယူမှုရှိတာ၊ ဒေသပတ်ဝန်းကျင်ဖွံ့ဖြိုးရေးဆောင်ရွက်တာတွေ ဖြစ်ပါတယ်။

နိုင်ငံတကာကုမ္ပဏီကြီးတွေဖြစ်တဲ့ Starbucks တို့၊ Microsoft တို့လို ကုမ္ပဏီတွေက ဒီ SDG ရည်မှန်းချက်တွေဖြစ်တဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်မှာ သူတို့ဘယ်လိုပါဝင်နေသလဲဆိုတာတွေကို CSR ဆောင်ရွက်ချက်တွေကို နှစ်စဉ်အစီရင်ခံစာထုတ်ပြန်ထားပြီး သူတို့ရဲ့ Web Page တွေမှာ အလွယ်တကူရှာဖွေတွေ့နိုင်ပါတယ်။ ယနေ့ခေတ်မှာ မြန်မာနိုင်ငံမှာလည်းပဲ ကုမ္ပဏီတွေက အကျိုးပြုလုပ်ငန်းတွေကိုဆောင်ရွက်လာကြပါတယ်။ ကုမ္ပဏီအမျိုးမျိုး၊ နေရာဒေသအမျိုးမျိုးရှိတဲ့အတွက် ပတ်ဝန်းကျင်နဲ့ထိစပ်ပတ်သက်မှုပုံစံချင်းလည်း မတူညီကြပါဘူး။ အဆိုရှင်တင်ပြသလို ပွင့်လင်းမြင်သာပြီး ပြည်သူတွေပါဝင်နိုင်ဖို့ဆိုရင် နိုင်ငံတော်အစိုးရအနေနဲ့ CSR ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ CSR ရန်ပုံငွေထားရှိရေး၊ စီမံခန့်ခွဲမှုကော်မတီဖွဲ့စည်းရေး၊ လုပ်ငန်းအကောင်အထည်ဖော်ဆောင်မှု၊ အစီရင်ခံစာထုတ်ပြန်ခြင်းစတာတွေနဲ့ပတ်သက်လို့ မူဝါဒတွေ ချမှတ်ပေးပြီး တိကျတဲ့လမ်းညွှန်ချက်တွေပေးဖို့ အကြံပြုလိုပါတယ်။ ဒီနေရာမှာ ပတ်ဝန်းကျင်ထိခိုက်မှုများတဲ့ သတ္တုသဘာဝသယံဇာတ တူးဖော်ရေးကုမ္ပဏီတွေဆိုရင် ပြည်သူတွေပါဝင်ဖို့

အလွန်အရေးကြီးပါတယ်။ ဝန်ဆောင်မှုလုပ်ငန်းတွေလို သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနည်းတဲ့ လုပ်ငန်းတွေကတော့ သူတို့ရဲ့ CSR ရန်ပုံငွေကို သူတို့ဘာသာ စီမံခန့်ခွဲချင်ကြမှာဖြစ်ပါတယ်။ တကယ်လို့ လုပ်ငန်းကြီးတွေအနေနဲ့ CSR အတွက် ၎င်းတို့ရဲ့အကျိုးအမြတ်ကနေ ရာခိုင်နှုန်းတစ်ခု ပေးထားနိုင်မယ်ဆိုရင်၊ ပြီးတော့ CSR စီမံခန့်ခွဲမှုကော်မတီကို ကုမ္ပဏီကတာဝန်ရှိသူတွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ မြို့မိမြို့ဖတွေပေါင်းပြီးတော့မှ ဒေသရဲ့လတ်တလောလိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်မယ်ဆိုရင် အလွန်ကောင်းမှာပဲဖြစ်ပါတယ်။ ဒေသရဲ့လတ်တလောလိုအပ်ချက်ထဲမှာ လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေးစတာတွေပါနိုင်သလို အလုပ်အကိုင်အခွင့်အလမ်း၊ လုပ်ငန်းကျွမ်းကျင်မှုသင်တန်း၊ ရင်းနှီးမြှုပ်နှံမှုလိုအပ်ချက်၊ လုပ်ငန်းဆိုင်ရာအကြံပေးမှုတွေလည်းပါနိုင်ပါတယ်။ အခုလို COVID ကာလမှာကတော့ လမ်းပန်းဆက်သွယ်ရေးထက် ကျန်းမာရေးဆိုင်ရာကာကွယ်ရေးလုပ်ငန်းတွေကလည်း လတ်တလောလိုအပ်ချက်ဖြစ်နိုင်ပါတယ်။

လူမှုအကျိုးပြုလုပ်ငန်းတွေလုပ်ဖို့ ကျပ်သိန်း ၂၀၊ ၃၀ တန် Small Grant လေးတွေ ဖန်တီးပေးပြီးတော့မှ ဒေသခံတွေလုပ်ချင်တဲ့လုပ်ငန်းတွေကို ဒေသခံတွေကိုယ်တိုင်ဖွဲ့စည်းထားတဲ့ ကော်မတီတွေနဲ့လုပ်စေခြင်းဟာလည်းပဲ ဒေသခံတွေကျေနပ်ရုံမက သာယာပြီးနေချင်စဖွယ်ဖြစ်တဲ့ လူ့လောကကြီးဖန်တီးရာမှာ အထောက်အကူများစွာဖြစ်စေမှာဖြစ်တဲ့အတွက် အဆိုရှင်တင်ပြထားတဲ့ စီးပွားရေးလုပ်ငန်းများ၏ လူမှုအကျိုးပြုလုပ်ငန်း(CSR) အကောင်အထည်ဖော်ရာတွင် တိကျသည့်မူဝါဒများချမှတ်ပြီး ဒေသခံပြည်သူများပါဝင်နိုင်သောနည်းလမ်းများဖြင့် ပွင့်လင်းမြင်သာစွာဆောင်ရွက်နိုင်ရန်အတွက် စီစဉ်ညွှန်ကြားပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို အလေးအနက်ထောက်ခံအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

## ဒေါ်အေးမြမြမျိုး၊ ကျောက်တန်းမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးရန်ဖြစ်ပါတယ်။

**ဦးဗရတ်ဆင်း(ဒုတိယဝန်ကြီး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

များခင်ဗျား။ အဆိုရှင် ဒေါ်အေးမြမြမျိုး၊ ကျောက်တန်းမဲဆန္ဒနယ်က တင်သွင်းသည့် စီးပွားရေးလုပ်ငန်းများ၏ လူမှုအကျိုးပြုလုပ်ငန်း(CSR) အကောင်အထည်ဖော်ရာတွင် တိကျသည့်မူဝါဒချမှတ်ပြီး ဒေသခံပြည်သူပါဝင်နိုင်သောနည်းလမ်းများဖြင့် ပွင့်လင်းမြင်သာစွာဆောင်ရွက်နိုင်ရန်အတွက် စီစဉ်ညွှန်ကြားပေးနိုင်ပါရန်အဆိုနှင့်စပ်လျဉ်း၍ ကိုယ်စားလှယ်များက မိမိတို့၏အမြင်များကို ပြည့်ပြည့်စုံစုံဆွေးနွေးခဲ့ကြတဲ့အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုမူဝါဒမှာ လူမှုအကျိုးပြုလုပ်ငန်း(CSR)နဲ့စပ်လျဉ်းပြီး ပြည်တွင်းနှင့်နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်ဆိုင်ရာကိစ္စရပ်များအပါအဝင် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများနှင့် စီးပွားရေးလုပ်ငန်းဆိုင်ရာကျင့်ထုံးများကိုခွဲခြားမှုမရှိဘဲ တစ်ပြေးညီအစဉ်လိုက်နာမည်ဖြစ်ကြောင်း မူဝါဒချမှတ်ထားပြီးဖြစ်ပါတယ်။ ထို့အပြင်နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ အကျိုးစီးပွားအလို့ငှာ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ကိုထိခိုက်စေတဲ့ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ကိုမြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၃ ပုဒ်မခွဲ(က)မှာ ဖော်ပြထားပြီးဖြစ်ပါတယ်။ အဆိုပါရည်ရွယ်ချက်နှင့်ကိုက်ညီမှုရှိစေရန်အတွက် ရင်းနှီးမှုအဆိုပြုလွှာများကို စိစစ်ရာမှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေ ၆၄ နည်းဥပဒေခွဲ(ဃ)အရရင်းနှီးမြှုပ်နှံသူသည် သဘာဝပတ်ဝန်းကျင်နှင့်လူမှုပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်မှုအားလျှော့ချစေခြင်းနှင့် ရှောင်ကြဉ်ခြင်းအားဖြင့် တာဝန်ယူမှုရှိသော၊ ရေရှည်ခိုင်မာသောအပြုအမူ (Responsible Business)ဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဆောင်ရွက်ရန် ကတိကဝတ်ပြုဖော်ပြချက်ကိုပူးတွဲတင်ပြစေလျက်ရှိပါတယ်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံသူက အဆိုပြုလုပ်ငန်းနှင့်စပ်လျဉ်းပြီး ရှင်းလင်းတင်ပြစေရာတွင် လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်မည့်စီမံချက်အသေးစိတ်ကိုတင်ပြစေပြီး ဆောင်ရွက်မည့်အစီအစဉ်များသည် လုပ်ငန်းနှင့်ဆက်စပ်မှုရှိ/မရှိ၊ ဒေသခံလူထုအပေါ် အကျိုးဖြစ်ထွန်းမှုရှိ/မရှိ၊ ရေရှည်တည်တံ့မှုရှိ/မရှိ၊ကော်မရှင်အဖွဲ့ဝင်များက စိစစ်သုံးသပ်ပြီးမှသာ လုပ်ငန်းဆောင်ရွက်ခွင့်ပြုပေးလျက်ရှိပါတယ်။

ထို့အပြင် လုပ်ငန်းဆောင်ရွက်နေစဉ်ကာလအတွင်း နှစ်စဉ်အစီရင်ခံစာတင်ပြရာမှာလည်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေ ၁၉၆ နည်းဥပဒေခွဲ(ခ)၊ (ဂ) နှင့်(စ)တို့အရ လူမှုအကျိုးပြုလုပ်ငန်းများဆောင်ရွက်မှုဟာ ရှင်းလင်းတင်ပြစေလျက်ရှိပါတယ်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေ ၁၇၅ နှင့် ၁၇၆ တို့အရ ခွင့်ပြုထားပြီးသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ ဆောင်ရွက်မှုအခြေအနေများကို ရင်းနှီးမြှုပ်နှံမှုနှင့်ကော်မတီများ ညွှန်ကြားမှုဦးစီးဌာနကဦးစီးပြီး သက်ဆိုင်ရာ

ဌာနမှတာဝန်ခံအရာရှိ၊ ကိုယ်စားလှယ်များပါဝင်တဲ့ မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးရာမှာလည်း ရင်းနှီးမြှုပ်နှံမှုအဆိုပြုလွှာတင်ပြစဉ်ကဖော်ပြခဲ့တဲ့ လူမှုအကျိုးပြု လုပ်ငန်းများကို တင်ပြထားတဲ့အစီအစဉ်အတိုင်း ဆောင်ရွက်မှုရှိ/မရှိကို မြေပြင်တွင်လက်တွေ့ ဆောင်ရွက်ထားတဲ့အထောက်အထားများဖြင့် တိုက်ဆိုင်စစ်ဆေးလျက်ရှိပါတယ်။ တင်ပြခဲ့တဲ့ အတိုင်း ဆောင်ရွက်ခြင်းမရှိတဲ့ကုမ္ပဏီများကို သတိပေးပြီးတော့ ဆောင်ရွက်မှုအခြေအနေကို ပြန်လည်တင်ပြစေလျက်လည်း ရှိပါတယ်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကခွင့်ပြုခဲ့တဲ့ လုပ်ငန်းများအား ကော်မရှင်၏တိုက်တွန်းနှိုးဆော်ချက်နှင့် ကြီးကြပ်မှုအရ အသားတင်အမြတ်ငွေ အနက်မှ အနည်းဆုံးနှစ်ရာခိုင်နှုန်းကို လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်ရန် သီးသန့်ရန်ပုံငွေထား၍ လက်တွေ့ဆောင်ရွက်လျက်ရှိပါတယ်။

လူမှုအကျိုးပြုလုပ်ငန်း(CSR)သည် နိုင်ငံတော်အစိုးရအနေဖြင့်သာ ကြီးကြပ်ဆောင်ရွက် နိုင်တဲ့ကိစ္စရပ်မဟုတ်ဘဲ နိုင်ငံတော်အစိုးရ၊ စီးပွားရေးလုပ်ငန်းများနှင့် ဒေသခံလူထုတို့ပေါင်းစပ် ဆောင်ရွက်ရမည့်ကိစ္စဖြစ်ပါတယ်။ အာဆီယံနိုင်ငံများအတွင်း အောင်မြင်ခဲ့တဲ့ လူမှုတာဝန်သိ လုပ်ငန်းများဖြစ်တဲ့ Philippine Business for Social Progress(PBSP)နှင့် Singapore Compass for CSR တို့မှာ အစိုးရအဖွဲ့အစည်းမဟုတ်ဘဲ၊ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများဖြစ်ကြောင်း ကိုလည်း လေ့လာတွေ့ရှိနိုင်မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေနဲ့ လူမှုအကျိုးပြုလုပ်ငန်း(CSR)များဆောင်ရွက်ရန် ရင်းနှီးမြှုပ်နှံသူများအား ဆော်သြမှုပြုခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ပူးပေါင်း၍ ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိတဲ့အပြင် ကိုရီးယား-မြန်မာလူမှုအကျိုးပြုဆု(Korea-Myanmar CSR Awards)ကဲ့သို့ လူမှုအကျိုးပြုလုပ်ငန်း အကောင်းဆုံးဆောင်ရွက်တဲ့ ကိုရီးယားလုပ်ငန်းများကိုဆုချီးမြှင့်ခဲ့တဲ့ လူမှုအကျိုးပြုလုပ်ငန်း အားပေးဆောင်ရွက်မှုများမှာလည်း ပံ့ပိုးပါဝင်လျက်ရှိပါတယ်။ ထို့အပြင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် Organization for Economic Co-operation and Development(OECD)အဖွဲ့နှင့်လည်းကောင်း၊ The Myanmar Centre for Responsible Business အဖွဲ့နှင့်လည်းကောင်းပူးပေါင်း၍ လူမှုအကျိုးပြုလုပ်ငန်းများမြှင့်တင် ဆောင်ရွက်နိုင်ရေးလိုအပ်သည့် သတင်းအချက်အလက်များ စုဆောင်းရယူခြင်းနှင့် အသိပညာပေးပွဲများ ကျင်းပခြင်းတို့ကိုပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဟာ ပတ်ဝန်းကျင်ကိုဆိုးကျိုးမဖြစ်စေရန်၊ လူ့အခွင့်အရေး ကို မြှင့်တင်ရန်၊ အလုပ်သမားများရဲ့အခွင့်အရေးကိုကာကွယ်ရန်နှင့် အဂတိလိုက်စားမှုကို ရှောင်ကြဉ်စေရန်စတဲ့ တာဝန်ယူမှုရှိတဲ့ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကိုမြှင့်တင်ရန် တာဝန်ရှိတဲ့

အဖွဲ့အစည်းဖြစ်တဲ့အားလျော်စွာ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံသည့်ကုမ္ပဏီများကို UN Global Compact ကဲ့သို့ ဝင်ရောက်စေရန်အတွက် တိုက်တွန်းဆောင်ရွက်လျက်ရှိကြောင်း အသိပေးပြောကြားလိုပါတယ်။ UN Global Compact သည် စည်းနှောင်မှုမရှိတဲ့ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများကြား သဘောတူထားတဲ့ ရေရှည်တည်တံ့ခိုင်မြဲသည့် တာဝန်ယူမှုရှိသော လူမှုအကျိုးပြုလုပ်ငန်းများ(CSR)ဆောင်ရွက်ရန် စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများကို တိုက်တွန်းအားပေးလျက်ရှိတဲ့ ကမ္ဘာ့အကြီးဆုံးကွန်ရက်ဖြစ်တဲ့အတွက် အဆိုပါကွန်ရက်သို့ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံတဲ့ကုမ္ပဏီများကို ဝင်ရောက်ခြင်းဖြင့် လူ့အခွင့်အရေး၊ အလုပ်သမားများအခွင့်အရေး၊ သဘာဝပတ်ဝန်းကျင်ဆိုးကျိုးမဖြစ်စေရေး၊ အဂတိလိုက်စားမှုပပျောက်ရေးတို့ကို အဓိကအထောက်အပံ့ရရှိစေမှာဖြစ်ပါတယ်။ လူမှုအကျိုးပြုလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၊ စီးပွားရေးလုပ်ငန်းများနှင့် ဒေသခံလူထုတို့ ပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်နှင့်လူမှုပတ်ဝန်းကျင်များ ဆိုးကျိုးသက်ရောက်မှုများကို ပိုမိုပွင့်လင်းမြင်သာစွာ ကာကွယ်နိုင်မှာဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကိုလည်း ပိုမိုထိရောက်စွာကြပ်မတ်နိုင်မှာဖြစ်တဲ့အပြင် နိုင်ငံတော်နှင့် ဒေသခံပြည်သူများအတွက်လည်း များစွာအကျိုး ဖြစ်ထွန်းစေမှာဖြစ်ပါတယ်။ သို့ဖြစ်၍ အဆိုရှင် ဒေါ်အေးမြမြမျိုး၊ ကျောက်တန်းမဲဆန္ဒနယ်က တင်သွင်းသည့် စီးပွားရေးလုပ်ငန်းများ၏ လူမှုအကျိုးပြုလုပ်ငန်း(CSR)အကောင်အထည်ဖော်ရာတွင် တိကျသည့် မူဝါဒချမှတ်ပြီး ဒေသခံပြည်သူပါဝင်နိုင်သောနည်းလမ်းများဖြင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်ရန်အတွက် စီစဉ်ညွှန်ကြားပေးနိုင်ပါရန်အဆိုကို အတည်ပြုနိုင်ရေးအတွက် ထောက်ခံတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဒေါ်အေးမြမြမျိုး(ကျောက်တန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ရှင်းရှင်းလင်းလင်းဆွေးနွေးရှင်းလင်းပေးသွားတဲ့ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် အဆိုကို နည်းပေါင်းစုံ၊ ဘက်ပေါင်းစုံကနေ ထောက်ခံအကြံပြုဆွေးနွေးသွားတဲ့ ကိုယ်စားလှယ်အားလုံးကို ကျေးဇူးတင်ပါတယ်။ ကျွန်မအနေနဲ့ ကျေးဇူးတင်စရာနောက်ထပ်အဖွဲ့အစည်းရှိနေပါသေးတယ်။ ကျွန်မတို့မြန်မာနိုင်ငံက CSR သည် ဥပဒေထဲမှာလည်း ပြဋ္ဌာန်းပြီးသားဖြစ်ပါတယ်။ အကောင်အထည်ဖော်နေတာတွေလည်းရှိပါတယ်။ ဒါပေမဲ့ တိကျတဲ့မူဝါဒမရှိတာနဲ့ ပွင့်လင်းမြင်သာမှုမရှိတာ၊ ဒေသခံပြည်သူပါဝင်နိုင်ခြင်းမရှိတဲ့အတွက်သာ ဒီအဆိုကို တင်သွင်းခဲ့ခြင်းဖြစ်ပါတယ်။ အကောင်အထည်ဖော်ပေးမယ်ဆိုတဲ့အတွက် ကျေးဇူးအများကြီး

တင်ပါတယ်။ ကျွန်မတို့ဟာ ဒီဟာကို အကောင်အထည်ဖော်နေတာက ကျွန်မတို့မူဝါဒစံချိန်စံညွှန်းနဲ့ မဟုတ်ဘဲနဲ့ နိုင်ငံတကာစံချိန်စံညွှန်းနဲ့အညီ အကောင်အထည်ဖော်နေတဲ့ စီးပွားရေး အဖွဲ့အစည်းတွေ ကျွန်မတို့မြန်မာနိုင်ငံမှာ ရှိပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာပဋိညာဉ် ဖြစ်တဲ့ UN Global Compact(UNGC)အဖွဲ့ဝင်ဖြစ်ဖို့အတွက်ဆိုရင် စီးပွားရေးလုပ်ငန်း ကျင့်ဝတ်တွေ၊ အခြေခံမူတွေနဲ့ လုပ်ဆောင်ပါမယ်လို့ အာမခံကတိပေးပြီး ဝင်ထားရပါတယ်။ ဒါကို မြန်မာနိုင်ငံမှာ ရှိတဲ့ အဖွဲ့ဝင်ပေါင်း ၃၀၀ ကျော်ကဝင်ပြီးတော့မှ စီးပွားရေးကျင့်ဝတ်နှင့်အညီ ဆောင်ရွက်နေတာ CSR အကောင်အထည်ဖော်နေတာကို ရှိပါတယ်။ အဲဒီအတွက် ဒီအဖွဲ့ဝင်တွေအားလုံးကို ကျွန်မ ဒီနေရာကနေ ကျေးဇူးတင်၊ မှတ်တမ်းတင်ဂုဏ်ပြုတယ်ဆိုတဲ့အကြောင်းလည်း ပြောကြားပါရစေ။

**ဥက္ကဋ္ဌ**။ ။ သဘောထားပြောပါ။ ဒီအဆိုပေါ်မှာ သဘောထားပြောပါ။

**ဒေါ်အေးမြမြမျိုး(ကျောက်တန်းမဲဆန္ဒနယ်)**။ ။ ကျွန်မအနေနဲ့ ဒီအဆိုအပေါ်မှာ အမြန်ဆုံးအကောင်အထည်ဖော်ပေးဖို့ရန်နှင့် မူဝါဒချမှတ်တဲ့အခါမှာ အားလုံးပါဝင်ဖို့အတွက်ကို အချိန်မဆွဲဘဲနဲ့ အကောင်အထည်ဖော်ပေးဖို့အတွက် တိုက်တွန်းရင်းနဲ့ ဒီအဆိုအပေါ်မှာ အတည်ပြု ပေးဖို့ ဆွေးနွေးအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်အေးမြမြမျိုး၊ ကျောက်တန်း မဲဆန္ဒနယ်က တင်သွင်းသွားတဲ့အဆိုကို ကိုယ်စားလှယ် ၁၃ ဦးကဆွေးနွေးခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနက အဆိုအား အတည်ပြုသင့်ကြောင်း ရှင်းလင်းခဲ့ ပါတယ်။ အဆိုရှင်ကလည်း အတည်ပြုပေးရန် ရှင်းလင်းပြောကြားသွားပါတယ်။ ဒါကြောင့် ဒီအဆိုနဲ့ စပ်လျဉ်းပြီး အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် ဒေါ်အေးမြမြမျိုး တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၇)ကြိမ်မြောက်ပုံမှန်စည်းအဝေး စတုတ္ထနေ့ကို ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၁ ရက်(အင်္ဂါနေ့)နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အတွက် အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၃:၃၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။


**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ကို ၁၃:၃၅ နာရီအချိန်တွင် ရပ်နားပါသည်။]

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇) ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ (၁၅.၇.၂၀၂၀) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ



U Varat Sinn U Sein Bo



Dr Maung Thin U Kyaw Tin



Maj Genl Myint Nwe U Sai Maung Pwint



Maj Genl Myint Nwe U Kyaw Aung Lwin



Dr Ye Myint Swe Dr Aung Naing



Dr Ye Myint Swe U Nay Soe Aung

-

pyithu.hluttaw.mm



**Dr Ye Myint Swe**



**U Nay Htet Win**

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်